


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကျော်ပြည်သန်း

# တစ်ကွက်များသောကျား

(ဒုတိယအကြိမ်)

ရွှေပုပ္ပါးစာပေ

ဦးဌေးညွန့်
ကြည်လင်မောင်နှင့် ရွှေပုပ္ပါးစာပေ
အခန်း(၄၆/၄၇)၊ သိမ်ကြီးဈေးစာအုပ်ဆိုင်တန်း၊ စီရုံအဆောင် ၄ ပထမထပ်
ဖုန်း - ၀၉၉၉၂၆၆၇၈၊ ၀၁ - ၃၇၁၈၀၀ Ext ၃၆၃၊ ၃၆၀၊ ၃၆၂
အိမ်ဖုန်း - ၀၉၅၁၈၄၅၄၆၊ ၀၉၅၀၇၀၂၀၇



(၁)

နှင်းမြူများကျခါစ . . . . .

မော်တော်ကားလမ်းနှင့် မီးရထားလမ်းမှာ ဝေးကွာသော်လည်း မည်သည့်ယာဉ်နှင့်ပင် လာပါစေ၊ မြို့ကိုမြင်ရပြီ ဆိုသည်နှင့် အရှေ့ဘက်ဆီမှာ ရွှေတောင်တစ်ခုလို မို့၍ မြင့်တက်လာနေသော ရွှေမောဓောစေတီတော်ကြီးကိုဖူး တွေ့မြင်ရလေသည်။

မော်တော်ကားလမ်းအတိုင်း လာလျှင်တော့ မြို့အဝင်မှာ ရပ်ကွက်ပေါင်းများစွာနှင့် တွဲနေသော ကားလမ်း ဘေးမှ ရွာတန်းရှည်များမှာ ကွက်သစ်များ အဖြစ်သို့ ပြောင်းလဲနေပေပြီ။

ပဲခူးမြို့။

www.burmeseclassic.com

www.burmeseclassic.com



မြို့အဝင်ကျောက်တိုင်ကန်ရပ်။

ကျိုက်ပွန်ဘုရားကြီးကို ကားလမ်းနှင့်မနီးမဝေးမှာ ဖူးတွေ့ရသည်။ အတွင်းဘက်မှာတော့ မဟာစေတီကြီး ရှိလေသည်။

ကွက်သစ်နှင့် တစ်ပါတည်း ကားလမ်းပေါ်မှာ တည်ထားသော လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များ၊ ကားဂိတ်စသည် . . . . . .

ရှာဖွေရေးဂိတ်များနှင့် မလှမ်းမကမ်းမှာ လုံခြုံရေး ကင်းများ . . . .

အပြင်ဘက်အစွန်ဆုံးနေရာမှာ သစ်တောဂိတ်။

သစ်တောဂိတ်က တခြားဂိတ်တွေနှင့် ခပ်လှမ်း လှမ်းမှာ နေရာယူရ၏။ အကြောင်းမူ သစ်သယ်ယူလာ သော ကားကြီးများကို ရပ်တန့်ရှာဖွေစစ်ဆေးရာ၌ လမ်းပိတ်ကျပ်ဆို့မနေစေရန် နေရာကျယ်ဝန်းထားရ လေသည်။

ညနေစောင်းသည်နှင့် မြူနှင်းဝေစပြုလာသည်။

နှင်းငွေ့ရိပ်သန်းလာသည်နှင့်အတူ ညဥ့်ဦးပိုင်းသို့ ဝင်ရောက်တော့မည်မို့လည်း နေရောင်ကွယ်စမှာ

BURMESE CLASSIC .com



အမှောင်က ကြီးစိုးရန် ဟန်ပြင်စပြုလေပြီ။

ရန်ကုန်ပဲခူးကားလမ်းမကြီးပေါ်မှာ မော်တော် ကားများ ပြတ်လှသည်ဟုမရှိဘဲ ဝေါခနဲဝေါခနဲ မကြာ ခဏ ဖြတ်သွားနေ၏။

သို့သော် ညနေခင်းနေရီရီမှာတော့ကားများ အသွားအလာ ကြဲသလိုဖြစ်လာလေသည်။

မောင်ရှမ်းက ဆေးပေါ့လိပ်ကို မီးညှိကာစ ရွာ၏လမ်းဘေးဝဲယာသို့ ကြည့်လိုက်သည်။ သူသည် သစ်တောဂိတ်မှ တာဝန်ကျနေသည်။ လုံခြုံရေးအကြပ် တစ်ယောက်ဖြစ်၏။

မောင်ရှမ်း၏ ရုပ်ရည်မှာ. . . . .

ရှမ်း ဟူသော အမည်နှင့်လိုက်ဖက်စွာပင် သူ့အသား က တကယ့်ရှမ်းအမျိုးသားတစ်ယောက်လို ဖြူဆွတ်လေ သည်။

မောင်ရှမ်း၏ ပညာအရည်အချင်းကတော့ ရှစ်တန်းပဲ အောင်၏။ ကိုးတန်းမှာ နှစ်ခါကျကာ ကျောင်း ထွက်ပြီး သစ်တော အမှုထမ်းဖြစ်လာသည်။

သစ်တောမှာ မကျွေးသားအုန်းမြင့်နှင့် မောင်ရှမ်း

www.burmeseclassic.com

www.burmeseclassic.com



တို့ ပဲခူးမှာ ကျောင်းနေဖက်ဖြစ်ခဲ့ကြသည်။ မောင်ရှမ်းက ပဲခူးသား။ အုန်းမြင့်က ဖခင်၏အလုပ်ဖြင့်ပဲခူးသို့ လာနေရကာ ကျောင်းနေခြင်းဖြစ်သည်။

ဖခင်ပင်စင်ယူတော့ မကွေးပြန်သွားသည်။

အုန်းမြင့် ဖခင်က သစ်တောဝန်ထမ်းဖြစ်၍ သားနှင့်အတူ မောင်ရှမ်းကိုပါ အလုပ်သွင်းပေးကာ ဇာတိ ပဲခူးသို့ပို့၍ သစ်တောလုံခြုံရေးဝန်ထမ်းကြပ်ကလေးဖြစ်လာသည်။

မောင်ရှမ်း၏ အသက်က နှစ်ဆယ့်ငါးနှစ်သာ။

ဇနီး မငြိမ်းနှင့် သားတစ်ယောက် သမီးတစ်ယောက်မွေးသည်။ လစာနှင့်အောက်ဆိုက်ကလေးများကြောင့် စားပတ်နေရေးသိပ်မကျပ်ပါသည်။

ကားဂိတ်ဆိုတော့ ထုံးစံအတိုင်းဟိုမှသည်မှ အပိုဝင်ငွေကလေးရသလို ဆေးလိပ် လက်ဖက်ဒကာကလည်း အပေါသားမို့ မောင်ရှမ်းမှာ တစ်မော့စ အရက်ကြိုက်တတ်လာသည်။

ထို့ကြောင့် ညနေအလုပ်သိမ်းပြီဆိုလျှင် အိမ်သို့တန်းတန်းမတ်မတ်မပြန်ဘဲ အရက်ဆိုင်သို့ဝင်ရ၏။ တွေ့နေကြ ဆုံနေကြအဖွဲ့သားတွေနှင့် ဆုံကာသောက်



ကြစားကြသည်။

"ဟဲဟဲ . . . ဆရာရှမ်း ဒီနေ့ မမှန်သေးဘူးလားဗျ"

သစ်တောဂိတ်၏ရှေ့မှဖြတ်လာသော အသံကြောင့် မောင်ရှမ်းက လှမ်းကြည့်လိုက်၏။

" ဟော့ . . . ဖိုးပိန် ခဏလာဦး "

လမ်းပေါ်မှ လှမ်းပြောသူမှာ ဖိုးပိန်ဆိုသူ . . .။

အမည်နှင့်လိုက်ဖက်အောင်ပင် ပိန်ကပ်လှသည်။

ဖိုးပိန်က ဈေးကျရာမှာ ပျော်တတ်သည့်ကြက်။

မိဘလည်းမရှိ အခြေအနေမဲ့ဖြစ်၏။

ပဲခူးသားဖြစ်သော်လည်း ဘယ်ကဘယ်လို ရောက်လာသည်ဟု မပြောနိုင်ဘဲ မြို့ထဲမှာနေလိုက်ရာက ကျောက်တိုင်ကန်ရပ်ကွက်ကြီးပေါ်ပေါက်လာသည်နှင့် သူပါရောက်လာကာ အစိုးရအရက်ဆိုင်မှာ [illegible] အရက်ကျွန် ခွက်ကောက်၊ ခွက်ကပ်သောက်ဘဝသို့ ရောက်နေရလေသည်။

ဖိုးပိန်ကို အရက်သမားအားလုံးက နိုင်သည်။

သူကလည်း အားလုံးခိုင်းသမျှ လုပ်ပေးသည်။

ဘုံဆိုင်မှာ အိပ်ပြီး ခွက်ကပ်သောက်တာ ကြာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မှာစားသည့် ဖိုးပိန်က သူ့ဟာသူပျော်နေ၏။ သို့သော် တစ်ခါတစ်ရံ အသုံးပြုတ်လျှင် ဈေးထဲမှာ လစ်လျှင်လစ် သလို ဆွဲတတ်သုတ်တတ်သေး၏။

အကျင့်စာရိတ္တကောင်းလှသည့်ဟုမဆိုသာချေ။

တစ်ခါတစ်ရံလည်းကူညီတတ်သဖြင့် သူ့အား ကွက်သစ်တစ်ခုလုံးက ဘေးမဲ့ထားကြသည်။ ခိုင်းစရာ ရှိလျှင် ခေါ်ခိုင်း၏၊ အရက်ဖိုးပေးသည်။ ဈေးတောင်းထမ်း ဆန်ထမ်းလည်းကြုံလျှင်လုပ်သည်။

စွဲမြဲသည်ကတော့ အရက်ဆိုင်မှာပင်။

"ဆရာရှမ်း ဘာခိုင်းမလို့လဲဗျာ"

ဖိုးပိန်က အနားသို့ရောက်လာ၏။

သူ၏ ပိန်လှီလှသော ကိုယ်လုံးကိုယ်ထည်၊ ပြားချပ်သော မျက်နှာသေးသေးလေးဖြင့် မျက်လုံးလေး ပေးတလပ် လုပ်ကြည့်နေ၏။ အရက်၏ဒဏ်ကြောင့် လည်း အသားမှာ ခမ်းခြောက်ကာဆံပင်နီကြောင်ပွရောင်း ပြီး မျက်ထောက်တွေ နီရဲနေလေသည်။

"ရော့ကွာ. . . . . ဟောဒီ ငါးတွဲငါ့အိမ်သွားပေး စမ်း၊ မငြိမ်းကို ပြော၊ ငါးကို ကြော်ထားလို့၊ ခုပဲ သစ်ကား ဝင်လာတယ်"



"ဟုတ်ကဲ့"

ဖိုးပိန်က ငါးတွဲကို လက်ပြောင်းလွဲလိုက်၏။

"ဆရာ. . . တစ်ပက်လောက်သောက်ချင်တယ် ဗျာ"

"နေဦးကွာ၊ ညသမားလာရင် ငါ ဂျူတီထွက် တော့မှာ၊ ဆိုင်မှာဆုံတော့မှ ငါ တိုက်ပါ့မယ်၊ မင်းကလဲ ခွီး"

ဖိုးပိန်က ရယ်ကျဲကျဲလုပ်၍ ငါးတွဲကိုင်ကာ ကွက်သစ်ထဲသို့ ဝင်သွားတော့သည်။

ကားလမ်းဘေးမှ ကွက်သစ်ဖြစ်၍ ကျူးကျော် အိမ်ရာတဲ အဖီများဖြင့် ဝင်လမ်းဖြတ်လမ်းတွေ ရှုပ်နေ၏။ ကားဝင်ဖို့မဆိုထားနှင့် ဆိုက်ကားပင် မဝင်နိုင်။ မီးဘေး ကြောက်ရသည့် ရပ်ကွက်။

ရပ်ကွက်ထဲမှ ထွက်ရောင်းသော ထမင်းဆိုင်တွေ လက်ဖက်ရည်ဆိုင်တွေကလည်း သိပ်မကောင်းလှ၊ ကျဘမ်းအလုပ်သမားတွေ သောက်ကြသည်။ မြို့ထဲနှင့် လှမ်း၍လည်း အရောင်းပါးကာ လူကျဲနေတတ်လေသည်။

ဖိုးပိန်က ငါးတွဲကလေးကိုဆွဲ၍ မောင်ရှမ်း၏

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ မငြိမ်းအိမ်ထဲသို့ ဝင်ခဲ့လေသည်။ မောင်ရှမ်း၏ အိမ်ကလေးမှာ ကျူးကျော်ရပ်ကွက် တစ်ကွက်မှာ ဆောက်ထားသော ထရံကာ ဓနိမိုးအိမ်ငယ်လေးဖြစ် သည်။ မငြိမ်းက ဆင်းရဲပေမယ့် သပ်ရပ်စွာ နေတတ် သဖြင့် အိမ်ကလေးမှာ သန့်ရှင်းနေလေသည်။

အိမ်သုံးပစ္စည်းနှင့် အိုးခွက်ပန်းကန်တို့မှာမူ ပြောင်ရင်ကာ သန့်ပြန့်နေလေသည်။ မငြိမ်းက လူမလှ သော်လည်း ရှုလှပပ သန့်သန့်ပြန့်ပြန့်နေမှ ကြိုက်၏။

မငြိမ်းကား အသက်သုံးဆယ်ကျော်မျှသာရှိသေး ၏။ အုန်းနဲ့ရွာသူဖြစ်သည်။ သစ်ကိစ္စသွားလာရာက မောင်ရှမ်းနှင့်တွေ့ပြီး ပါလာခဲ့ခြင်းဖြစ်၏။ မိဘတွေက လယ်သမား ယာသမားတွေ။

မငြိမ်းမှာ ခြိုးခြံချွေတာ သုံးစွဲတတ်သူဖြစ်၏။

စည်းကမ်းရှိသည်။ အိမ်ထောင်ကို ထိန်းသိမ်းနိုင် စွမ်းရှိသော မိန်းမကောင်း တစ်ယောက်ဖြစ်၏။ ယင်းအပေါ် ရှိသေမြတ်နိုးသလောက် မယား၏ ဝတ္တရား ငါးပါးကိုလည်း ကျေပွန်လေသည်။

သားနှင့်သမီးကို ပညာဖြောင့်ဖြောင့် သင်ပေး

BURMESE CLASSIC .com



သည်။

သားကြီးက ငါးတန်း၊ သမီးငယ်က သုံးတန်းမှာ ကလေးနှစ်ယောက်စလုံးကြိုးစားကြသည်။ တစ်နှစ်တစ် တန်းမှန်မှန်အောင်ပြီး စားလည်းတော်ကြကာ အတန်းထဲ မှာ ဒုတိယနေရာချိတ်ကြ၏။

မငြိမ်းမှာ သူ့အတွက်မူ ထမင်းတစ်လုပ်ကို လင် လုပ်စာနှင့် ဝရုံသာရှိသဖြင့် တစ်ဖက်တစ်လှမ်း ဝင်ငွေရ အောင် ကျောက်တိုင်ကန်ကားဂိတ်မှ မုန့်ဟင်းခါးဆိုင်သို့ အကြော် ကြော်ပို့ရသည်။

မုန့်ဟင်းခါးဆိုင် သုံးဆိုင်က မငြိမ်း၏ အကြော် ကို ဒိုင်ခံယူသည်။ ဘူးသီးကြော်၊ ဘရာကြော်၊ မန္တလေးပဲ ကြော် စသည်ဖြင့် တစ်နေ့လျှင် တစ်ဆိုင်အကြော်ငါးဆယ် ဖြင့် နေ့စဉ်နံနက်တိုင်းမှာ အကြော်သုံးရာခန့် ပို့ရသည့်ဝင် ငွေမှာ မဆိုးလှ။

ကျန်သည့် နေ့လယ်ချိန်ကိုလည်း အနားမပေး။

မငြိမ်း၏ နေ့မူတာဝ အလုပ်မှာ. . . . . . . .

နံနက်သုံးနာရီထပြီး ဆီအိုးကြီးတည်သည်။

ညကတည်းက ယူထားသောဆန်မှုန့်ကို ဆေး

www.burmeseclassic.com

www.burmeseclassic.com



ဒါရော ဆားပြား သင့်စေပြီး အစာနှင့်အသင့်ဖြင့်ကာ ဆိ အိုးကျုက်သည်နှင့် စတင်ကြော်တော့၏။

နံနက်ငါးနာရီမှာ အကြော်စုံရလေပြီ။

ဆိုင်များသို့ သားကြီးနှင့် အတူသွားပို့၏။

နေ့လည်မှာ တစ်ခါထပ်၍ကြော်ပြီး၊ ယင်း အကြော်မှာ ငှက်ပျော်ကြော်နှင့် မုန့်လုံးကြီးတို့များသည်။

ထိုအကြော် အချို့ကိုမူ ညနေ ကျောင်းဆင်း လာပြီးချိန်၌သာ သားကြီးကထွက်၍ ကားဂိတ်မှာ ဗန်းက လေးဖြင့် ထိုင်ရောင်းပေးရ၏။

သမီးငယ်က အိမ်စောင့်ရသည်။

သမီးငယ်လည်း ထမင်းအိုးတော့ ချက်တတ် အောင် သင်ပေးထားကာ မိခင်အား ဓာတ်ဖက်တစ်လမ်း ကူလေသည်။

မောင်ရှမ်း၏အလုပ်ကတော့. . . . . .

နံနက် အိပ်ရာထပြီးသည်နှင့် ရေမိုးချိုးကာ ယူနီ ဖောင်း လဲလှည်ပြီးလျှင် ထမင်းကြော်စား၍ အိမ်မှထွက် သည်။

ကားဂိတ် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်



သောက်ပြီးမှ သစ်တောရုံးသို့သွားသည်။

ရုံးမှာတာဝန်ကိစ္စများလုပ်ကိုင်ခဲ့ဝေပြီးသည်နှင့် သူကြီးကြပ်ရသည့် ဂိတ်ရုံးသို့လာ၏။

ဂိတ်ရုံးမှ သစ်တော လုံခြုံရေးနှင့် ရှာဖွေရေးဝန် ထမ်း သုံးဦးရှိရာ မောင်ရှမ်းက တာဝန်ကြပ်ဖြစ်သည်။ သူ့စကားကိုပင် နားထောင်လုပ်ကိုင်ကြရလေသည်။

ကုန်ကားဖြင့် တင်လာသော သစ်များကို မျောစာ၊ ပါမစ်ခွင့်ပြုမိန့် သယ်ဆောင်ခွင့်ပါမပါ စစ်ဆေးရသလို. .

သစ်တောထွက်ပစ္စည်းဖြစ်သည့် ထင်း၊ မီးသွေး စသည်တို့ကိုလည်း စစ်ဆေးရလေသည်။ တစ်နည်းတော့ ရှာဖွေရေး ခေတ်မှ ရှာဖွေရေးပုံစံပါလေ။

နေ့စဉ် ဟိုမှသည်မှ မကင်းရာမကင်းကြောင်းနှင့် ပေးသွားသည့် အပိုဝင်ငွေမှာ အိမ်သို့ပါတာတစ်ဝက်၊ အရက်ဆိုင်မှာ တစ်ဝက်ဖြစ်လေသည်။

ညနေ ငါးနာရီကျော်ပြီဆိုလျှင် ဂိတ်တာဝန်ပြီးဆုံး ၍ ညတာဝန်သမားသို့လွှဲပြီး ပြန်ရသည်။

မောင်ရှမ်း အိမ်သို့ တန်းတန်းမဟ်မတ် ဘယ် တုန်းကမှ ပြန်လေ့မရှိ။ အရက်ဆိုင်မှ တစ်ဆင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ တစ်ခါတစ်ရံ အိမ်သို့ဝယ်သွားပြီး အိမ်မှာ သောက်၏။

ဖိုးပိန်လည်း မောင်ရှမ်းခိုင်းသမျှအရက်ဝယ်ပေးခြင်း၊ တိုလီမိုလီလုပ်ရခြင်းဖြင့် အိမ်သို့ ဝင်ထွက်နေရင်းပင် မငြိမ်းနှင့်ပင် ခင်မင်ရင်းနှီးနေသည်။

ဖိုးပိန်ဝင်လာသည်ကို ဘူးသီးလှီးနေသော မငြိမ်းက မြင်လိုက်ပြီး လက်ထဲမှ ငါးတွဲတွေ့သဖြင့်. . . . . .

"ဖိုးပိန် ဘယ်ငါးတွေလည်း"

"အစ်ကိုပေးလိုက်တာ၊ သူ့မိတ်ဆွေကားက ပေးသွားတာတဲ့၊ မပုတ်ခင် ပို့ခိုင်းလိုက်လို့"

မငြိမ်းက ငါးတွဲကိုလှမ်းယူကာ ငါးများကိုကြည့်လိုက်၏။ ငါးခူးကြီးများ ဖြစ်နေ၏။ ငါးဆယ်သားခန့်ရှိမည်။ အိမ်အတွက် ဟင်းစားတစ်ရက်စာမက နှစ်ရက်စာဖူလုံ၍ ဝမ်းသာသွားသည်။

"ဒီဘက်အထုတ်က ဘာလဲ ဖိုးပိန်"

ဖိုးပိန်၏လက်တစ်ဖက်မှာ စက္ကူဖြင့်ထုတ်ထားသော အထုတ်တစ်ထုပ်တွေ့၍ မငြိမ်းကမေးခြင်းဖြစ်၏။

"ဟို. . . ဟို. . . ငါး အာပြဲခြောက်ပါ"



"မှန်းစမ်း" ဟုဆိုကာ မငြိမ်းက လှမ်းယူရာ ဖိုးပိန်က မပေးချင်သလို တွန့်နေ၏။

မငြိမ်းက လှမ်းဆွဲယူပြီးအထုတ်ကိုဖြေ၍ကြည့်ရာ၊ လေးငါးခြောက်ဆယ်သားခန့်မှန်းရ၏။

"ဘယ်သူ့ အာပြဲခြောက်လဲ"

"ဟို. . . ဟို. . ."

ဖိုးပိန်က ထစ်ငေါ့နေသည်။

မငြိမ်း သိလိုက်၏။ ဖိုးပိန်တစ်နေရာရာက အလစ်သုတ်လာခြင်းဖြစ်မည်။

ဖိုးပိန်မှာ လစ်ရင်လစ်သလို ဆွဲတတ်သည့်အကျင့်ရှိသည်။

ပြတ်လပ်သည့်အခါမျိုးမှာ လစ်လျှင် လစ်သလို သုတ်တတ်သည်။ ရုံးရောက်၊ ရဲစခန်းရောက် မည့် ပိုက်ဆံ၊ ရွှေ၊ ငွေ ဘာညာစသည့် အဖိုးတန်ပစ္စည်း မျိုးတော့ မလုပ်တတ်။

ခါးပိုက်လည်း မနှိုက်တတ်။

တစ်ဖက်သား အလစ်မှာ ဆတ်ခနဲ သုတ်တတ်ခြင်းမျှသာဖြစ်ရာ၊ ဈေးထဲမှာ ဈေးဆွဲခြင်းထဲက ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



သွတ်တာမျိုး လုပ်လေ့ရှိသည်။

ကြက်သားတစ်ခြမ်း၊ ငှက်ပျော်ဖီး၊ ဖယောင်းတိုင် ထုပ်စသည်တို့ဖြစ်၏။ ထိုပစ္စည်းတို့ကို မတန်တဆဈေး အနည်းငယ်မျှဖြင့် အရက်ပုန်းဆိုင်မှာ အရက်နှင့်လဲ သောက်တတ်သည်။

တစ်ခါတရံ အပြင်မှာ လှန်းထားသော ပုဆိုး၊ အင်္ကျီစသည်တို့ကိုမူ လုံးဝမသုတ်ချေ။ အဲ့ဒါတွေက သည်နားက သုတ်လာ၍ သည်နားမှာပြန်ရောင်းလျှင် ပေါ်မှာစိုးရသည်။

အမှန်တော့ ဖိုးပိန်သည် အလစ်သမား သူခိုးစင် စစ်မမည်။ ပြတ်လျှင်လစ်လျှင် လုပ်တတ်သည့် အကျင့် ဆိုးရှိသူ၊ အရက်မသောက်ရ မနေနိုင်သည့် အရက်ကျေး ကျွန်သာပါ။

မိုးလင်း၍ အစိုးရ၏အရက်ဆိုင်ကြီးဖွင့်သည်နှင့် ဆိုင်ထဲသို့ ဖိုးပိန်ရောက်လာသည်။

အရက်သောက်ဖို့ သူ့မှာ တစ်ပြားမှမရှိ။

ဒါပေသိ သောက်ရသည်။

သူ သောက်ရပုံကား . . . .



ဦးစွာပထမ ဆိုင်ထဲသို့ရောက်သည်တွင် ညတုန်း ကဆိုင်ကြီးမပိတ်မီ သောက်ပြီး ဟိုနေရာ သည်နေရာ ဖြန့်ကြဲထားခဲ့ကြသော ဖန်ခွက် (ပုလင်းဖင်ပြတ်များ)ကို လိုက်လံကောက်ယူ၍ ခွက်တစ်ခွက်ထဲသို့ လက်ကျန်ဖင် ကပ်များ လောင်းထည့်၏။

များများကျန်တာ၊ နည်းနည်းကျန်တာတွေ၊ တချို့အရည်သက်သက်၊ တချို့ရေရောပြီးသား စုံသော ထွေလာတွေကို လောင်းထည့်၍ မော့ချလိုက်သည်။

ရင်ထဲသို့ အရက်တစ်ကျိုက်လောက် ဝင်သွားပြီ ဆိုတော့မှ နေရထိုင်ရသွက်သွက်လက်လက်ဖြစ်လာ၏။

နောက်တော့ ဆိုင်ဝန်ထမ်းက အတွင်းတံခါးဖွင့် ပေးသဖြင့် တံမြက်စည်းယူပြီး ဆိုင်တွင်းသန့်ရှင်းရေး လုပ်သည်။ ပုလင်းလွတ်တွေ စီပေးသည်။ ပုလင်းကက် တွေ ရွှေ့ထပ်ပေးသည်။

ဝန်ထမ်းတွေဝယ်ခိုင်းသည့် လက်ဖက်ရည် မုန့်များ ထွက်ဝယ်ပေးသည်။

ပြီးတော့ ဆိုင်နှင့်မလှမ်းမကမ်းမှာနေပြီး တမျှော် မျှော်လုပ်နေရာ၊ ဝိုင်းသမားတွေက တစ်ကျပ်ပေး နှစ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးဖြင့် သူဟာသူ ဝယ်သောက်ပြန်သည်။

တစ်ခါတလေလည်း ဝိုင်းသမား အသိအကျွမ်းတို့က ငှဲ့ပေးသဖြင့် တစ်ခွက်နှစ်ခွက်မော့ရသေး။

နောက်တော့ ငွေစကလေး ပိုလာလျှင် ဈေးထဲသို့ဝင်၍ မုန့်ဟင်းခါးစသည်၊ အသုတ်စသည် စား၏။ နံနက်ထမင်း၊ ညထမင်းရယ်လို့တော့ မည်မည်ရရ မစားချေ။

အရက်ကိုသာ စွဲသောက်ကာ၊ အမြည်းဟိုဟာသည်ဟာ စား၍ပြီးသည်။ တစ်နေ့လုံးသောက်ရမှန်းမသိနေ၏။ ညမိုးချုပ်တော့မှ ဈေးထဲက ဆိုင်လွှတ် တစ်ခုခုပေါ်တက်အိပ်ရ၏။

စောင်၊ ခြင်ထောင်၊ ခေါင်းအုံး မရှိ။

အဝတ်အစားဆိုတာကလည်း ဟိုလူသည်လူပေး၍ ဝတ်ထားတာ။ လျှော်ဖွပ်ခြင်းမပြုဘဲ စ၍ဝတ်သည်မှ စုတ်ပြဲရိကျသည်အထိ ဝတ်ထားသည်။

ဆောင်းတွင်းမှာလည်း သူများပေးသော အနွေးထည်အစုတ်ကို ဝတ်သည်။ ဆောင်းကုန်တော့ ဘယ်ရောက်သွားသည်မသိ။ ပလတ်စတစ် ဖိနပ်စုတ်နှင့်လျှောက်သွားနေပြီး ဖိနပ်မှာ တစ်ခါတစ်ရံ ကျွဲတစ်ဖက်



နွားတစ်ဖက်။

ဖိုးပိန်ကားလက်ဖြန့် ခွက်ခံပြီး တောင်းရမ်းမစားတာ တစ်မည်ပဲကျန်တော့သည်။ သူ၏ဘဝအဆင့်မှာ အနိမ့်ကျဆုံးဟု ဆိုရမည်ပါ။

လောကမှာ အရက်ကို မတ်မက်မင်မင် စွဲသွားပြီးသည့်သူများ ဖြစ်လေ့ဖြစ်ထရှိတတ်သော စရိုက်များပါ။

အရက်စွဲသူတို့နှင့် ပတ်သက်၍ ဤနေရာတွင် အလျဉ်းသင့်သဖြင့် အနည်းငယ် ဖောက်သည်ချလိုပါသည်။

အရက်။

သူကား စွဲမိလျှင် ဖြတ်ရခက်သည်။

သာမာန်အဆင့် ရှိသူမျိုးကို မဆိုထားဘိ၊ ဒိတ်ဒိတ်ကြဲဒင်ဆိုသည့် ပုဂ္ဂိုလ်တချို့ပင် အရက်၏ ကျေးကျွန်ဖြစ်ပြီဆိုပါက သွားပြီသာမှတ်ပေရော့။

တစ်ခါက မိတ်ဆွေတစ်ဦးရှိခဲ့ဖူး၏။

ပထမ ရုံးမသွားမီ အရက်ဆိုင်ဝင်သည်။

ရုံးကအပြန် အရက်ဆိုင်ဝင်သည်။

နောက်တော့ ရုံးသွားရက် ပျက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်း အရက်ဆိုင် ဝင်သောက်ပြီးသည်နှင့် ရုံးသို့မသွားချင်တော့ဘဲ တယ်လီဖုန်းလှမ်းဆက်သည်။

ဟိုအကြောင်းပြ သည်အကြောင်းပြဖြင့် ရုံးနောက်ကျ၏။ ရုံးရောက်ပြန်တော့လည်း အရက်နံ့က တထောင်းထောင်းနှင့်။

အလုပ်တော်သူ၊ ကျွမ်းကျင်သူမို့လည်း သူ့အထက် အရာရှိကြီးများက ခွင့်လွှတ်ထားရသည်။

ကြာတော့ အရက်ဖိုး သီးသန့်ရှာရ၏။

ဘယ်လိုရှာရမည်နည်း။

လွယ်ပါသည်။

အလုပ်ကိစ္စတွေအတွက် စာရင်းတွေကို အကြံအဖန်လုပ်၍ လိမ်တင်သည်။ တစ်ဖက်က လာဘ်စား၍ မရသော ဌာနဖြစ်လေရာ၊ စာရင်းလိမ်ဖြင့် ငွေပိုထုတ်ယူခြင်း၊ သူ့အထက်အရာရှိကြီး၏ လက်မှတ်ကို အတုထိုး၍ ပါမစ်ထုတ်ရောင်းခြင်းစသည့်ဖြင့် အရက်ဖိုးရှာရတော့သည်။

နှစ်ဝက် တစ်ဝက်လောက်တော့ မပူမပင် ဝင်ငွေမှန်နေ၏။ လုပ်တာက ပိပိရိရိမို့ ဘယ်သူမှမရိပ်မိကြ။



သို့သော် . . . .

ဘဏ္ဍာရေးနှစ်အကုန်မှာ ရုံးစာရင်းစစ်အဖွဲ့ဝင်လာသည်။ စာရင်းတွေကို စစ်ဆေးသည်။

ပေါ်ပါပြီ။

သူလိမ်ထားသည့် စာရင်းလိမ်တွေပေါ်သည်။

အရာရှိကြီး၏လက်မှတ်ဟုလည်းပေါ်သည်။

သူ့ကို အလွဲသုံးစားမှု၊ လိမ်လည်မှု တရားစွဲလို၏။

သို့သော် . . .

လုပ်သက်ကနှစ်ဆယ်ကျော်ပြီဖြစ်၍ ငဲ့ညာကာ အမှုမလုပ်ဘဲ အလုပ်မှထုတ်ပယ်လိုက်လေတော့သည်။

အငြိမ်းစား လစာလည်း မရ။

လုပ်သက်ဆုံကြေးလည်း မရ။

ရုံးထဲမှ ကျောကော့ပြီးထွက်ခဲ့ရ၏။

အမှုမဖြစ်၊ ထောင်မကျတာပဲ တော်ပါသေးရဲ့ဟု သဘောထားရ၏။

ဝင်ငွေလုံးဝ မရှိတော့ပြီ။

ဒါပေသိ အရက်ကိုတော့ မသောက်ဘဲ မနေနိုင်ပါ။

သည်တော့ ဘာလုပ်ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့်နာရီလက်စွပ်ရောင်းချ၍သောက်ရ၏။

အိမ်မှာလည်း အကောင်းစား ပစ္စည်းမှန်သမျှ ကုန်လှပြီ။

သားမယားကလည်း မကြည်ဖြူတော့။

သားပျိုသမီးပျိုတွေကလည်း ရှက်လှပြီ။

အပေါင်းအသင်းဟောင်းတွေ။ ဝန်ထမ်းတွေကလည်းသူနှင့်တွေ့လျှင် ပိုက်ဆံတောင်းမှာစိုး၍ ရှောင်ကြသည်။ ဟားတိုက် နှင့်ထုတ်ကြ၏။

နောက်ဆုံးတော့ အရက်ဆုပ်ကိုအိမ်လုပ်ကာ နေလေတော့၏။ အိမ်သို့မပြန်တော့ပေ။

အရပ်ထဲမှာလည်း မျက်နှာမပြရဲတော့ပါ။

အရက်ဆိုင်မှာ ဆိုင်ကျွန်ဘုံကျွန်အရက်ကျွန်ဖြစ်၍ ကြမ်းပေါ် သမံတလင်းမှာအိပ်၍ အရက်သူတောင်းစား ဘဝဖြင့်ပင် နောက်ဆုံးမှာ အအေးမိကာ သေဆုံးသွားရတော့၏။

သည်တော့မှာ နာရေးကြော်ငြာကို ကြည့်၍သူ၏ဘဝဟောင်းက အဆင့်ကို သိကြရတော့သည်။

ဘာတတ်နိုင်မည်နည်း။

ထို့ကြောင့် အရက်သည် မကောင်း။



မောင်ရှမ်း ညာတာဝန်လွှဲပေးပြီးပြီ။

အရက်ဆိုင်ဆီသို့ ဖြည်းလေးစွာ လှမ်းလာခဲ့၏။

နေဝင်၍ မှောင်စပြုချိန် . . .

ညီအစ်ကို မသိတသိအချိန် ဆိုပါတော့။

ကာဂိတ်မှ လက်ဖက်ရည်ဆိုင်ရှေ့ ခပ်လှမ်းလှမ်း ရှိကုက္ကိုပင်ကြီး အောက်တွင်နို့နှစ်ရောင် ချက်ပလက် ဘဲလ်အဲယားဆလွန်းကားကြီးတစ်စီး ငြိမ်ခနဲရပ်လိုက်သည်။

ကားကြီးမှာ ကြီးမားခံ့ညား ထည်ဝါကာ ပါလာသူက နှစ်ယောက်တည်း။

ဦးဘမောင်နှင့် ဇနီးဒေါ်တင်တင်။

ကားကို သစ်ပင်အောက်တွင် ရပ်ထားခဲ့ကာ၊ လက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်လာသည်။ ညစားစားပြီးခဲ့ကြပုံ မရသေး။ ပဲခူးကျောက်တိုင်ကန်မှ နာမည်ကြီးသည့် နွားနို့ကို သောက်ရန်မှာကြသည်။

ညစာမစားကြသေးဟု ယူဆရသည်မှာ သူတို့ကားပေါ်တွင် ပါလာသော ထမင်းချိုင့်ကြောင့်ဖြစ်၏။

ငါးဆင့်ကြွေရည်သုတ် ထမင်းချိုင့်ကြီး။

ကြွေရည်သုတ်ငါးဆင့်ချိုင့်ကြီးမှာ အကောင်းစား

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကြီးချိုင့်။

ထိုချိုင့်ကြီးကို ဆလွန်းကားကြီး၏ နောက်ဘက်ခုံပေါ်မှာတင်ထားသည်။ ကားမှန်တွေမပိတ်ခဲ့။

သူတို့လင်မယားမှာ ဦးဘမောင်က ငါးဆယ်ကျော်၊ ဒေါ်တင်တင်က လေးဆယ်ကျော်၊ အင်းစိန်ဈေးမှာ ဈေးဆိုင်ထွက်၍ ပိန္နဲကုန်းထဲကအိမ်မှာ ရွှေပန်းထိမ်လုပ်ငန်းရုံရှိသည်။

ရွှေပေါင်ခံသည့်အလုပ်လည်း လုပ်လေရာ ငွေကြေးချမ်းသာလေသည်။

သားနှစ်ယောက် သမီးတစ်ယောက်ရှိ၏။

သားတစ်ယောက်က နိုင်ငံခြားမှာ။

ကျန်သားတစ်ယောက်က တက္ကသိုလ်မှာ။

သမီးကတော့ မန္တလေးက ရွှေဆိုင်ရှင် မိတ်ဆွေတစ်ဦး၏သားနှင့်နေရာချထားပေးကာ၊ မန္တလေးဈေးချိုထဲတွင် ရွှေဆိုင်ဖွင့်ရောင်း၏။

မိဘမျိုးရိုးလုပ်ငန်းပင်။

အခု ဦးဘမောင်နှင့်ဒေါ်တင်တင်တို့ မန္တလေးသို့ သွားကြရန် ရန်ကုန်မှ ထွက်လာကြခြင်းဖြစ်သည်။



ဒရိုင်ဘာနှင့် သူတို့လင်မယားနှစ်ယောက်တည်း။

ဦးဘမောင်တို့ နွားနို့သောက်နေကြစဉ် . . .

ကုက္ကိုပင်ရိပ်ကိုကွယ်၍ လူတစ်ယောက်က ဆလွန်းကားကြီးနားကို ကပ်လာသည်။

ဒါကို ဦးဘမောင်လှမ်းမြင်သည်။

ဒါပေမယ့် မသင်္ကာမဖြစ်မိ။ သူလမ်းသူသွားမည့်သူပဲဟုပင် ထင်လိုက်သည်။

ကားနားရောက်သူက ခြေလှမ်းတုံ့ရပ်သွားပြီး ကားထဲကိုကြည့်လိုက်ရာ၊ ကားနောက်ခုံဘေးတွင်ရှိနေသည့် ထမင်းချိုင့်ကြီးကို မြင်လိုက်သဖြင့် အသာထိုင်ချပြီး ကားတံခါးကိုဖွင့်၍ ချိုင့်ကြီးကိုလှမ်းဆွဲယူလိုက်သည်။

လဖက်ရည်ဆိုင်ထဲမှာ ဦးဘမောင်တို့ကားက ကွယ်နေသောကြောင့် လှမ်းမမြင်။

ချိုင့်ကြီးလက်ထဲ ရောက်လာသည်နှင့် ဖိုးပိန်က ထိုင်လျက်ခါးကုန်း၍ ချိုင့်ကြီးကိုဆွဲယူသွားခဲ့သည်။

သူခပ်လှမ်းလှမ်းရောက်မှ ဒရိုင်ဘာမောင်စိုးက လှမ်းမြင်လိုက်သည်။

"ဟိုမှာ . . . ဟို . . . ဟိုမှာ . . . ဟိုမှာ" ဟုပြော၍ လက်ညှိုးထိုးပြလိုက်သည့်အချိန်တွင် ချိုင့်ကြီးပွေ့ပြေးပြီး

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားသွားနေသည့် လူတစ်ယောက်မှာ တော်တော်လှမ်းလှမ်းသို့ရောက်နေပြီဖြစ်၏။

သူတို့ထလိုက်ဖို့ ပြင်ဆင်နေစဉ် ဖိုးပိန်မှာ သစ်ပင်အုပ်ကြားထဲသို့ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဖိုးပိန်သွားရာဘက်သို့ လိုက်ကြသေးသည် မျက်ခြည်ပြတ်ပြီး အရိပ်အယောင်သော်မှ မတွေ့ရတော့ပေ။

လိုက်သွားသူများ လက်ဖက်ရည်ဆိုင်သို့ ပြန်ရောက်လာကြသည်။

ဆိုင်ရှင်က ရဲစခန်းတိုင်လိုပါသလားဟု ဦးဘမောင်ကိုမေးသည်။

ဦးဘမောင်က ခေါင်းညိတ်၏။

"အေးဗျာ၊ ကျုပ်တို့လဲ ခရီးတန်းလန်းနဲ့ ဒါပေမယ့် ရဲစခန်းကိုတော့ တိုင်သွားဦးမှတော်ကြာ အလစ်သမားက ကျုပ်တို့ချိုင့်ကို မဟုတ်တဲ့နေရာထားခဲ့ လို့ တခြားပြဿနာပေါ်ရင်ခက်မယ်၊ ရဲစခန်း ဘယ်နား မှာလဲဗျာ"

"ကျွန်တော်တို့ လိုက်ပို့ပါ့မယ်"

ကူညီတတ်သူ နှစ်ယောက်ကိုကားပေါ်သို့ခေါ်တင်၍ ဦးဘမောင်တို့ရဲစခန်းသို့ မောင်းလာခဲ့ကြလေသည်။



ရဲစခန်းတွင် တိုင်ချက်ဖွင့်ရာ၌ လမ်းခရီးတွင် အပြုလူဆိုင်ရန်ကို ကာကွယ်ရန်အတွက် ရွှေထည်ပစ္စည်းအချို့ကို ထမင်းချိုင့်အောက်ဆုံးအဆင့်ထမင်းထဲ၌ ရွှေထည်ပစ္စည်းအချို့ထည့်ယူလာကြောင်းပြောဆို၍ တိုင်ချက်ဖွင့်ခဲ့သည်။

"ဦးလေးပစ္စည်းတန်ဖိုးက တော်တော်များသလား၊ ကောက်ပြီး ဘယ်လိုပစ္စည်းတွေလဲဆိုတာလဲ စာရင်းပြု ပြောပြခဲ့ပါဦး၊ ဒါမှ ကျွန်တော်တို့ပစ္စည်းထုခွဲတဲ့အခါ အမှုလိုက်ရလွယ်ပါလိမ့်မယ်"

ဦးဘမောင်ကပစ္စည်းနှင့် ခန့်မှန်းခြေတန်ဖိုးကို ပြောပြသည်။

"ဒီပစ္စည်းတွေက ကျွန်တော်တို့မန္တလေးက အမိဆီသွားရင်း မဟာမြတ်မုနိဘုရားမှာ လှူဒါန်းဖို့ ယူလာတာပါ၊ ခုလိုဖြစ်ရတာ ကျုပ်တို့ရဲ့ပေါ့လျော့မှုလဲ ပါတယ်၊ တံခါးတွေကို မှန်တင်ပြီးပိတ်ခဲ့ရင် ဒီလိုဖြစ်ဖို့ အကြောင်းမရှိပါဘူး။"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့လဲ ကြိုးစားပြီးဖော်ထုတ်ပါ့မယ်"

"ကျွန်တော်တို့ကလဲ ခရီးဆက်ရမှာမို့ အပြန်ဝင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါမယ် ရန်ကုန်လိပ်စာ ပေးခဲ့ပါမယ်။"

သို့ဖြင့်ဦးဘမောင်တို့ ခရီးဆက်ထွက်ခဲ့သည်။

ရဲတပ်ဖွဲ့က အလုပ်သစ် အလစ်သုတ်တတ်သည့် လူဆိုးတချို့အား ခေါ်ယူစစ်ဆေးခဲ့သည်။ သူတို့၏ လှုပ်ရှားမှုကို စောင့်ကြည့်ခဲ့သည်။

အပေါင်ဆိုင်နှင့် ရွှေဆိုင်များသို့လည်း အကဲခတ် စောင့်ကြည့်ခဲ့သည်။

ကံတရားကအလှည့်ပေးလိုက်သလားမသိ၊ ခေါ်ယူစစ်ဆေးခဲ့သည့်အထဲတွင် ဖိုးပိန်မပါ။

ဖိုးပိန်၏အခြေအနေ အပြောင်းအလဲကလည်း ဘာမှအပြောင်းအလဲမရှိ။

ပစ္စည်းတွေက ဖိုးပိန်လက်ထဲကိုမရောက်၊ မောင်ရှမ်းလက်ထဲရောက်သွားသောကြောင့်ဖြစ်လေသည်။

နှင်းများပိုကျလာ၏။

ညဦးပိုင်းက ပို၍မှောင်လာလေပြီ။

လမ်းကြားထဲမှလူက အိမ်အောက်တွင် ဝင်၍ ဝပ်နေရာက လူသူရှင်းလင်းသွားသည်နှင့် အပြင်သို့ထွက် လိုက်သည်။



အိမ်ဆီသို့လာနေသောသူကို မြင်သည်။

အိမ်မှာလူမရှိ၍ တံခါးပိတ်ထားရာ၊ အိမ်ရှင် လျှောက်လာရာမှ အိမ်ဝထွင်ရပ်၍ တံခါးကိုဖွင့်ဝင်ပြီး မီးဖွင့်လိုက်သည်နှင့်စောစောက အိမ်အောက်မှထွက်လာ သူက အိမ်ထဲသို့လှစ်ခနဲဝင်လိုက်၏။

"ဟော့. . . ဖိုးပိန် ဘာလုပ်တာလဲ၊ လက်ထဲမှာ ချိုင့်ကြီးနဲ့ပါလား"

ဟု မောင်ရှင်းက လွှတ်ခနဲပြော၏။

"ဟို. . . ဟို. . . ဆရာ၊ ဟောဒါ ကျွန်တော် ထမင်းသိပ်ဆာလွန်းလို့ ဟင်းကောင်းတွေပါမယ်ဆိုပြီး. . ."

"ဩော်. . . . စောစောက ကားဂိတ်မှာ ချိုင့်လစ်ပြေးတာ ဒါကိုး၊ ကဲ. . . အထဲဝင်းစမ်း၊ ပေးစမ်း . . . မင်းချိုင့်ထဲ ဘာဟင်းတွေပါလဲ"

မောင်ရှမ်းက ချိုင့်ကြီးကိုဆွဲယူ၍ အိမ်အတွင် ဘက် ဝင်ပြီးမီးရောင်မှာဖွင့်လိုက်သည်။

ချိုင့်၏ပထမအဆင့်အံမှာ ငါးပိကြော်တစ်ဝက်၊ ငါးခြောက်ဗာလချောင်ကြော်တစ်ဝက်။

ဒုတိယအဆင့်မှာ ကြက်သားဆီပြန်။

တတိယအဆင့်မှာ သီးနှံစုံကြော်နှင့် ငါးကြော်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထအဆင့်မှာ ထမင်းဖြူ။

ပဉ္စမအဆင့်မှာ ထမင်းဖြူ။

ဖိုးပိန်က ဟင်းများကိုကြည့်၍ သွားရည်ကျနေ၏။

မောင်ရှမ်းက ပန်ကန်တစ်ချပ် ယူလိုက်သည်။

ထိုအချိန်တွင် မငြိမ်းတို့သားအမိ အိမ်မှာမရှိ။

အောင်ချမ်းသာရုပ်ရှင်ရုံမှာ ရုပ်ရှင်သွားကြည့်နေကြသည်။

မောင်ရှမ်းက မငြိမ်းတို့ ရုပ်ရှင်သွားမည်ကို သိသဖြင့် အရက်ဆိုင်တွင်အေးအေးဆေးဆေးသောက်ပြီးမှ အိမ်သို့ပြန်လာခြင်း ဖြစ်သည်။

မောင်ရှမ်းက ထမင်းချိုင့်ကြီးထဲက ဟင်းတွေကို ဖွင့်ကြည့်လိုက်သည်။

သွားရည်ကျစရာ စပါယ်ရှယ် ချက်လာသည့် ဟင်းတွေ။ “ ကဲ. . . . မောင်ရှမ်း ၊ ပန်ကန်တွေဆေးကွာ၊ ကတော့ အပုံစားပဲ၊ မငြိမ်းတို့စားပြီးပြီနဲ့တူတယ်၊ တို့နှစ်ယောက်စားလိုက်ကြရအောင်”

မောင်ရှမ်းက ဖိုးပိန်အတွက် အိမ်ကထမင်းခူးခိုင်း



ပြီး သူ့ပန်ကန်ထဲသို့ ဟင်းတွေထည့်ပေးလိုက်သည်။

မောင်ရှမ်းက ထမင်းချိုင့်ထဲက ထမင်းကောင်းကို သူ့ပန်ကန်ထဲ ထည့်ဖို့နှိုက်ဖို့ရာ မမျှော်လင့်ဘဲ အထုတ်တစ်ခုကို စမ်းမိလိုက်သည်။

သူက တစ်စုံတစ်ရာ ထူးခြားနေပြီကို သိသည့်အလျောက်ဘာမှမပြောဘဲ အထုတ်ကို နှိုက်ယူထားလိုက်သည်။

မငြိမ်းတို့သားအမိ ပြန်လာတော့လည်း ထမင်းထပ်စားခိုင်းပြီး ချိုင့်ကိုဆေးကြော၍ သူ့ကိုပေးရန် ပြောလိုက်သည်။

မငြိမ်းက ဘာဘာညာညာမေးသည်ကို ဘာမှ ပြန်မပြော။

ဖိုးပိန်ကိုလည်း အိမ်ကပြင်မှာပဲ အိပ်ခိုင်းလိုက်သည်။

မောင်ရှမ်းက ပညာလေးလည်းအနည်းအကျဉ်းတတ်၊ သစ်တောဂိတ်မှာလုပ်နေသည့်အလျောက် လူရည်လည်သဖြင့် ဖိုးပိန်ကို လိမ္မာပါးနပ်စွာဖြင့် နှုတ်ပိတ်အောင်လုပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကောင် ဖိုးပိန်၊ ဒီချိုင့်အကြောင်း ဘယ်သူမှ နဲ့နော်၊ မင်း အချုပ်ထဲကို ကွိခနဲရောက်သွားလိမ့်မယ်၊ ခိုးမှုက အနည်းဆုံးထောင်ဒဏ် တစ်နှစ်ပဲကွ"

ဖိုးပိန်က မဖြစ်ညစ်ကျယ် အလစ်သုတ်တတ်ပေမယ့် အချုပ်နှင့်ထောင်ကိုတော့ အလွန်ကြောက်သည်။

"ဆရာကလဲ ကျွန်တော်ဘယ်ပြောပါ့မလဲ"

"မင်းက နည်းနည်းလေးမူးလာရင် ပါးစပ်က ဟောင်ဖွာဟောင်ဖွာလုပ်တတ်လို့ပြောနေတာ"

"စိတ်ချပါဆရာ၊ ဖိုးပိန်က အမူးပါးပါ၊ ကိုယ် ဒုက္ခရောက်မယ့် ကိစ္စကိုတော့ ဘယ်တော့မှ မပြောဘူး"

"အေး. . . . ခါတိုင်းလိုပဲ သွားမြဲသွား လုပ်မြဲလုပ်ချည်၊ ညနေဘက်တော့ မင်းကို ငါအရက်တိုက်မယ်၊ ဆိုင်မှာမသောက်ရဘူးနော်၊ အိမ်မှာသောက်"

မောင်ရှမ်းက ဤသို့နည်းဖြင့် ဖိုးပိန်ကို နှုတ်ပိတ်ထားလိုက်သည်။

ဖိုးပိန်ကိုလည်း ငွေကြေးတစ်ပြားတစ်ချပ်မှ မပေး။

ငွေကြေးပေးလိုက်ရင် ဖိုးပိတ်အသုံးဖွာပြီး မီးခိုးကြွက်လျှောက် ပြဿနာတက်လာမည်ကိုစိုးရိမ်သော



ကြောင့် ခါတိုင်းလိုပင် နေစေခဲ့သည်။

ပဲခူးရဲတပ်ဖွဲ့က လူဆိုးထိန်းတွေကလည်း ခြေစလက်စရှိသူများ၏ အခြေအနေကို စောင့်ကြည့်အကဲခတ်ခဲ့သည်။

ဖိုးပိန်ကိုလည်း အလွတ်မပေး။

ဒါပေသိ၊ ဖိုးပိန်သည် ဝတ်စားနေထိုင်သုံးစွဲကအစ ဘာမှမပြောင်းလဲ။

ဖိုးပိန်အနေအထိုင်ကလည်းအရင်အတိုင်း။

သို့တစေ ဖိုးပိန်ကလည်း ထမင်းချိုင့်ကြီးထဲမှာ ရတနာပစ္စည်းပါသည့် အကြောင်း သူပြော ငါပြော ပြောသည့်သတင်းကို ကြားခဲ့သည်။

ထိုအကြောင်း မောင်ရှမ်းကို ပြောပြပြီး မေးကြည့်သည်။

"မင်းနဲ့ငါနဲ့အတူတူစားကြတာပဲဥစ္စာ၊ ပစ္စည်းတွေပါရင် မင်းလဲတွေ့မှာပေါ့၊ တိုင်တဲ့လူကကလိမ်ကျပြီး အမှုကြီးအောင် တိုင်တာကွ၊ အဲ့ဒီကိစ္စနဲ့သာ မင်းရဲစခန်းရောက်သွားလို့ကတော့ မင်းအီစလန်ဝေသွားမယ်၊ အမှုလဲ ကြီးသွားလိမ့်မယ်၊ ပိုပြီးနှုတ်လုံပစေ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးပိန်က ပိုပြီးကြောင်လန့်သွားသည်။

မောင်ရှမ်းက ဖိုးပိန်ကိုမျက်ခြေမပြတ်ထိန်းထား လိုက်သည်။

သူကလည်း အထုတ်ထဲပါသည့် ပစ္စည်းများကို မထုခွဲ။

ဒါပေမယ့် သူ့မှာ အကြံအစည်ရှိသည်။

(၂)

ကောင်းကင်သို့ ဖွေ့တက်သွားသောဆေးလိပ်မီး ခိုးကလေးများကိုကြည့်ကာ မောင်ရှမ်း သက်ပြင်းချလိုက် သည်။

ချိုင့်ကြီးထဲမှ ရတနာတွေရရှိထားသည်ကို မယား မငြိမ်းကို မပြော။ သိုသိပ်ထားသည်။

ကောင်းပြီ။

သည်လိုချည်း တစ်သက်လုံး နေသွားလို့ရပါ့မ လား။ မရနိုင်။

သည်တော့ တစ်စုံတစ်ခုကို ပြုလုပ်ရမည်။

အဲ့ဒါကတော့ သည်နယ်မြေမှာ မနေတော့ဘဲ တစ်ခြားတစ်မြို့တစ်ရွာသို့ ပြောင်းမှ။



မြုန်းခနဲ မိသားစုကြီးတစ်ခုလုံးထ၍ ပြောင်းလို့ ကတော့ မဖြစ်သေး။ သူကဝန်ထမ်း။ သည်တော့ ဝန်ထမ်း အမိန့်နှင့် လုပ်ကြံဖန်တီးလို့ ပြောင်းတာမျိုးလည်း မရနိုင်။

ဝန်ထမ်းကထွက်။

ထိုက်သင့်ရာဒေသသို့ ပြောင်းသွား။

ဝန်ထမ်းကထွက်ဖို့ကတော့ မပူရပါ။ ဤမျှ ရတနာတွေရရှိလိုက်ပြီမို့ ဝန်ထမ်းအလုပ်ကို မက်မက်မင် မင်ရှိနေစရာ လုံးဝမလိုတော့ပါလေ။

ကောင်းပါပြီ။

တစ်မြို့တစ်ရွာသို့ ပြောင်းမည်ဆိုတော့ ဘယ်လို ပြောင်းရမလဲ။ ဘယ်မြို့မှာ ဘာလုပ်ငန်းလုပ်မလဲ။

တစ်ခြားပြောင်းရင်လည်း ချက်ချင်းမိသားစုကို ခေါ်လို့မဖြစ်။

ဝတ်ဝန်းကျင်က တစ်မျိုးတစ်မည် ထင်စရာ ဖြစ် လာမည်။

မောင်ရှမ်း စဉ်းစားသည်။

ပထမ ပဲခူးနှင့်အလှမ်းဝေးသောနေရာ။

ဒုတိယ ရင်းမြို့မှာ ရင်နှီးသော အပေါင်းအသင်း

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်ဦးဦးတော့ ရှိရမည်။

အဲသည်ကျမှ လုပ်စရာအလုပ်ကိုဆက်လုပ်ရမည်။

ဟုတ်ပြီ။

မကွေးမြို့။

ပဲခူးနှင့် ဝေးကွာလှမ်းသည်။ မိုင်ပေါင်းသုံးရာပင်ကျော်သည့်အပြင် လမ်းကြောင်းလည်း အတည့်မဟုတ်။

ပဲခူးက မန္တလေးလမ်းကြောင်းပေါ်မှာ။

မကွေးက ပြည်လမ်းကြောင်းပေါ်မှာ။

အုန်းမြင့် . . .။

ပဲခူးမှာ ကျောင်းနေရင်း ခင်မင်ခဲ့သော သူငယ်ချင်း အုန်းမြင့်တစ်ယောက် မကွေးမှာရှိနေသည်။

အုန်းမြင့်[illegible] မှာ အငြိမ်းစားယူထားပြီ။

[illegible] မွယ်သည်။

သူ့ကို သစ်တောမှာ အလုပ်သွင်းပေးခဲ့သော အုန်းမြင့်၏ ဖခင်၏ မကွေးလိပ်စာ သူ့မှာရှိသည်။

မကွေးသို့ စာရေးမည်ဟုကြံကာ လိပ်စာကို မှတ်စုစာအုပ်ထဲ ပြန်ကြည့်သည်။ မကွေးလိပ်စာတွေ့ရပြီ။



အုန်းမြင့်လည်း မကွေးမှာပင် ရှိလိမ့်မည်။

ဟုတ်ပြီ။

မကွေးသို့ ခရီး ကြိုသွားကြည့်မည်။

အုန်းမြင့်နှင့်တွေ့ပြီး စီစဉ်ပြီးမှပြန်လာတာ အလုပ်မှထွက်ပြီး အခြေအနေကြည့်ပြောင်းမည်ဟု ဆုံးဖြတ်လိုက်၏။

ခွင့်တစ်ပတ်တင်လိုက်သည်။

မယား မငြိမ်းကိုတော့ မကွေးကို သစ်တောရုံးမှ အလုပ်ကိစ္စခိုင်း၍ သွားရမည်ဟုပြောကာ မကွေးသို့ ရောက်သည်တွင် သစ်တောရုံးမှတစ်ဆင့် လိမ်စာမေးပြီး အုန်းမြင့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့သည်။

မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းနှစ်ယောက် ပြောကြဆိုကြနှင့် အုန်းမြင့်အိမ်မှာပင် တည်းရ၏။

ပြီးမှ စားသောက်ဆိုင်သို့လာကာ အရက်သောက်ကြရင်း တိုင်ပင်ကြရသည်။

"ကဲ . . . ကိုယ် အခုလာတဲ့ကိစ္စကတော့ မကွေး မကွေးမှာစီးပွားရေးလုပ်ငန်း တစ်ခုခုလုပ်ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အလုပ်ကရော"

"ထွက်ရမှာပေါ့"

"ပင်စင်မရရင် နာမှာပေါ့ကွာ"

"နာပစေလေ၊ စီးပွားရေး စင်ထိုးမတည်ပေးမယ့်သူရှိတုန်းမှာ လုပ်ရမှာ၊ ဝန်ထမ်းတစ်သက်လုပ်လို့ မရနိုင်တဲ့ဝင်ငွေနဲ့ လဲသင့်ရင်လဲရမှာပဲ၊ နို့မဟုတ် တို့ဘဝက ပြားရာက တက်မှာ မဟုတ်ဘူးလေကွာ"

မောင်ရှမ်းက တချို့ရတနာတွေကို တဖြည်းဖြည်းမှပင် ထုခွဲမည်ကြံသည်။ လောလောဆယ် ရွှေ ဆယ့်ငါးကျပ်သား ထုခွဲပြီးပြီ။ လက်ထဲမှာ ငွေတစ်သောင်းလောက် ပိုက်မိပြီ။



ထိုခေတ် ငွေတစ်သောင်းမှာ မနည်း။

လိုရင် နောက်ထပ်ထုခွဲစရာရှိသေးသည်။

အုန်းမြင့်က ပဲ၊ နှမ်း ယောင်ရောင်းလုပ်ရင် တွက်ချေကိုက်သည်။

ဒါမှမဟုတ် ဆေးဆိုင်ဖွင့်။

ဆူလွယ်နပ်လွယ် အလုပ်ဖြစ်သည့် အကြောင်းပြောသည်။

သူက လေ့လာတီးခေါက်မှု အတန်အသင့်ရှိထားသည့် သစ်လုပ်ငန်း လုပ်ကြမည့်အကြောင်း ပြောသည်။

"ဟုတ်သားပဲ၊ သစ်နဲ့ပတ်သက်တာ လုပ်သင့်တာပေါ့၊ ဒါပေမယ့် သစ်ဆိုင်ဖွင့်ဖို့ ဆိုတာကလဲ နေရာတော့ ကျယ်ကျယ်ဝန်းဝန်းရှိပါတယ်။ သစ်ရဖို့က လိုက်ရှာရမယ်။ မင်းကလည်း သစ်တောထဲမှာ နေတာပဲလေ၊ တို့ဆီမှာက ကျွန်း၊ ပျဉ်းကတိုးနည်းတယ်၊ အဲ့ဒါတွေက ပျဉ်းကတိုးက ရခိုင်ဘက်မှာပေါတယ်၊ တို့မကွေးဘက်က ရှားပဲပေါတယ်၊

ကျွန်းက အလယ်ပိုင်းပျဉ်းမနားတစ်လျှောက်မှာ ပေါတယ် ဒီဒူးရတတ်တယ်၊ အောင်လံ ရွှေပန်းတောမှာ ကျွန်းရနိုင်ပေမယ့် မမီဘူး၊ ပိတောက်နည်းနည်းတော့

www.burmeseclassic.com

www.burmeseclassic.com



ပြည်ဘက်မှာရမယ်"

သစ်အကြောင်း နားလည်သူများပီပီ ဆွေးနွေးဖြစ်ကြသည်။

"ဒါဖြင့် ဒီလိုလုပ်ကွာ၊ မင်းဒီမှာလာနေရမှာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"ငါတို့အဖေနဲ့ ခင်မင်ပြီး အလုပ်ဆက်သွယ်မှုရှိတဲ့ လူကြီးတစ်ယောက်ရှိတယ်၊ သူက ဦးချောလူတဲ့၊ မင်းဘူးစကုဘက်ကပဲ၊ သူက ပရိဘောဂလုပ်တယ်၊ အလုပ်ရုံတော့ မထောင်နိုင်သေးဘူးလေ၊ တပည့်တွေ လက်နဲ့ ခွဲအပ်တာပဲ၊ သူက လက်သမားဆရာ၊ လက်ရာမြောက်တယ်၊ တပည့်များတယ်၊ အဲ့ဒီပရိဘောဂတွေကို အရောင်းဆိုင်တွေမှာသွင်းတယ်"

"အင်း"

"မင်းက ငွေရင်းရှိတော့ မမကွေးမှာ နေရာအကွက်ကောင်းကောင်း တစ်နေရာယူလိုက်၊ ဝယ်ချင်ဝယ်ကွာ၊ ဒါမှမဟုတ်ငှားရင်လည်းငှားလို့ရတယ်၊ ဒီမှာ မြေရိုင်းတွေ ခြံတွေ ပေါသလို မျက်နှာစာဆိုင်ခန်းတွေလည်း ရှိတယ်။



ဒါက ရွေးရမှာပဲ၊ အဲဒီမှာ ဦးချောလူရဲ့ ပရိဘောဂကို ယူပြီးတင်ထားကြည့်ပေါ့၊ အရောင်းလိုက်လာရင် ဝယ်ရောင်းလုပ်၊ အခုလောလောဆယ်မှာတော့ တင်ရောင်းငွေချလုပ်၊ ကိုယ့်အတွက် ကော်မရှင်နဲ့ ဈေးတင်ခယူပေါ့၊ ရန်ကုန်အဆက်အသွယ်ရှိရင်လည်း ပို့လို့ရတယ်"

မောင်ရှမ်း စိတ်ဝင်စားလာသည်။

"ကဲ. . . . ဒါဖြင့် မနက်ဖန် တို့မင်းဘူးဘက်ကူးပြီး စကုကို သွားကြမယ်ကွာ၊ ဦးချောလူနဲ့ တွေ့ကြရအောင်"

"ကောင်းပြီလေ"

မော်တော်ဖြင့် တစ်ဖက်ကမ်းမင်းဘူးသို့ ကူးခဲ့ကြသည်။ ထိုမှတစ်ဆင့် ကားဖြင့် စကုသို့ဆက်ခဲ့သည်။

မင်းဘူးနှင့် စကုမှာ တစ်ဆက်တည်း ရှိနေသလို အပေါ် အဝေါ် နှင့် သတ်မှတ်ချက်ကလည်း မင်းဘူးစကုဟုပ ပေါင်း၍ ခေါ်ဝေါ်ကြသည်။

စကုက မင်းဘူးလောက် မြို့မကြီးပေမယ့် ပညာရှင် ာပေါ်ကြွယ်သည်။ မြန်မာ့ဆေးသမားတော်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



လက်မှုပညာရှင်များရှိကြသည်။

စကုမြို့စွန် ခြံဝန်းကြီးတစ်ခုထဲသို့ ရောက်လာကြကာ လက်သမားအလုပ်ရုံကြီးဘက်မှ ဖျဉ်ထောင်အိမ်သို့ ဝင်ကြသည်။

လက်သမားဆရာကြီး ဦးချောလူနှင့် တွေ့ဆုံရသည်။ "မောင်အုန်းမြင့်၊ လာရင်းကိစ္စကို ဆိုပါဦးကွယ်"

ဦးချောလူက ခရီးဦးကြိုပြု၏။

"သမီးရေ၊ ရေနွေးနဲ့အချိုယူခဲ့ကွယ်"

ဦးချောလူက အိမ်ထဲသို့ လှမ်းပြော၍ ခဏမှာပင် မိန်းမပျိုတစ်ယောက်ထွက်လာ၏။

အသက်က အစိတ်ခန့်မျှ၊ ကိုယ်လုံးကိုယ်ထည် ပြည့်ဖြိုးပြီး အသားညိုကာ ရုပ်ရည်ပြေပြစ်သည်။ သွက်လက်ချက်ချာပုံရသည်။

ဦးလူချော၏ တစ်ဦးတည်းသောသမီး မလှချော။ မိခင်ဆုံးသွား၍ သားအဖနှစ်ယောက်တည်း နေထိုင်ကြသည်။ စီးပွားသိပ်ဖြစ်လှသည် မဟုတ်သော်လည်း မပူမပင်နေကြရသည်။

အေးဆေးထည်ငြိမ်စွာ လှုပ်ရှားပုံတွေ့ရသည်။



ဖျတ်ခနဲ မောင်ရှမ်းကို တစ်ချက်ကြည့်၍ အိမ်ခန်းအတွင်းသို့ ပြန်ဝင်သွားရာ မောင်ရှမ်းက ခြေဆုံးခေါင်းဆုံးလိုက်၍ ငေးကြည့်လိုက်မိသည်။

ပြီးမှ အုန်းမြင့်က လာကြရသည့်အကြောင်းရင်းကို ပြောပြကာ မောင်ရှမ်းနှင့် မိတ်ဆက်ပေးရသည်။

"အင်း . . . ရောင်းဆိုင်ရှိရင်တော့ ကျုပ်က ပို့ပေးရမှာပေါ့၊ ပစ္စည်း အထွက်ကောင်းရင် ကောင်းသလိုပဲ၊ ဒါကပုပ်တတ် သိုးတတ်တဲ့ ကုန်မျိုးမှမဟုတ်ဘဲ၊ ကြာကြာတင်ထားပြီး ရောင်းလို့ရတယ်"

"ငွေက ဘယ်လိုရှင်းရသလဲ ဦးလေး"

မောင်ရှမ်းက ဝင်မေး၏။

"အမှန်တော့ ဆိုင်တင်ရင်စရံယူတာပဲ၊ ဒါပေမယ့် ရောင်းပြီး ပွဲခနှုတ်ပေးတာ များတယ်။ ဝယ်ရောင်းဝယ်တင် ဆိုရင်တော့ ပိုကောင်းတာပေါ့၊ ဈေးလည်းသက်သာတယ်"

"စမ်းကြည့်တာပေါ့ ဦးလေးရယ်၊ ကျွန်တော့သူငယ်ချင်းက တစ်လအတွင်း ပြန်လာပြီး ဆိုင်ဖွင့်မှာပါ"

သို့ဖြင့် စကုမှ ပြန်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အုန်းမြင့်က အရာရာကူညီပါမည်ဟုပြောသဖြင့်လည်း ဆိုင်နေရာကျယ်ကျယ်တစ်ကွက် ရှာထားရန်မှာခဲ့၍ ယခုလမကုန်မီရောက်လာမည်ဖြစ်ကြောင်းမှာကြား၍ ပဲခူးသို့ပြန်လာခဲ့သည်။

ပဲခူးအိမ်ရောက်တော့ မငြိမ်းကို မိတ်ဆွေတစ်ယောက်နှင့် ကျောက်အလုပ်သွားမည့်အကြောင်းနှင့် အလုပ်လည်း ထွက်မည့်အကြောင်း ပြောပြလိုက်သည်။

တောသူ ရိုးရိုးအအ မငြိမ်းကတော့ ဘာမှနားမလည်ရှာသူပီပီ ခေါင်းသာညိတ်သည်။ သူနှင့် ကလေးတွေ လစဉ်စားဖို့ ငွေပို့ပေးပါဟူ၍သာ မှာကြား ၏။

မငြိမ်း၏ အကြော်အလုပ်ကလည်း ဘဝကိုတောင့်တင်းစွာရပ်တည်နေသည်ပဲ။

ပဲခူး သူတို့ကွက်သစ်မှာတော့ ဖိုးပိန်ချိုင့်လစ်ပြေးသည်ဟု မည်သူကမျှ မရိပ်မိကြ။ သတင်းလည်းထွက်မလာချေ။

ဒါသည်ပင် မောင်ရှမ်းအတွက် တစ်ဖက်က စိတ်အေးရသည်မဟုတ်ပါလား။

(၃)



မကွေးမြို့။

ဈေးသစ်၊ မဂ်လာဈေးထောင့် အဝင်နားမှ ခြံတစ်ခြံရှေ့ဘက်တွင် ခြံစည်းရိုးကိုဖောက်၍ ဆိုင်ခန်းတစ်နေရာရ၏။

အကျယ်ပေနှစ်ဆယ်၊ အလျားပေသုံးဆယ်ရှိကာ ပရိဘောဂများ ချထားပြထား၍ ရသည်။ လူနေရန်နောက်ဘက်ရှစ်ပေ၊ ပေနှစ်ဆယ် တစ်ခန်းဖွဲ့ပြီး မောင်ရှမ်းနှင့် ဖိုးပိန်တို့နေ၏။

စပေါ် နှင့် ဆိုလခနှင့် ဘာမျှမကျပေ။

နယ်မြို့တွေမှာက မြေလည်းပေါ၏။ ဈေးလည်းချိုသည်။ အပြင်မှာ ဝယ်စားကြသည်။ အလုပ်ခွင် စ၍တည်ခါစမို့လည်း ဖြစ်သလိုနေ၊ ဖြစ်သလိုစားကြရ၏။

ခြံဝင်းကြီးမှာ ပေတစ်ရာ့ငါးဆယ်၊ ပေရှစ်ဆယ်ခန့် ကျယ်ဝန်းရကား၊ ခြံပိုင်ရှင်ဦးတင်မောင်၏တိုက်ဘေးမှာပင် နောက်ထပ်အိမ်သုံးလုံးခန့် ထပ်၍ဆောက်နိုင်သေးသည်။

ပရိဘောဂများကို မင်းဘူး စကု ဦးလူချောထံမှ လာပို့ထား၏၊ သစ်ကတော့ အသားမျိုးစုံသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ဒီဒူစသည်တို့ ဖြစ်သည်။

ရှားသားကတော့ ပရိဘောဂမှာလှပ၍၊ မပေါ်ဂနီ အညိုရင့်ရောင်ပေါက်လေသည်။

စားပွဲ၊ ကုလားထိုင်၊ ဧည့်ခန်းသုံး ဆက်တီများ၊ လိုက်ကာများ ခုတင်ငယ်များ၊ ရှိုးကေ့စ် မှန်ဗီရို စသည်ကို တစ်စုံစီမျှသာ တင်ထားပြီး၊ တချို့မှာ ဒီဇိုင်းနမူနာသာ ပြလေ၏။

လိုအပ်လျှင် အော်ဒါမှာပေးမည်ဟု ရေးထား၏။

ကုသိုလ်လိုက်သည်ဟု ဆိုရမည်။

မောင်ရှမ်းတို့ ဆိုင်ဖွင့်၍ နှစ်ပတ် အတွင်းမှာပင် မင်္ဂလာဆောင်မည့်သူ အတွဲသုံးဦး ရောက်လာသဖြင့် ခုတင်၊ အိပ်ရာ၊ ခမ်းနား၊ ဧည့်ခန်းပရိဘောဂအစုံ ဈေးဦးပေါက်သွား၏။

သုံးစုံဆိုတော့ အတော်ဟန်သွားသည်။

ဦးချောလူအတွက် တန်ဖိုးထဲမှ ဆိုင်တင်ခကို နှုတ်ယူပြီး ပေးချေလိုက်ရာ ဦးချောလူ သဘောကျသွားသည်။



ဘာပဲပြောပြော မင်းဘူးစကုထက်သာရင်တော့ မကွေးသည်တိုင်းမြို့ကြီးတစ်မြို့ ဖြစ်သည့်အားလျော်စွာ တင်အားနှင့်ရောင်းအားမှာ ကိုယ်စာလှယ်လုပ်ငန်း မျှော်မှန်းနိုင်သည်ပဲ။

လောလောဆယ်မှာ ခြံဝင်းမှ ဈေးဆိုင်နေရာ စပေါ် ငွေပေးရခြင်း၊ လျှပ်စစ်မီးသွယ်ခြင်း၊ ဆိုင်ခန်းကာရံ ဆေးခြယ်ခြင်းစသည့် အကြမ်းဖျဉ်း ကုန်ငွေမှာ တစ်သိန်း မရှိတရှိမို့ မဖြုန်သေးပါ။

လက်ထဲမှာ ငွေကြေးအလုံအလောက်ရှိနေသည်။

လုပ်ငန်းကောင်းလာလျှင် ကောင်းသလို ငွေ ဆက်ထုတ်ရင်းမည်။ တစ်ဖက်မှ အုန်းမြင့်ကိုလည်း လုပ်ငန်းများများရရှိနိုင်မည့်အကွက် ရှာဖွေခိုင်းထားရသေး၏။

မောင်ရှမ်းတစ်ယောက်ကံကောင်းလာသည်ဟု ဆိုရမည်။ အုန်းမြင့်က စပ်ဟပ်ပေး၏။

အဲဒါက နောက်ထပ်ဖွင့်သည့်ကောင်စီရုံးများနှင့် တရားရုံးများအတွက် စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ စာရွက်ညှပ်ခွက် ဖိုင်တွဲတင်သည့်စင်များ စသည့် ရုံးသုံးပရိဘောဂများ၊ ကန်ထရိုက်ပေးသွင်းရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးများ၊ ကောင်စီရုံးများက တိုင်း တစ်တိုင်းတွင် မြို့နယ်များအလိုက် ဖွင့်လှစ်ပေးရမည်ဖြစ်ရာ၊ ရုံးသုံးပရိဘောဂ တစ်မျိုးဆိုလျှင် အလုံးတစ်ရာ အရေအတွက်ဖြင့်ပစ္စည်းမျိုးပေါင်း ငါးမျိုးက အလုံးငါးရာ၊ အရာရှိကုလားထိုင်ဆိုရင်လည်း စားပွဲအံဆွဲပါ အကြီးကချည်း ငါးဆယ်၊ စုစုပေါင်း သိန်းဂဏန်းပမာဏကန်ထရိုက်ဆွဲ၍ ရရှိခဲ့သည်။

လူမိုက်ကံကောင်းဟု ဆိုမည်လော။

အချိန်အခါက ပါလာသည်ပဲဟု ပြောရမည်လော။

မောင်ရှမ်း ရေများရာသို့ မိုးဝင်ရွာတော့သည်။

ဖိုးပိန်ကို အစစအရာရာခိုင်းလို့ရသလို၊ သူ့အကြိုက်ကိုလည်း အပြည့်အစုံလုပ်ပေးထားသည်မို့ အကူအညီလည်းရသည်။

ဤမျှများပြားသော ကန်ထရိုက် ပရိဘောဂလုံးရေများက အရေအတွက်များကို ဦးလူချောတစ်ဦးတည်း ပုံ၍ အပ်ထည်ပေးလိုက်ပြန်ရာ၊ မောင်ရှမ်းကြောင့် ဦးလူချော အလုပ်ပို၍ရရှိသွားပြန်သည်။



ဤမျှများပြားသော ကန်ထရိုက်ပရိဘောဂလုံးရေများက မောင်ရှမ်းကိုပို၍ ချမ်းသာပြီးရင်း ချမ်းသာရန် ဖန်တီးလာစေခြင်းပင်။

မူလ လှစ်ထားသော ရတနာများမှ ငွေကိုထပ်၍ မထုတ်ရတော့ဘဲ၊ ပရိဘောဂမှရသည့် ကန်ထရိုက်ဝင် ငွေနှင့်ပင် လက်ထဲမှာ နောက်ထပ် သိန်းဂဏန်းပမာဏ တိုးလာသည်။

ဤသို့ တိုးသည်နှင့်အမျှ ပရိဘောဂ အလုပ်ရုံထောင်သူ ဦးလူချောမှာလည်း ဝင်ငွေပိုလာသည်။

သည်တော့ ဦးချောလူအပေါ် မောင်ရှမ်း၏ ဩဇာသက်ရောက်မှုပိုလာရသည်မှာ မဆန်း ဦးချောလူအပေါ် သက်ရောက်သလို၊ တစ်ဦးတည်းသော သမီးဖြစ်သူ မချောအပေါ်မှာလည်း လွှမ်းမိုးမှန်း မသိ တဖြည်းဖြည်းလွှမ်းမိုးလာသည်။

ထို့ကြောင့် မကွေးမှ မင်းဘူးတစ်ဖက်ကမ်းသို့ မော်တော်ဇက် စသည်ဖြင့်ကူး၍ သွားရခြင်း၊ ထိုမှတစ်ဆင့် စကုသို့ကားဖြင့်သွားရခြင်း၊ ခရီးစဉ်မှာ ပရိဘောဂများကို မကွေးသို့ ပြန်လည်သယ်ဆောင်ရာ၌ ခရီးကြန့်

www.burmeseclassic.com

www.burmeseclassic.com



ကြာသလို၊ သယ်ပိုးခမှာလည်း ပို၍လာသည်ကို မောင်ရှမ်းက တွက်ချက်ပြမိ၏။

"အဲဒါပြည်း ဟုတ်တာပဲဆရာရှမ်း၊ ကျုပ်လဲ မကွေးမှာနေဖို့ဆိုတာ လူချည်းနေတာလွယ်တယ်၊ သားအဖနှစ်ယောက်တစ်နေရာရရင်ပြီးတယ်၊ ဒါပေမယ့် ပရိဘောဂအလုပ်ရုံအတွက်ရယ်၊ သစ်တွေထားဖို့ရယ်က နေရာအတော်ကျယ်မှ ဖြစ်မှာမို့ မကွေးပြောင်းဖို့ချိန်နေ တာပဲ"

ဦးချောလူကလည်း သူ၏မူလစိတ်ကူးနှင့် ရည်ရွယ်ချက်ကို ပြောပြ၏။

"ဟုတ်ပြီလေ၊ ကျွန်တော်လဲ အဲဒါကိုဦးစားပေးပြီ



စဉ်းစားထားပါတယ်၊ ဒီလိုလေ . . . ဦးလေးချော၊ ကျွန်တော်နဲ့ခင်မင်တဲ့ ကိုသာရင်ဆိုတာရှိတယ်၊ သူက မော်တော်ကားဝပ်ရှော့ထောင်ထားတယ်လေ၊ သူ့ဝပ်ရှော့က နတ်မောက်လမ်းကြီးပေါ်က လျှပ်စစ်တိုင်ကြီးနားမှာပါ၊ မြို့အပြင်အထွက်ပေါ့"

"သိတယ် . . . တွေ့ဖူးပါတယ်ဆရာ"

"အဲ . . . ဦးသာရင်ရဲ့ဆွေမျိုးထဲက ခြံတစ်ခြံမြို့အထွက်နားမှာပဲရှိတယ်၊ အကျယ်ကတော့ အလျားပေ ခြောက်ဆယ်နဲ့ အနံပေခုနှစ်ဆယ်"

"အတော်ကျယ်တဲ့ဝိုင်းပဲ"

အညာဒေသ၊ မြေလတ်ဒေသတို့၌ ခြံမြေကို ဝိုင်းဟုခေါ်ကြသည်။

"အဲဒီဝိုင်းကို ရောင်းမယ်တဲ့၊ စျေးလဲချိုသင့်သလောက်ချိုတယ်ဗျ၊ အဲဒါကို ကျွန်တော်ဝယ်မယ်၊ ဦးလေးလဲ ဒီကိုပြောင်းပြီး၊ အခြေချမလား"

"ပြောင်းတာကတော့ လွယ်ပါတယ်၊ ဒီခြံကိုပြန်အပ်တာလဲ လွယ်တာပဲ၊ ဆရာ့ခြံမှာ အခြေချဖို့ဟာ အဖိုးစားနားဘယ်လိုအပေးအယူလုပ်ကြမလဲ စဉ်းစားဖြ

www.burmeseclassic.com

www.burmeseclassic.com



ရအောင်ဆရာ"

"ဒါတော့ ခြံလခပဲပေးပါ၊ စပေါ်တို့ဘာတို့မလို ပါဘူး၊ ရေတွင်းရှိတယ်၊ လျှပ်စစ်မီးလဲရှိတယ်၊ အခုသူတို့က တွင်ခုံလုပ်နေတာ၊ ပါဝါမီးလေ၊ ဦးလေးချော ပွတ်လုံးဆွဲ တာတို့၊ သစ်သေးခွဲတာတို့ လုပ်နိုင်တာပေါ့"

"ဒါဖြင့် . . . လုပ်လေဆရာ၊ ကျုပ်ကတော့ ဆရာ့သဘောအတိုင်းဖြစ်အောင် တာဝန်ကျေမှာပါ"

"ဒါပေါ့ဦးလေးရာ၊ စီးပွားဘက် သဘောမျိုး ထားကြပါစို့"

"ဝမ်းသာလိုက်တာဆရာရယ်"

(၄)

'မိုးဦးပန်း ပရိဘောဂတိုက်'

အပြာနုရောင်နောက်ခံတွင် အညိုရောင်ဖောင်း ကြွသစ်ထွင်းစာလုံးကြီးများဖြင့် ဖော်ထားသည့် ဆိုင်းဘုတ်က ခြံဝတွင်ထင်းထင်းကြီးရပ်တည်လျက်ရှိ၏။

ရေနံချောင်းဘက်မှ မကွေးသို့ကားလမ်းဖြင့်ဝင် လာလျှင် မြို့အဝင်ဝမှာ တွေ့ရသည်။

မောင်ရှမ်း၏အမည်သည်လည်း ယခုတော့



မောင်ရှမ်းမဟုတ်တော့ပြီ။

မောင်မောင်စန်း။

ငွေကြေးချမ်းသာလေတော့ ဦးတပ်၍ ခေါ်ရတော့သူ ဦးမောင်မောင်စန်း။

ပဲခူးတုန်းမှာ အရက်ကျေးကျွန်ဖြစ်၊ လူရာမဝင်ခဲ့ သည့်လူတကာခိုင်းဖတ်၊ ကလေကချေဖိုးပိန်သည်ပင် လျှင် အခုတော့ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်လေပြီ။

ဦးဖိုးစိန်ဟူ၍ ဖြစ်လာပြီ။

မောင်ရှမ်း၏ညီဝမ်းကွဲဟူ၍ ပြောထားသောကြောင့် အစ်ကို၏အရှိန်ဖြင့် သူ့ကို လူမစော်ကားရဲကြ။

ငယ်စဉ်က ပုခက်ပေါ်ကလိမ့်ကျ၍ ဦးခေါင်းမှာ ထိခိုက်မိကာ စိတ်ဂယောက်ဂယက် ဖြစ်တတ်သည့် ရောဂါသည်ဟုမောင်ရှမ်းက သတင်းလွှင့်ထားသော ကြောင့်လည်းသူ့ကို လျော့ပေါ့ချော့မော့၍ ပေါင်းသင်း ဆက်ဆံကြရသည်။

မကွေးခြံကြီးထဲတွင် ဦးချောလူနှင့် သမီးမချော တို့က အလုပ်ရုံကြီးထဲ၌ပင် နောက်ဖက်တွင် အထပ်ခိုး တင်ကာနေထိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးဦးချောလူက အပေါ်ထပ်ဒိုးမှ ဘုရားခန်းရှေ့မှာအိပ်ပြီး၊ သမီးပျိုမချောက နောက်ဖက်မှာအခန်းငယ်ကာပြီးအိပ်သည်။

တစ်ပါတည်းပင် မောင်ရှမ်းက ပျဉ်ကာပျဉ်ခင်းသွပ်မိုးသည့် အကျယ်ပေးသုံးဆယ်၊ အလျားပေလေးဆယ် ရှိသောသစ်သားတစ်ထပ်အိမ်ငယ် တစ်လုံးဆောက်၍ ဖိုးပိန်နှင့်အတူနေ၏။

ရေကခြံထဲမှရေတွင်း၊ မီးကငေ  သွယ်ရုံပေါ့။

မောင်ရှမ်းက ရှေ့ခန်းမှာ‌ေ ၍ ဖိုးပိန်အားနောက်ဖက်မီးဖိုနားမှာ သီးသန့်တစ်ခန်းထားသည်။ အခန်းတံခါးနှင့်သော့မှာ အထူးလုံခြုံအောင် လုပ်ထားရ၏။

အကြောင်းမှုလိုအပ်လာလျှင် ဖိုးပိန်အား အခန်းထဲမှမထွက်စေရန် အရှည်မျှော်ရ၏။

မောင်ရှမ်းအဖို့ ဖိုးပိန်သည် ကျေးဇူးပြုသူဖြစ်သော်လည်းယခုတော့ မြွေပွေးခါးပိုက် ပိုက်ထားရသလို။

ဖိုးပိန်သည် သူတက်မနင်းမိအောင်ရှောင်၍ သတိနှင့်နေရသော မိုင်းဗုံးတစ်လုံးလိုပါ။

မောင်ရှမ်းမှာ နေစရာအိမ်၊ အလုပ်ရုံတို့တစ်တွဲ



တည်းထားသကဲ့သို့၊ အရောင်းဆိုင်ကိုလည်း ခြံရှေ့မှာ ပေလေးဆယ်၊ နှစ်ဆယ်၊ ခန်းကျယ်ကြီး ဆောက်လုပ်ရန် ရှိုးခန်းအရောင်းခန်း ဖန်တီးလိုက်လေရာ အတော်ခမ်းနားသွားလေ၏။

ခါတိုင်းမြို့ထဲမှာ ကြုံရာဆိုင်တွင် ထမင်းဝယ်စားနေကြရာမှ ထမင်းလခ နှစ်ယောက်တွက်ပေးကာ မချောထံမှာယူစားရလေသည်။

နှစ်ဦးနှစ်ဖက် ပြေလည်သွား၏။

မောင်ရှမ်းတို့နှစ်ယောက်အတွက်လည်း အိမ်ထမင်း အိမ်ဟင်း ကျကျနနထိုင်ရာမထ စားနိုင်၊ မချောတို့သားအဖအတွက်လည်း နည်းနည်းပိုဝယ်ရသည်မှတစ်ပါး စားသည့်စရိတ်ခုမိလာ၏။

ထမင်းဟင်းကျက်သည်နှင့် မချောကအိမ်ကလေးဆီ ပို့ထားပြီး စားပွဲပေါ်တွင် အုပ်ဆောင်းအုပ်ထားပေးသည်။ ပြီးလျှင် ပန်းကန်ကအစ၊ စင်ကြယ်အောင်ဆေးကြောပေးသွား၏။

သည့်အပြင် . . . မောင်ရှမ်းတို့ အဝတ်အထည်ကိုပင် မချောကယူ၍ လျှော်ဖွပ်ပေး၊ မီးပူတိုက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မောင်ရှမ်းတို့ နှစ်ယောက်မှာ အိမ်ထောင်မရှိသော်လည်း ရှိသကဲ့သို့ ရေကန်အသင့် ကြာအသင့်ဖြစ်လာရလေသည်။

ဦးချောလူ၊ မချောတို့နှင့်လည်း အိပ်ချိန်မှခွဲလာကြပြီး အတူနေ၊ အတူစားဘဝမျိုးဖြင့် ပို၍ရင်းနှီးကာ သံယောဇဉ်တွယ်လာခဲ့ကြလေသည်။

ပရိဘောဂကလည်း ရောင်းရသွက်လာ၏။

အကုသိုလ်ကို ကျူးလွန်လုပ်ကိုင်မိခြားလည်း ဘဝဟောင်းက ကုသိုလ်၏အရှိန်ကလေးက မကုန်သေးသဖြင့်လည်း အကျိုးပေးက သန်နေဆဲဟု ဆိုရမည်ပါ။

အခြေအနေပြောင်းလဲ မြင့်တက်လာသလိုပင်၊ ပဲခူးမှ ဇနီးထံသို့လည်း စာတိုက်မှနေ၍ ငွေလွှဲစာဖြင့် လစဉ်ထောင်ကျော် ငွေပို့ပေးနေသည်။ ဒါမှလည်း ငြိမ်နေလိမ့်မည်မဟုတ်လား။

ရိုးရိုးအအ တောတူမငြိမ်းတစ်ယောက်ကတော့ သူ့လင်မောင်ရှမ်း မကွေးမှာနေသည်ဟု ရေရေရာရာမသိ။

မန္တလေးရောက်နေသည်။ မိုးကုတ်နှင့် မန္တလေးသို့ဆင်းကာ တက်ကာ၊ ကျောက်လုပ်ငန်းလုပ်၍ တစ်ရပ်



တစ်ကျေးမှာ သားပစ်မယားပစ် စီးပွားကျိုးကုတ်စွာ ရှာနေသည်ဟုထင်နေမိ၏။

ပဲခူးရှိ ဇနီးမငြိမ်းထံသို့ မောင်ရှမ်းငွေလွှဲပို့ရာ၌လည်းမန္တလေးမှ သူငယ်ချင်းတင်ဝင်း၏ လိပ်စာဖြင့်ပို့၏။ အကွက်စေ့ထောင့်စေ့အောင် လုပ်ထား၏။

မန္တလေးမှတင်ဝင်းကလည်း သူ့ထံမှ ပရိဘောဂယူ၍ရောင်းသဖြင့် အမြဲအဆက်အသွယ်ရှိလေသည်။

မောင်ရှမ်းအဖို့ ဘာမှပူစရာမရှိတော့။

ရတနာချိုင့်ကြီး၏ အမှုကလည်း ပေါ်မလာတော့။

သူ့အတွက် ပူစရာတစ်ခုသာရှိပါ၏။

အဲဒါက ဖိုးပိန်။

ဖိုးပိန်က နဂိုကမှ ဦးနှောက်အနေအထားမမှန်သူ၊ အရက်အမြဲသောက်နေရမှု။

ရတနာတွေအကြောင်းကို ဖိုးပိန်ကလည်း ရိပ်မိနေသည်။ သူ့အလစ်သုတ်ထားသော ကြေွရည်သုတ်ငါးဆင့်ချိုင့်ကြီးထဲမှ ရတနာတွေကို မောင်ရှမ်းအပိုင်စီးပြီးသည့်လုပ်ငန်းထူထောင်ထားခြင်းဖြစ်မည်ဟု တွက်မိခဲ့သည်။

ဖိုးပိန်မူးပြီး သူတို့နှစ်ယောက်တည်း ရှိသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



ရတနာကိစ္စကို ရိပ်ဖမ်းသံဖမ်းပြောသည်မျိုး ရှိလာသည်။

ဒါကြောင့်လည်း မောင်ရှမ်းက ဖိုးပိန်ကို ချော့တစ်လှည့်ခြောက်တစ်လှည့် လုပ်နေရသည်။

ကျွန်တော့ကြောင့်ဆရာအခုလို အခြေအနေမျိုးရောက်လာတာပါ။ ကျွန်တော် အတိအကျ မသိပေမယ့် ရိပ်မိပါတယ် ဆရာ။

ဖိုးပိန်က ထိုသို့အဆင့်တက်ပြောသည်မျိုးအထိ နှုတ်ကျူးလာသည်။

"ဖိုးပိန်နော် . . . ဖောက်မယ်တော့မကြံနဲ့၊ ငါ့အကြောင်းသိတယ်မဟုတ်လား။ ငါက စေတနာထားတဲ့နေရာမှာ ရက်ရောတယ်၊ တဖက်သားကို ညာတာမေတ္တာထားတယ်၊ အဲ . . . ဒါပေမယ့် ငါ့ကို ဒုက္ခပေးလာရင်တော့ ရက်စက်ရမယ့်နေရာမှာ နှစ်ယောက်မရှိဘူးကွ"

ဤသို့ချော့ကာတစ်ဖုံ၊ ခြောက်ကာတစ်လှည့်၊ ယုယကြင်နာပုံတစ်မျိုးဖြင့် ဖိုးပိန်အား ထိန်းထားရလေသည်။

တကယ်တော့ သည်လိုနေရသည့် ဘဝဆိုသည်မှာ ဘယ်တော့မှ အပြည့်အဝ စိတ်မချမ်းသာနိုင်ပါ။

တစ်နေ့သောအခါ တစ်စုံတစ်ယောက်အ



ကြောင်းကြောင့် ဖိုးပိန်ဖောက်သွားခဲ့သော် . . .

သို့မဆိုက် ရတနာအလစ်သုတ်ခံရမှု၏နောက်ကွယ်မှလိုက်လံစုံစမ်းသူတို့က သတင်းအစရသွားခဲ့သော် . . .

တစ်နေ့မဟုတ်တစ်နေ့ ပြဿနာပေါ်လာနိုင်သည်။

အမှိုက်ကစ ပြဿာဒ်မီးလောင်ဆိုသလို . . .

ထိုအကြောင်းကိုတွေးမိလျှင် မောင်ရှမ်း မကြာခဏဇောချွေးပြန်မိရလေသည်။

ဒါပေသိ ကြွေနှင့်မင်မောင်းပြုပြီး ဖိုးပိန်ကို ကိုင်ထားသည်။

အဲသည်လို မင်နှင့်မောင်းနှင့်နေသော တော်ရုံမ ...စားမေ့မေ့လျော့လျော့ဖြင့် စီးပွားရေးထဲမှာ စိတ်ဝင်စားမိပြီးတော့လည်း သူ့အပေါ် လွှမ်းမိုးနေသည့် အရိပ်မည်းကြီးပျောက်သွားသလိုဖြစ်ရသည်။

မူလက ဟန်ပြအလုပ်သဘောဟု ထင်ခဲ့သော ...ဘောဂလုပ်ငန်းမှာ ခုတော့အကျိုးပေးတကယ့်သန်...သဖြင့် ဘဝကိုအံ့ဩရပြန်၏။

လောကမှာ ရေများများမိုးရွာ၊ ငွေများရာ ငွေလာ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟူသည့်ဓလေ့ကို မှန်သည်ဟုယူဆကာ ကျေနပ်နေသည်။

စိတ်ကိုအေးချမ်းစွာထားရ၏။

အရက်ကလေးသောက်ပြီး အနားယူချိန်တွင်မူ မောင်ရှမ်းသည် တကယ်ပဲလောကနိဗ္ဗာန်ရောက်နေရ၏။

သို့သော် . . .

တစ်နေ့တွင် သူ့အား လောကနိဗ္ဗာန်ပေါ်မှ ဆွဲချမည့်စကားတစ်လုံးကို ဤသို့ကြားလိုက်ရလေသည်။

"အစ်ကို . . . ကျွန်တော် ပဲခူးသွားချင်တယ်"

ဖိုးပိန် လွှတ်ခနဲပြောလိုက်သည့် စကားကြောင့် သောက်လက်စ အရက်ဖန်ခွက် စားပွဲပေါ် သို့ ဒေါက်ခနဲချလိုက်ပြီးဖိုးပိန်မျက်နှာကို သေချာစွာစိုက်ကြည့်မိ၏။

"ဘာ. . . ဘာကွ၊ ပြန်ပြောစမ်းပါဦး"

ဖိုးပိန်က အရက်မူးနေပြီဖြစ်သော သူ၏မျက်လုံးပေကလပ်ကိုအားယူ၍ဖွင့်ပြီး . . .

"ကျွန်. . . ကျွန်တော် ပဲခူးသွားချင်လို့ပါ"

"ဟေ. . . ပဲခူးမှာ မင်းဆွေမျိုးမိဘ ဘယ်သူရှိလို့လဲ"

"အံမာ. . . မင်းအပေါင်းအသင်းတွေက ဆိုင်နဲ့



ဈေးမှာကပ်နေရတဲ့ကောင်တွေမဟုတ်လား၊ မင်းအခုလို သားသားနားနားနဲ့သွားရင်တော့ ဝိုင်းပြီးနှာကြမှာသေချာတယ်၊ ပါတာပြောင်မှာပေါ့"

"သတိရလို့ပါအစ်ကို"

"အေး. . . မင်းသတိရတာက နောက်မှ၊ အခုငါ သတင်းတစ်ခုရတယ်၊ ပဲခူးကရဲက မင်းရတနာထမင်းချိုင့်ကြီးဆွဲပြေးတာအနံ့ရလို့ မင်းကိုရှာနေကြတာ၊ မင်း အခု ခူးကိုသွားရင်တော့လား ကျားပါးစပ်ထဲ တန်းဝင်သလို၊ အချုပ်ထဲတန်းဝင်မှာပဲ၊ ပြီးတော့မှ ထောင်ထဲထည့်ခံရမှာ"

"ဗျာ. . . "

ဖိုးပိန်က အချုပ်နှင့်ထောင်ဟု ကြားလိုက်ရတော့ တွန့်သွားပုံရ၏။

သူသည် တစ်ခါက အချုပ်ခံခဲ့ရဖူးပါသည်။

အဲသည်တုန်းက စီမံချက်၊ ဒုစရိုက်ပပျောက်ရေး ...ပ်ရာ၊ ပဲခူးမြို့ပေါ်မှာ ကလေကချေတွေ၊ မှောင်ခိုသူ ...တွေ၊ ဘူတာရုံမှာ၊ ဘုရားဝန်းကျင်မှာ၊ ဈေးကြီးဝန်းကျင်မှာ၊ ...တားကြီးနားမှာ. . . စသည်ဖြင့် ပိုက်စိပ်တိုက်၍ ...လေရာ ဖိုးပိန်လည်းပါသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ရဲအချုပ်ထဲသို့ ဝင်ရသည်။

အရက်ဆိုင်မှာ သံမံတလင်းပေါ်ဖြစ်သလိုအိပ်၊ ဈေးထဲကဆိုင်လွတ် ခုံလွတ်ပေါ်မှာ ဖြစ်သလိုအိပ်၊ ပေရေညစ်ပတ်နေသော ခန္ဓာကိုယ်ပေါ်မှာ တစ်ခါဝတ်လျှင် စုတ်ပြဲအိကျကာမှချွတ်လေ့ရှိသော၊ နံနံစော်စော်အဝတ်များနှင့်လုံးဝသန့်ရှင်းမှုလည်းမရှိ၊ ရာသီဥတုဒဏ်ကို အရက်နှင့်ကြံ့ကြံ့ခံခဲ့သူများပင်လျှင် အချုပ်ထဲရောက်တော့မခံနိုင်ကြပေ။

အချုပ်နေရာက ကျဉ်းကျဉ်း။

အချုပ်သားက များများ။

ပြည့်ညှစ်နေသော အခန်းကျဉ်းကလေးထဲမှာ ဖင်ချထိုင်ရုံကလွဲပြီး လှဲအိပ်လို့မရ။

ထမင်းကဆာသည်။ လာကျွေးမည့်သူမရှိ။ အပြင်မှာတော့ဟိုဆိုင်သည်ဆိုင် ကပ်ရပ်စားလို့၊ ခိုင်းတာလုပ်ပေးလျှင် ထမင်းနှင့်ပဲဟင်းရည်တစ်နပ်တော့စားရသေး၏။

အချုပ်ထဲမှာ စားစရာက နတ္ထိ။

ဝယ်စရာပိုက်ဆံက အပိုမပါ။



လက်ထဲမှာ ပိုက်ဆံမရှိဘဲ အပြင်လောကတွင် လူအဖြစ်ရပ်တည်နေသည့် ဖိုးပိန်လိုလူးစားမျိုးကာ ပြင်ပလောကနှင့် ကင်းကွာပြီဆိုတော့ ဘာမှမလုပ်နိုင်။

အရက်သောက်ချိန်ရောက်လာတော့ မနေနိုင် မထိုင်နိုင်ငါးရံ့ပြာလူးဖြစ်လာရ၏။

တအေ့အေ့တဝေ့ဝေ့ဖြင့် လေမျိုးတွေထသည်။ လေတွေအန်သည်။ ဆေးလိပ်ဆာတာကတစ်ဖုံ။

ကြမ်းပေါ်က ကြမ်းပိုးကကိုက်သေး၏။

အပြင်မှာ တွေ့ရာနေရာလှဲအိပ်ရာ၌ အရက်မူး၍ ကြမ်းပိုးကိုက်သည် ခြင်ကိုက်သည်ကို မသိခဲ့။

အခုမှ ဤဒဏ်ကို လှလှကြီးသိရသည်။

မြန်မြန်မိုးလင်းအောင်သာ ဆုတောင်းရတော့၏။

အပြင်မှာ ဆွေမျိုးရှိသူတွေကအချုပ်ရဲစခန်းသို့ လာကြကာ လက်ဖက်ရည်၊ ဆေးလိပ်ပို့ကြသဖြင့် စားကြသောက်ကြရသည်။

ဖိုးပိန်တို့မှာတော့ လာပို့မည့်သူမရှိ၍ သူများဘာကာစားတာသောက်တာ ငေးမျှော်ကြရ၏။ ဗိုက်ထဲက ဘကြွတ်ကြွတ်နှင့်တဂွီဂွီမြည်လာသည်ကို ချိုးနှိမ်ထား ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ရုံးထုတ်သွားပြီး တရားရုံးက ညနေမှာ ယမန်တစ်ပတ်ထောင်အချုပ်ကြီးအမိန့်ချတော့ ကားပြာစီး ပြီး ထောင်ကြီးသို့ရောက်ခဲ့ရပြန်သည်။

ထောင်ဝသို့ဝင်လိုက်သည်နှင့်ပင် နဖူးတွေ့ဒူးတွေ့ လက်တွေ့ထောင်၏အရသာကို မြည်းစမ်းကြည့်ရတော့၏။

ထောင်ထဲမှာအိပ်ရသည့်အရသာကိုတွေ့ရ၏။

သို့သော်. . .

ထမင်းတော့ အချိန်မှန် အချိန်မှန်စားရ၏။ တော်သေး၏။

နံနက်ဂံဆီခေါ် ဆန်ပြုတ်ရသည်။

နံနက်စာ ညစာမှာ ရေကြဟင်း ချဉ်ရည်ဟင်းနှင့် ငါးပိကြော်ဖုတ်တစ်ဖဲ့။ ဆန်က ကြမ်းတမ်းမာကြောသည်။

ဘာပဲပြောပြော လုံးဝအစာမစားရဘဲနှင့် ဝတ်ဝတ်ပြုတ်ပြုတ်နေတာနှင့်စာလျှင် တော်သေးသည်ဟု သဘောထားရသည်။

သို့သော် ယမန်ကြီးတစ်ပတ်ဆယ့်လေးရက် တော့ ကောင်းစွာနေရန်ခြေချုပ်ဖြင့် ပြန်လွတ်လာသည်။

ထိုအခါကျမှ မည်မျှအောက်ကျနောက်ကျ နေရသည့်ဘဝပင်ဖြစ်ပါစေ၊ အချုပ်ထဲထောင်ထဲထက်



တော်ပေသေးသည်ဟု သဘောပေါက်ကြရတော့၏။

အချုပ်ဆို ဝေလာဝေး။

ထောင်ဆို တော်ပါပြီ။

ထို့ကြောင့် ယခုမောင်ရှမ်းက အချုပ်ထဲနှင့် ထောင်ထဲဘို့ဟု စကားစလိုက်တော့ ဖိုးပိန်ကျောချမ်း သွားရသည်ပ။

"ဒီလိုဆို ကျွန်တော်တို့ ဒီမှာရှိနေကြတာ သိသွား ပြီလားအစ်ကို"

"အဲဒါသိမှာစိုးလို့ မင်းကို ပဲခူးမသွားနဲ့လို့ ပြော တာပေါ့"

မောင်ရှမ်းက ချော့မော့သံဖြင့် အပိုင်ပြောရတော့၏။

"ကျွန်တော်က ပဲခူးကိုလွမ်းမိလို့ပါ"

"နောက်မှလွမ်းကွာ၊ ဒီအချိန်က ပဲခူးအကြောင်း စကားတောင်မဟသင့်တဲ့အချိန်၊ မင်းရောငါရောနာမည် တွေပြောင်းထားကြတာပဲကြည့်တော့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အစ်ကို"

"အေး. . . နောက်ကိုပဲခူးသွားဖို့မပြောနဲ့"

"မပြောတော့ပါဘူး အစ်ကို"

ဖိုးပိန် တစ်ခါတည်းငြိမ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သည့်တော့မှ မောင်ရှမ်းမှာသက်ပြင်းချနိုင်တော့သည်။

သို့သော်. . . သည်ကောင့်ကိုသိပ်တော့ စိတ်မချရသေး၊ ပဲခူးမှာလို မကွေးမှာအပေါင်းအသင်းမရှိလှ။

တစ်ခါတစ်ရံတော့ ပရိဘောဂအလုပ်ရုံထဲမှ အလုပ်သမားလေးတွေနှင့် ရောရောနှောနှောနေတာရှိသည်။

အလုပ်ထဲသို့ သူ့ကိုထည့်သုံးဟန်ပြုထားဖို့ကလည်း ဖိုးပိန်လိုလူစားမျိုးမှာ တကယ်တော့လက်ကြောတင်းအောင် အလုပ်လုပ်ချင်ကြသူမျိုးမဟုတ်ကြ။

သူများပေးတာ ကမ်းတာ စားသောက်ပြီးပါဟီရတွေလုပ်၍ အောက်ကျနောက်ကျနေတတ်သည်လွဲ၍ အတတ်ပညာကိုလိုချင်သူ၊ လက်မှုပညာကိုယ်ခန္ဓာခွန်အားဖြင့် ထမင်းဝစ်လုတ်စားချင်သူမျိုးမဟုတ်။

တော်ရိရော်ရွ ဖြစ်သလိုပြီးဆုံးကာနေတတ်သလိုနေပြီးအရက်သောက်နေရလျှင်ပြီးသည့် လူပေါ်ကြော့ထဲကတွေမို့ သူ့ကို အရက်တိုက်ထားလျှင်ရပြီဟုသာ



မောင်ရှမ်းသဘောထားလိုက်ရတော့၏။

ဒါပေသိ သတိတော့ အမြဲထားနေရသည်။

(၅)

ရာသီတွေပြောင်းခဲ့ပြီ။

နှစ်နှစ်ဆိုသည်ကလည်း ဘာမှမကြာလိုက်သည်မသိ။

မကွေးသို့ သူတို့ရောက်လာကာအခြေချခဲ့ကြသည်မှာ နှစ်နှစ်ပင်စွန်းခဲ့ပြီဖြစ်ရာ မောင်ရှမ်း၏ဝင်ငွေမှာလည်းတိုးသည်ထက်တိုးလာလေသည်။

သူ၏မိုးဦးပန်း ပရိဘောဂမှာ အညာမြေလတ်တစ်ခွင်၌နာမည်ရလာသဖြင့် ရေနံချောင်းမှ နေရှင်နယ်စတိုး ကိုသိန်းလွင်ကပင် ဒိုင်ခံဖောက်သည်သဘောယူ၍ ဆက်သွယ်လာသည်။

မကွေးမြို့မှာ တိုင်းမြို့ကြီးဖြစ်သောကြောင့်လည်း အချက်အခြာကျသဖြင့် ရန်ကုန်နှင့်မခြား ပစ္စည်းစုံထားရသည်။ မြို့နယ်များမှ ဘာပဲလိုချင်လိုချင်မကွေးကိုဆက်လာကြရ၏။

ရေနံချောင်းမှ ပရိဘောဂဖောက်သည်မိတ်ရရှိသလိုတောင်တွင်းကြီး၊ အောင်လံ၊ ပခုက္ကူစသည့်မြို့ကြီးများမှလည်း မောင်ရှမ်း၏ဖောက်သည်တွေ တိုးပွားလာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မောင်ရှမ်းက ပရိဘောဂဒီဇိုင်းများကို စာအုပ်များ မှယူ၍ ဦးချောလူအားပြသရာ ဉာဏ်မြင့်သော ဦးချောလူ ကမြို့ရောတောပါ နှစ်သက်မည့် ဒီဇိုင်းပုံစံမျိုးထွင်၍ လုပ်သဖြင့်လည်းတွင်ကျယ်လာခြင်းဖြစ်သည်။

နယ်မြို့များ၏နှစ်သက်မှုမှာ ခိုင်ခံ့ခြင်းပင်ဖြစ်သည် ရန်ကုန်ပရိဘောဂတွေလို ပုံဒီဇိုင်းကျပြီး သစ်ပါးလေးများနှင့် လုပ်လို့ကတော့ လက်မခံ။

သစ်ပေါ ဝါးပေါသောဒေသဖြစ်၍လည်း ရန်ကုန် လိုသစ်ထုထည်ကို ခိုကပ်ချွေတာဖို့မလို။

ဒီဇိုင်းဆန်းဆန်းပုံသွက်သွက်မှာ ခိုင်ခံ့သော ထုထည် စရွေးကောင်းကောင်းလုပ်ရ၏။ ဒါမှကြိုက် သည်။

ဦးချောလူက သူ၏ပိသုကာလက်ရာအမွေကို သမီးဖြစ်သူမချောအားလက်ထပ်သင်ပေးထားသဖြင့် မချောမှာ သစ်ရွေး၊ သစ်ကိုင်၊ ပုံစံထုတ်အားလုံးနားလည် သည်။

ယုတ်စွအဆုံး ဆက်တီကုလားထိုင်၏ ကြိမ်ကို ပင် ထိုးတတ်နေလေပြီ။



ပါလစ်ဖျော်တတ်ပြီး သုတ်တတ်ပြီ။

ဤသို့ သင်ပေးတတ်သည်က သူတစ်စုံတစ်ခု ဖြစ်ခဲ့သော် ဤလုပ်ငန်းဖြင့် တစ်ဦးတည်းသော သမီးအပျိုကြီးမချော၏ ဘဝလမ်း ဖြောင့်ဖြူးစေရန်ဖြစ်၏။

အခု ဤအဓိပ္ပါယ် ပေါ်လေပြီ။

အကြောင်းမူ အလုပ်လုပ်နေပြီး ဦးချောလူမှာ မူးသည်ဟုဆိုကာ ရုတ်တရက် သတိလစ်လဲကျသွားခဲ့၏။

ကပျာကယာဆေးခန်းသို့ ပို့သည်။

ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ ဆေးခန်းတွေ ရှိသည့်အနက် နာမည်ကျော်ဆေးခန်းမှ ဆရာဝန်ကြီးက စစ်ဆေးကြည့်ရှုပြီး ချက်ချင်းဆေးရုံသို့ တင်ခိုင်းလိုက်ရာ တင်လိုက်ရတော့သည်။

မကွေးတိုင်းဆေးရုံကြီးမှာ ဗိုလ်ချုပ်လမ်းနှင့် မနီးမဝေးမို့ချက်ချင်းပင် ဆေးရုံရောက်ပြီးဖြစ်သည်။

သို့သော် သတိပြန်မလည်ချေ။

ဆရာဝန်က ဦးချောလူ၏ မျက်လုံးများကိုဖွင့်၍ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ မျက်လုံးတစ်ဖက် လက်ဝဲမှာ လုံးဝလှုပ်ရှားခြင်း မပြုတော့သည်ကိုတွေ့ရ၏။

သွေးချိန်ကြည့်ရာ အပေါ်သွေး အောက်သွေး

www.burmeseclassic.com

www.burmeseclassic.com



အဆမတန် တက်နေလေပြီ။

ဦးနှောက်ကြောတစ်ဖက်ပြတ်သွား၍ဖြစ်သည် ဟု မှတ်ချက်ပြု၏။ ဦးချောလူ၏ အသက်ရှူသံမှာ အဝေးကပင်ကြားလောက်အောင် ဝက်တစ်ကောင်အော် နေသလိုထင်ရ၏။

ပါးစပ်ဟပြီးအသက်ရှူနေရရှာပုံမှာ ဘေးမှ လူများ ရင်မောစရာပါလေ။ သတိပြန်လည်မလာသော် လည်း ဘေးမှသမီးနှင့်မောင်ရှမ်းတို့၏ စကားပြောသံများ၊ သူ့အလုပ်ရုံမှ အလုပ်သမားခေါင်း၏ ပြောသံများကိုမူ ကြားသိသလို ဦးချောလူ၏ မျက်လုံးအိမ်မှ မျက်ရည်များ သွင်သွင်စီးကျလာသည်ကိုတွေ့ရပြန်သည်။

သို့ဖြင့် နှစ်ရက်လုံးလုံး သတိလစ်မေ့မြောနေခဲ့ရာ မှတတိယမြောက်နေ့တွင် ဦးချောလူ ကွယ်လွန်သွားလေ တော့သည်။

သမီးမချောတစ်ယောက်တည်း ကျန်ရစ်ရလေပြီ။

ဦးချောလူ၏ ဈာပနကို မောင်ရှမ်းကပင် ဦးဆောင်ကာအလုပ်သမားခေါင်းဆောင် ကိုသိန်းလှ၏ အကူအညီဖြင့် ခမ်းနားစွာ သင်္ဂြိုဟ်၏။ ရက်လည်ဆွမ်း ကျွေးပြီးသည်အထိ မချော အိတ်ထဲမှတစ်ပြားတစ်ချပ်မှ



ပင်မကုန်စေဘဲ မောင်ရှမ်းပင်တာဝန်ယူလိုက်သည်။

ဒါသည်ပင်မချောနှင့်တကွ အလုပ်ရုံတစ်ရုံလုံးကို စည်းရုံးလိုက်ခြင်းပင်ဖြစ်သည်။ မောင်ရှမ်းက ဤနှယ် မြင်၍ ကျင်လေသည်။

ဦးချောလူ ရက်လည်ပြီးနောက် မောင်ရှမ်း မချော နှင့် အလုပ်သမားခေါင်းဆောင် ကိုသိန်းလှတို့ ဆွေးနွေး ကြရသည်။

သူတို့လုပ်ငန်းများကိစ္စအတွက် ဆွေးနွေးရသည်။

"အလုပ်ရုံကိုတော့ ဆက်လုပ်ကြရမှာပဲ၊ ဦးလေး မရှိတော့ပေမယ့် မချောက ဦးလေးရဲ့ အရိုက်အရာကို ဆက်ခံရလိမ့်မယ်"

မောင်ရှမ်းက သိမ်မွေ့စွာ စတင်လိုက်၏။

"မှန်ပါတယ် ဆရာ"

အလုပ်သမားခေါင်းဆောင် ကိုသိန်းလှက ထောက်ခံ၏။

"ဒီတော့ ကိုသိန်းလှတို့ဘက်ကလဲ ဟိုတုန်းက အတိုင်းဦးလေးရဲ့ကိုယ်စား မချောရဲ့စီမံမှုနဲ့ ဆက်လုပ်ကြ ရမယ်လေ။ စည်းကမ်းတော့ထားကြတာပေါ့။ ဦးလေး တုန်းကတော့ ကိုယ်တိုင်ဝင်လုပ်နိုင်တယ်။ [illegible]ကျား

www.burmeseclassic.com

www.burmeseclassic.com



သားကို၊ အခုမချောကတော့ နားလည်တာ စီမံအုပ်ချုပ်တတ်တာပဲရှိတယ်။ မိန်းမသားဆိုတော့ အလုပ်ကြမ်းကို ကိုယ်တိုင်ဝင်ပြီး လုပ်နိုင်မှာမဟုတ်ဘူး၊ အဲဒါတော့ ခွင့်လွှတ်ကြရလိမ့်မယ်"

"ဖြစ်ပါတယ်ဆရာ"

"အားလုံးအလုပ်ရုံရဲ့စီမံမှုဟာ မချောမှာတာဝန်ရှိသလိုအလုပ်သမားတွေကို တိုက်ရိုက်စီမံအုပ်ချုပ်မှု၊ လုပ်ကိုင်မှုနဲ့ ပစ္စည်းအထွက်ကောင်းဖို့ကတော့ ကိုသိန်းလှတာဝန်ပေါ့"

"ဟုတ်ကဲ့. . . ကျွန်တော်တာဝန်ယူပါတယ်"

"ကိုသိန်းလှကိုလဲ အဲဒီအတွက်လုပ်ခအပြင် အုပ်ချုပ်မှုကြေးသီးသန့် ထပ်ဆောင်းပေးပါ့မယ်၊ အဲဒါကိုတော့ မချောကမပေးဘဲ ကျွန်တော်ကပဲပေးပါ့မယ်"

မချောလဲ သက်သာစေရန်တစ်ဖက်မှ ကိုသိန်းလှကိုလဲချုပ်ကိုင်ပြီးဖြစ်စေရန် မောင်ရှမ်းစီစဉ်လိုက်ခြင်းဖြစ်၏။

လစာသီးသန့်ပိုရမည်ဆိုတော့ သိန်းလှသည် အလိုလိုမောင်ရှမ်းလက်အောက်သို့ ရောက်လာရပေမည်မဟုတ်လား။



ဤနည်းဖြင့်အလုပ်ရုံတစ်ခုလုံးမှာမောင်ရှမ်းက တစ်ဖက်မှ ထူထောင်လိုက်ခြင်းပင် ဖြစ်တော့သည်။

ဤသို့ဖြင့် မချောဦးစီးသည် ဆိုသော်လည်း တစ်ဖက်မှ မောင်ရှမ်းကြိုးကိုင်ထားကာ ပရိဘောဂအလုပ်ရုံကို ပြန်၍လည်ပတ်စေခဲ့လေတော့၏။

အလုပ်ပုံပြောင်းသွားသလို မောင်ရှမ်းနှင့် မချောတို့၏ ဆက်ဆံမှုပုံစံလည်း တစ်မျိုးပြောင်းလာခဲ့၏။

မောင်ရှမ်းက မယားကွဲ မယားကွာ၊ တစ်ခုလပ်သားနှစ်ယောက်ရှိသည်။ မယားကြီးနှင့် ပြတ်စဲကင်းရှင်းပြီဟု မချောကို မောင်ရှမ်းက နားသွင်းမှုန်းမသိ နားသွင်းခဲ့ရာ ယုံကြည်လျက်ရှိ၏။

ယခုမချောတို့နှင့် အနီးကပ်နေခဲ့သည် ကာလနှစ်အပိုင်းအခြားတွင်းဝယ် မောင်ရှမ်း၏မယားသော်လည်းကောင်း သားသမီးများသော်လည်းကောင်း၊ ဆွေမျိုးနီးစပ်များသော်လည်းကောင်း တစ်ဦးတစ်ယောက်မျှပင် လာရောက်ကြခြင်းလှမ်းဆက်သွယ်ကြခြင်း မပြုသည်ကို ထောက်ရှုကာ မချော၏ယုံကြည်မှုပို၍ ခိုင်မာစေခဲ့၏။

တကယ်တော့ မောင်ရှမ်းက မကွေးမှာရောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို မန္တလေးဟုလှည့်ထား၍ သာပါ။

လွတ်လွတ်လပ်လပ် အသက်လည်းသိပ်ပြီး မကြီးသေး၊ မိမိထက်စာလျှင်တော့ ရှစ်နှစ်ခန့်ကြီးသည့် အစ်ကိုကြီးအရွယ်ငွေကြေးချမ်းသာသည်က မြင်သည့် အတိုင်းပင်။

သည့်ထက်ပိုပြီး သဘောကျစရာက မိမိနှင့် အလုပ်အတူ တစ်စီးပွားတည်းကို လုပ်နေသူ၊ နေထိုင်တော့လည်းခြံကြီးတစ်ခြံတည်းမှာ၊ စားတော့လည်း မိမိချက်ကျွေးသည်ကို စားနေသည်။

ထို့ကြောင့် အလုပ်သမားခေါင်းဆောင်ကိုဆိန်းလှ၏ ဇနီးမမြင့်ရွှေ စကားလာ၍တီးခေါက်သည်ကို ဘာပြောရမှန်းမသိဖြစ်၍ ရှက်နေမိလေသည်။

"ညည်းကိုငါက ကောင်းစားသထက် ပိုပြီး ကောင်းစားအောင် ပြောတာပါအေ"

"အစ်မပြောတာ ကျွန်မသဘောပေါက်ပါတယ်"

"နို့ . . . ဘာလို့ အင်းမလုပ်အဲမလုပ်ဖြစ်နေရတာလဲ၊ ညည်းမှာရည်းစားရှိလို့လား"

"ဟင့်အင်း . . . မရှိပါဘူး"



"ဒါဖြင့်လဲ ခေါင်းညိတ်လိုက်ပေါ့အေ"

"သူ . . . သူက ပြောခိုင်းလို့လားအစ်မ"

မချောက ကတုန်ကယင် ပြန်မေး၏။

မမြရွှေက ဆေးပေါ့လိပ်ကို မီးညှိဖွာလိုက်ပြီး . . .

"အမယ်လေးတော် . . . ကြက်တူရွေးက ခပ်တော်တော် ကြားကမယ်ဘော်ကကဲတယ်လို့ ညည်းထင်လို့လားအေး၊ သူမပြောခိုင်းဘဲ ကျုပ်ကလာပြီး လျှာရှည်ရအောင် ဝါသနာမရှိဘူးတော်ရေ့၊ ကျုပ်တို့ရဲ့ အလုပ်ရှင်မို့ သူပြောခိုင်းတာ လာပြောရတာတော့"

မမြရွှေက ခပ်ဆတ်ဆတ်ကလေး ပြန်ပြော၏။

"ဟုတ်ပါပြီအစ်မရယ် . . . ကျွန်မမေးတာ စိတ်မဆိုးပါနဲ့၊ သူကဘာပြုလို့ ကျွန်မကို တိုက်ရိုက်မပြောတာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဒါမျိုးဆိုတာ ကြားလူလိုတယ်လေကွယ်၊ ကလေးမွေးတာတောင်မှ ဝမ်းဆွဲလက်သယ်ပါရသေးတာဟဲ့ ကောင်မလေးရဲ့၊ မူလဂျီတွန်နီတွေလုပ်မနေစမ်းနဲ့၊ ညည်းလိုအလုပ်ရုံအပေါ်ထပ်ကလေးကနေပြီး ဟိုဘက်လုံးချင်းအိမ်ပေါ် ငါကတင်ပေးမှာ၊ ညည်းတို့လုပ်ငန်းကို ပေါင်းလိုက်ရုံပဲ၊ ညည်းလဲလုပ်ငန်းပိုင်ရှင်ကတော် ဖြစ်သွားမှာ၊ ကဲ. . . ဘယ်လိုလဲ"

"စဉ်းစားဖို့အချိန်မပေးတော့ဘူးလားအစ်မရယ်"

"ညည်းက ဘာများစဉ်းစားချင်သေးလို့လဲ၊ ဆရာရှမ်းဟာ နေ့တဒူဝ ညည်းမျက်စိအောက်မှာတွေ့နေရတာပဲ၊ ညည်းချက်ကျွေးတာစားပြီး ညည်းနဲ့အလုပ် စပ်တူလုပ်နေတာ တစ်ခြံတည်းနေ တစ်ရေတည်းသောက်တွေ၊ သူစိမ်းတရံစာလာပြောတာမှ မဟုတ်ဘဲ"

"ဒါတော့မှန်ပါတယ်၊ အဖေဆုံးပြီးတော့ သိပ်မကြာသေးခင် ဖြစ်ပါ့မလား"

"အေးပါဟယ် . . . ခု ရေတွင်းတူး ခုရေကြည်သောက်လို့ကတော့ ငါကမပြောပါဘူး၊ အခုဝါဝင်ပြီဆိုတော့ သီတင်းဝါလကျွတ်ရင် နင့်အဖေဆုံးတာလဲ ဆယ်လလောက်ရှိသွားမှာမို့ ရက်သာရွေးပြီး စီစဉ်လိုက်



ကြတာပေါ့ ကဲ. . . ငါဘယ်လိုဆရာရှမ်းကို ပြန်ပြောရမလဲ"

မမြရွှေက အပိုင်ချည်၏။

"ဟဲ့. . . ပြောလေ၊ အမေးရှိရင် အဖြေရှိရမှာပေါ့"

သည်တော့မှ မချောက ပြန်ဖြေ၏။

"ကျွန်. . . ကျွန်မ. . . မငြင်းပါဘူးလို့ . . အခင်း"

(၆)

မင်္ဂလာပွဲကို အကျဉ်းချုံးလိုက်ကြသည်။

အကျယ်ချဲ့၍ ငွေဖြုန်းမည့်အစား ကုသိုလ်လုပ်သည်။ အိမ်မှာလည်း လူပျိုမဟုတ်၍ ပကာသနဇာချဲ့စရာမျိုးထုတ်စရာမလိုဟုမောင်ရှမ်းက အကြောင်းပြကာစီစဉ်ခြင်းဖြစ်၏။

တကယ်တော့ သိပ်ပေါ်ပေါ်ထင်ထင် သတင်းတွေကြီးမားကျယ်ပြန့်သွားမည်စိုး၍ ထိန်းလိုက်ခြင်းဖြစ်၏။

နံနက်ခြံတွင်းမှအိမ်မှာ သံဃာတော်များပင့်ဖိတ်၍ မင်္ဂလာဆွမ်းကျွေးသည်။ တစ်ရက်ကြိုပြီး မကွေးသလွန်ဘုရားကြီးမှာ ရွှေသင်္ကန်းအတူလှူကပ်သည်။

မင်္ဂလာဆွမ်းကျွေးပွဲကို သူ၏လုပ်ငန်း ဖောက်

www.burmeseclassic.com

www.burmeseclassic.com



သည်များထံစာပို့ဖိတ်ကြား၏။

ရေနံချောင်းမှကိုသိန်းလွင်၊ တောင်တွင်းကြီးမှကိုခင်မောင်သန်း၊ ပခုက္ကူမှ ကိုလှိုင်၊ အောင်လံမှ ကိုလှငွေ၊ အထက်မင်းလှမှ ကိုချစ်လွင် စသူတို့လာကြသည်။

မင်္ဂလာလက်ဖွဲ့လက်ဆောင်ပင် ပေးသွားကြ၏။ လုပ်ငန်းဆက်စပ်မှုကြောင့်လည်း ဖြစ်လေသည်။

မချောမှာ အလုပ်ရုံအပေါ် ထပ်ခိုးခန်းကလေးမှ မောင်ရှမ်း၏ ပျဉ်ထောင်အိမ်ပေါ် သို့ ပြောင်းရွှေ့ခဲ့ရတော့သလို. . .

ဖိုးပိန်ကိုလည်း အိမ်ပေါ် မှနေ၍ အလုပ်ရုံထပ်ခိုး၊ မချောအခန်းသို့ပြောင်းရွှေ့လိုက်ရသည်။

ဒါမှလည်း ဖိုးပိန်ကို မောင်ရှမ်းနှစ်ယောက်ချင်း စကားပြောလို့ရမည်။ မချောမသိမကြားစေရန်ဖြစ်သည်။

သည့်အပြင် အလုပ်ရုံထဲမှာ အိပ်အိပ်စားစားဖြင့် ညစောင့်လိုနေသည်။ အောင်ထွန်းကိုလည်း စိတ်မမှန်သည့် ဖိုးပိန်ဘယ်သွားသည်။ ဘာလုပ်သည်။ ဘာပြောသည်ကအစ စောင့်ကြည့်ရန်၊ အရက်မူးလျှင်ထိန်းရန် သီးခြားတာဝန်ကို မောင်ရှမ်းကပေးလိုက်၏။



အောင်ထွန်းအတွက် သီးသန့်လစဉ် မောင်ရှမ်းကထောက်ပံ့ခြင်းဖြင့် သူ့လူဖြစ်လာစေပြန်၏။

အောင်ထွန်းမှာ စေတုတ္တရာမှလာ၍ အလုပ်လုပ်ရသူဖြစ်ရာ နေစရာမရှိ၍ အလုပ်ရုံမှာ ခွင့်တောင်းနေရသူဖြစ်ရာ၊ ယခုလိုပိုင်ရှင်၏လူဖြစ်ရသောကြောင့် ဖိုးပိန်အား ဂရုစိုက်ကြည့်ပြီး လှုပ်ရှားသမျှ မောင်ရှမ်းအားပြန်၍တင်ပြရလေသည်။

မောင်ရှမ်းအဖို့မှာ မချောကိုရလိုက်ခြင်းသည် လူကိုရသည်သာမကဘဲ အလုပ်ရုံကြီး တစ်ခုလုံးကို စီးလိုက်မိခြင်း ဖြစ်တော့၏။

ခါတိုင်းလို မချောကို အလုပ်အတွက် ကန်ထရိုက်ကြေး ပေးစရာမလိုတော့။ အလုပ်ရုံတစ်ခုလုံး၏ ရင်းနှီးကုန်ကျစရိတ်ကို မောင်ရှမ်းကထုတ်ပေးပြီး ထွက်သမျှပစ္စည်းအပေါ် သူ၏အမြတ်ချည်းသာဖြစ်၏။

အလုပ်သမားခတော့ ရှင်းရ၏။

ဒါပေသိ ယခင်က မိမိအတွက် ကြေးတစ်မျိုးတည်း။

ခုတော့ မချော၏ကြေးလည်း မိမိလက်ဝယ်သို့ ရောက်လာလေခဲ့ပြီ။ မချော ငွေကြေးလုပ်ငန်းတို့ပါ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှမ်းက တစ်ကြောတည်း သူ့နည်းဖြင့် အပိုင်စီး ယူလိုက်ခြင်းသာပ။

ရိုးသည့် ဖြောင့်မတ်သည့် မချောခများမှာတော့ အလုပ်ကို ကြိုးစားစီမံသည်။ အိမ်ထောင်မှု တာဝန် မပျက်ကွက်စေရ။ လင်သားအပေါ် ယုယကြင်နာသည် ကလွဲပြီး လောကကြီးအကြောင်းကို ဘာမှမသိ။

ဆေးဝါးအကြောင်း နားမလည်။

မချောနှင့်သားသမီးမရအောင် မောင်ရှမ်းကသူ ၏မိတ်ဆွေဆရာဝန်နှင့် ကပ်၍အားဆေးဟုပြောပြီး ပဋိသန္ဓေတားဆေးကို နှစ်အလိုက်ကာကွယ်ရန် ထိုးပေးထား၏။

ထို့ကြောင့် သားသမီးမရသေး။

ရရှိလာလျှင် ပထမ အိမ်ထောင်က မငြိမ်းနှင့် ရပြီးသော သားသမီးများနှင့် ရှုပ်ထွေးမှာစိုး၍ ဖြစ်၏။

မုဆိုးကို စိုင်သင်သည်ဟု ဆိုခလေ့ကဲ့သို့ မောင်ရှမ်းလည်း သူ့ဘဝခရီးကို လျှို့ဝှက်စွာလျှောက်လှမ်း ရင်း တစ်ခုပြီးတစ်ခု သိုသိပ်မှု၊ အရှောင်အတိမ်း၊ အချိန် အခါ ကြည့်တတ်မှုစသည့် ဘဝပေးပညာတွေ ရလာခဲ့ သည်ပ။



မငြိမ်းတို့သားအမိထံသို့လည်း ငွေကြေးအပြည့် အစုံပို့ပေးနေသည်။

လုပ်ငန်းအခြေချပြီးရင် မငြိမ်းတို့ကို ခေါ်မည့် အကြောင်းလည်း စာရေးတိုင်းထည့်ရေးသည်။

xxxxxxxxxxx

နှစ်တွေ ကြာညောင်းသည်နှင့်အမျှ ခေတ်တွေ ကလည်း ပြောင်းလာခဲ့၏။

သုံးနှစ်။

ဘာမှမကြာလိုက်ဟု ထင်ရ၏။ သုံးနှစ်တာခရီး သည် မကွေးမြို့မှာ မောင်ရှမ်းနှင့် ဖိုးပိန်တို့၏ ဘဝများ အပြောင်းလဲကြီး ပြောင်းလဲခဲ့ကြသည်။

လမ်းပန်းဆက်သွယ်ရေး စနစ်သည်လည်း ခေတ် သစ်နှင့် အတူထွန်းပေါ်လာရ၏။

မြန်မာပြည်တစ်လွှား တစ်နံတစ်လျားမှာ လမ်းဟူ ၍မရှိသည့်ဒေသမရှိစေရဟု လမ်းသစ်တွေဖောက်သည်။ လမ်းဟူ၍ရှိလျှင် မော်တော်ကားသွားနိုင်ရမည်။ ဆယ်သွယ်ပို့ဆောင်ရေး လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ပဲခူးသို့ မကွေးမှ သွားလိုလျှင် ရန်ကုန် အထိမော်တော်ကားစီးပြီး ရန်ကုန်က ပဲခူးသို့တစ်ဖန် သွားရ၏။

ဒါမှမဟုတ် ထောက်ကြန့်မှာဆင်းပြီး ပဲခူးကားကို ပြောင်းစီး။

ခုတော့ ပဲခူး-ပြည်၊ မကွေး-ပဲခူး စသည့်ဖြင့် တိုက်ရိုက်ပြေးဆွဲသည့်ကားတွေ ပေါ်လာသည်။ သမဝါယမ အသင်းများမှ တည်ထောင်သော ကားတွေ ပေါ်လာ၏။

ဟိုစဉ်တုန်းကတော့ မကွေးမှ ပုဂ္ဂလိကပိုင် ကားများမှာ အောင်သူ၊ မြေလတ်သား၊ သစ္စာရှင်၊ ကြံ့တိုင်းအောင်၊ ထိပ်တန်းစသည့် ဟီးနိုးကား အဟောင်းကြီးများနှင့် ဘီအမ်ငယ်များ။

ခုတော့. . . . နောက်ဆုံးပေါ် ဟီးနိုးကား သစ်ကြီး များပင် ဝင်ရောက်လာလေသည်။

မကွေးမြို့ကြီးမှာလည်း တိုင်းမြို့တော်ကြီးဖြစ်သည်နှင့်လျော်ညီစွာ ဆောက်လုပ်မှုများ၊ ပြင်ဆင်မွမ်းမံမှုများ၊ လှပသောပန်းခြံများဖြင့် ပို၍ပို၍သာယာ လာသည်။



ရုံးကြီးများ အမိကရုံးစိုက်ရာတိုင်းမြို့ဖြစ်သောကြောင့်လည်း စည်စည်ဝေဝေရှိလာကာ ရောင်းဝယ်ဖောက်ကား မှုအင်အား တိုးတက်လာသည်။

မြို့ထဲမှာ လူတစ်ယောက် ပျောက်သွားလျှင်သော်မှ ရှာရဖွေရခက်သလို စည်ကား ရှုပ်ထွေး လာလေသည်။

မြို့ပြင်မှာလည်း လမ်းသစ်တွေဖောက်ပြီး လုပ်ငန်းသစ်များကို တိုးချဲ့ရန် ဆိုင်ရာက စီစဉ်လျက် ရှိနေပြန်သဖြင့် အလုပ်သမားများ၊ ကားများမှာ ပျားပန်းခပ်နေသည်။

လုပ်ငန်းသစ်များအတွက် ရုံးသစ်များလည်း ထပ်ဖွင့်ရာ ပရိဘောဂကန်ထရိုက် ထပ်၍ရပြန်၏။

ကန်ထရိုက်ကိစ္စများနှင့် မောင်ရှမ်းမှာ နံနက်မှာ ညမိုးချုပ်သည်အထိ ဆိုင်ရာရုံးများ၊ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆက်သွယ်နေရသဖြင့်၊ ယခုတစ်လော အိမ်မှာမကပ်နိုင်ဘဲ၊ မိုးချုပ်မှ အိမ်ပြန်ရောက်ရသဖြင့် အလုပ်ရုံသို့ပင် ဝင်မကြည့်ဖြစ်ခဲ့။

ဖိုးပိန်ပျောက်နေသည်ကို အောင်ထွန်းလာပြောမှ

www.burmeseclassic.com

www.burmeseclassic.com



သူသိလေသည်။

ခေါင်းထဲမှာ ဒိန်းခနဲဖြစ်သွားရသည်။

ဖိုးပိန်သည် အရက်မူးသော်လည်း ရန်လိုတတ်သူ တော့မဟုတ်။ ဒါကြောင့် အပြင်ကအရက်ဆိုင်တွေမှာ ခိုက်ရန်ဖြစ်ပွား၍ တစ်စုံတစ်ရာဖြစ်စရာ အကြောင်းမရှိ။

အိမ်မှာ ဘယ်လောက်ပဲအရက်ကို စည်ပိုင်းနှင့်ထည့်သောက်ပါစေ၊ ဆိုင်မှာသောက်နေကျမျိုးက ဆိုင်ကိုပဲ တမ်းတကြသည်။

ဖိုးပိန်သည် တစ်ခါတစ်ရံ မချောထံကပ်၍ ပိုက်ဆံတောင်းပြီး အရက်ဆိုင်သို့ လစ်သွားလေ့ရှိနေ၏။

မချောကိုတော့ သူချစ်သည်။

မမဟုခေါ်ကာ မချောစကားကိုပင် နားထောင်၏။

အောင်ထွန်းအား မြို့ထဲမှ အရက်ဆိုင်များနှင့် အရက်တဲလေးများထဲတွင် ဖိုးပိန်အား ရှာခိုင်းရသည်။ မတွေ့။

နောက်မှ အကြံရ၍ ဖိုးပိန်၏ အခန်းကို ဖွင့်ရှာကြည့်ရာ။ သူ့အား ဆင်ပေးထားသော စပို့ရှပ်အင်္ကျီ၊ ကချင်လုံချည် စသည်တို့မရှိဘဲ၊ ဆွဲအိတ်လည်း မရှိတော့သဖြင့် ဖိုးပိန် ခရီးတစ်ခုခု ထွက်သွားသည်ဟု သဘောပေါက်လိုက်ရတော့၏။



ဧကန္တ ပဲခူးသို့သွားတာပဲ ဖြစ်ရမည်။

မကွေး၊ ပဲခူး တိုက်ရိုက်ကားတွေ ထွက်နေ၍ တစ်လောတုန်းက ပဲခူးသွားလိုသော ဆန္ဒ သိထားရာ၊ ယခုလည်းပဲခူးသို့ သည်ကောင်ပြန်တာပဲ ဖြစ်ရမည်ဟု မောင်ရှမ်းတွက်လို့ရ၏။

သူ့မှာ မောင်ရှမ်းပေးထားသော ပိုက်ဆံရှိ၏။

သည်ကောင် ပဲခူးရောက်သွားပြီး နောက်ပိုင်းမှာ ဘယ်လိုစကားတွေပြောခဲ့ပြီး၊ ဘာတွေဖြစ်လာဦးမည်ကို မောင်ရှမ်းတွေးကာ ရင်မောနေရသည်။ အိပ်ရေးမဝ၊ အရိပ်မည်းခြောက်လှန့်မှုကို ခံစားနေရသည်။

သူလည်း ပဲခူးကိုသွားလို့မဖြစ်။

အပြစ်ရှိသူ ရာဇဝတ်မှု ကျူးလွန်မိ၍ ရှောင်နေရသူသည် ယူနီဖောင်းမြင်တိုင်း ထိတ်လန့်ရသည် မဟုတ်လား။

သို့ဖြင့် တစ်ပတ်အကြာမှာ ဖိုးပိန် ပြန်ရောက်လာ၏။ နာနတ်သီးတွေ ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှမ်းက သူ့အား မချောအလစ်တွင် ချော မေးမေးရတော့သည်။ ဆူပူငေါက်ငမ်းမှု မလုပ်တော့ဘဲ ဖိုးပိန်ကို အပျော့အနုနည်းဖြင့် ကိုင်ရတော့သည်။

"မင်းနွယ်ကွာ. . . ငါ့တောင်မပြောဘဲထွက် သွားတယ်"

"ဟာ. . . ပဲခူးကလာတဲ့ ကျွန်တော့်သူငယ်ချင်း ဟောင်းနဲ့ မကွေးလေဆိပ်မှာတွေ့ပြီး သူနဲ့အတူ ကပျာ ကယာတွေ့ပြီးလိုက်သွားရတာမို့ပါ အစ်ကို"

"အေးပေါ့ကွာ. . . ငါမင်းကိုအပြစ်မတင်ပါဘူး၊ သွားခဲ့ပြီးမှ ဘာတတ်နိုင်မှာလဲ၊ ကဲ. . . ဟိုမှာ ဘယ်သူတွေနဲ့ တွေ့ခဲ့တယ်။ ဘာတွေပြောခဲ့တယ်။ ဘာတွေကြားခဲ့ရတယ်ဆိုတာတော့ ပြန်ပြောပါဦး"

"အရင်မိတ်ဟောင်းတွေနဲ့ တွေ့ခဲ့တယ်အစ်ကို၊ သူတို့ကတော့ ဘိုင်ကျတုန်းပဲ၊ ကျွန်တော်သားသား နားနားနေတာတွေ့ရတော့ ဝိုင်းအုံလာကြတာ"

"ထုံးစံအတိုင်း ဝိုင်းနွှာကြတာပေါ့ကွာ"

"အင်္ကျီလုံချည်တွေ ပေးခဲ့တယ်၊ ပါလာတဲ့ပိုက်ဆံ နဲ့တိုက်ရပြုရပြန်တာပေါ့"



"အဲဒါတွေထားလိုက်၊ ငါ့အိမ်ရောက်ခဲ့လား"

"ရောက်ပါတယ်၊ မမငြိမ်းလဲ နေကောင်းတယ်"

"ဘာမေးသေးလဲ"

"အစ်ကို. . . မန္တလေးမှာ အလုပ်ကောင်းလား မေးတယ်"

"မကွေးဆိုတာများ မင်းယောင်ပြီးပြောခဲ့သေးလား"

"မကွေးမှာ ဒီလိုနေတယ်တော့ မပြောမိဘူးလေ၊ ဒါပေမယ့် မမငြိမ်းက သိနေသလိုပဲ"

"ဟေ. . . ပြောစမ်းမြန်မြန်၊ ဘာတဲ့တုန်း"

"ကျွန်တော် မကွေးက . . ."

"အဲဒီကောင်က ကျွန်တော်နဲ့ မကွေးကအတူ ခေါ်လာတာလို့ လွှတ်ခနဲပြောတာဗျ"

"ဒီတော့မင်းက ဘယ်လိုပြန်လှည့်ပြောခဲ့လဲ"

"မန္တလေးကနေ မကွေးကို အစ်ကိုခိုင်းလိုက်လို့ ခဏလာရင်းနဲ့ ပဲခူးကိုလိုက်လာတာလို့ဖြီးရတာပေါ့"

"တော်သေးတာပေါ့ကွာ"

မောင်ရှမ်းသက်ပြင်းချ၏။

သို့သော် စိတ်ထဲကတော့ မငြိမ်းသက်လှပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုရတနာချိုင့်ကြီးကိစ္စကော ဘာကြားသေးလဲ"

"ဟုတ်ပဲ့ . . . မေ့နေလိုက်တာ၊ ဟိုချိုင့်ပိုင်ရှင် အဘိုးကြီးအဘွားကြီး လင်မယားက ပဲခူးရဲမှာ တိုင်ချက်ဖွင့်ထားခဲ့တယ်ဆိုပဲ"

"တရားခံကော မိပြီတဲ့လားကွ"

"မမိသေးဘူးတဲ့"

"မသင်္ကာတဲ့ ဘယ်သူ့ကိုများ ဖမ်းဆီးထားသေးလဲ"

"အဲဒါတော့ ကျွန်တော်မသိသေးဘူးအစ်ကို"

မောင်ရှမ်းစဉ်းစားရသည်။

ဘာပဲပြောပြော ဖိုးပိန်ခုလို ကျကျနန ဝတ်စားကာ ပဲခူးသို့ပြန်ပြီး သုံးနိုင်စားနိုင်ခဲ့သည်ကို သိသွားကြပြီး သင်္ကာမကင်းဖြစ်စရာတွေရှိသည်။

ပဲခူးနှင့်သူ ဝေးခဲ့တာကြာပြီ။

သည်တော့ ပဲခူးကိုသူကိုယ်တိုင် တစ်ခေါက်တော့ပြန်ပြီး စနည်းနာဦးမှ တော်မည်။

မယားကြီးမငြိမ်းကိုလည်း နှစ်သိမ့်ရဦးမည်။

ထို့ကြောင့် ခြံနီးနားချင်း ဝပ်ရှော့ဆရာ ဦးသာရင်အားကားတစ်စီးရှာခိုင်းရ၏။ မောင်ရှမ်းက ကားမောင်း



တတ်သူဖြစ်သည်။ ပထမက သစ်တောမှာသစ်တင်လော်လီကားကြီးတွေမောင်းနေရာက လုံခြုံရေးဘက်သို့ ရောက်လာသူဖြစ်သည်။

ဦးသာရင် ရှာ၍ပေးသဖြင့် ဂျစ်ကားတစ်စီး ဝယ်ဖြစ်သွားသည်။ ထိုခေတ်ထိုကာလမှာ သောင်းဂဏန်း ပဲရှိသည်။ သောင်းကြီးတောင်မဟုတ်၊ သောင်းလေး။

ထိုမှတစ်ဆင့် မောင်ရှမ်းသည် ခြေနင်းစကြာရလာပြီဖြစ်၍ မကွေးမှုနေပြီး ခြေဆန့်လေတော့၏။

တစ်နေရာတည်းမှာ ငြိမ်ကုတ်နေခြင်းထက် ပြင်ပသတင်းလည်း အမြဲနားစွင့်နေရပေမည် မဟုတ်လော။

လောလောဆယ် သူ ဘယ်ကိုသွားရမည်နည်း။

ရှင်းပါသည်။

ပဲခူး။

သူ၏ဇာတိချက်ကြွေမွေးရပ်မြေလည်းဖြစ်၍ အိမ်ထောင်ထားရစ်ခဲ့ရသည့် ပဲခူး။

ရာဇဝတ်မှုကျူးလွန်ပြီးသူများသည် မိမိကျူးလွန်ခဲ့သောနေရာဝန်းကျင်သို့ တစ်ကြိမ်ပြန်လာတတ်လေ့ရှိသည်မှာ စရိုက်တစ်ခုဖြစ်သည်ဟု အဆိုရှိသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်သူမချောအား ဘာမှမပြောပဲ ပြည်သွားမည်ဟုဆိုကာ သူ့ကားလေးဖြင့် ထွက်လာခဲ့သည်။

ရန်ကုန်နယ်နိမိတ်ဝင်ခဲ့သည်။

ပဲခူးသို့ ဂျစ်ကားနှင့် ဘာလို့သွားလို့မကောင်း၊ သူ၏ ရုတ်တရက်ပြောင်းလဲသွားသည့်အခြေအနေကို ပတ်ဝန်းကျင်က အကဲခတ်မိကြလိမ့်မည်။

ထို့ကြောင့် ရန်ကုန်မြို့ထဲအထိပင် ထောက်ကြန့်မှာမနားဘဲဝင်ခဲ့၏။ ထောက်ကြန့်မှာ သစ်တောဂိတ်မှ အပေါင်းအသင်းဟောင်းတွေနှင့် တွေ့တတ်သည်မို့။

မြို့ထဲရောက်တော့မှကားကို ဝပ်ရှော့ခ်တစ်ခုမှာ အောက်ပိုင်းပြုပြင်ရန်ဟုပြော၍ အပ်ထားခဲ့ပြီး ပဲခူးသို့ မီးရထားဖြင့် လာခဲ့သည်။

ပဲခူးဘူတာမှ တစ်ဆင့် ကျောက်တိုင်ကန်မြို့ပြင်ဘက်သို့လိုင်းကားလေးစီးကာရောက်ခဲ့ရလေသည်။

ရုတ်တရက်သူရောက်လာတော့ ဇနီးဟောင်းဖြစ်သူမငြိမ်းမှာ ကြည်နူးအားတက်ရပြန်၏။

သူ မချောနှင့် မကွေးမှာနေသည်ကို မငြိမ်းလုံးဝ ရိပ်မိပုံမပေါ်ချေ။



"ကိုရှမ်းရယ်. . . ကိုရှမ်းကောင်းစားလို့ ဖိုးပိန် ဒီကို ဟိုတစ်လောလာတုန်းကလေ. . . သုံးဖြုန်းသွားလိုက်တာ"

"ဒီကောင့်ကို ကိုယ့်လူယုံသဘောထားပြီး ခေါ်ထားရတာပေါ့၊ ကိုယ်နဲ့သူနေကြတာ ဒီကလူတွေသိလား"

"အင်း. . . ဖိုးပိန်ကပြောတော့ မန္တလေးနဲ့မကွေး ကူးသန်းနေတယ်လို့ပဲပြောတယ်အစ်ကို"

သည်မျှအထိတော့ စိတ်ချရပြီ။

"ကိုယ်မရှိတုန်း ကိုယ့်ကိုလာမေးကြတာရှိလား"

"ဆွေမျိုးနဲ့ အစ်ကို့သူငယ်ချင်းဟောင်းတွေတော့ လာပြီးမေးကြပါတယ်၊ အစ်ကိုအထက်ဘက်သွားပြီး အလုပ်လုပ်နေတယ်ဆိုလို့ သူတို့ထပ်ပြီးမလာကြတော့ပါဘူး"

"တခြားလူစိမ်းသူစိမ်းကော လာမေးသေးလား"

"မလာပါဘူး အစ်ကို"

မောင်ရှမ်း အတော်စိတ်အေးသွားရ၏။

အိမ်ထောင်စုတွင်း စုံစမ်းရေးပြီးတော့ အပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်စုံစမ်းရဦးမည်။

"ကဲ. . . ကိုယ်အပြင်ထွက်ပြီး လက်သမားနဲ့တွေ့ဦးမှ၊ တို့သစ်တောကလက်သမားကြီးဦးဆိုင်တစ်ယောက်ရှိသေးလား"

"မနေ့ကတောင်တွေ့လိုက်သေးတယ်၊ ဘူတာနားက ဦးချိုတို့ဂိုဒေါင်ပြင်နေတယ်လေ"

မောင်ရှမ်းအပြင်ထွက်ခဲ့သည်။

သစ်တောလက်သမားဦးဆိုင်နှင့်တွေ့ရမည်။

ထိုသို့တွေ့မှ သစ်တောရုံး၏ အခြေအနေများ၊ သူ့သတင်းနောက်ကြောင်းများကို သိရမည့်အပြင်၊ မငြိမ်း၏အိမ်ကို ပြင်ဆောက်ရန်တစ်ပါတည်းအပ်၍ လုပ်ခိုင်းရမည်။

လမ်းမပေါ်သို့ ထွက်လိုက်၍ လက်ဖက်ရည်ဆိုင်သို့ဝင်ခဲ့သည်။

၎င်းလက်ဖက်ရည်ဆိုင်ကား ဦးဘအောင်၊ ဒေါ်တင်တင်တို့မော်တော်ကားရပ်၍ လက်ဖက်ရည်သောက်နေကြစဉ်၊ ကားပေါ်မှ ထမင်းချိုင့် ဆွဲလာသည့်နေရာဖြစ်၏။



မောင်ရှမ်းအဖို့ ဘူမိနက်သန်ဖြစ်သည့်ပေါ့။

"ဟယ်. . . ကိုရှမ်း ဘယ်ကပေါ်လာလဲ၊ တွေ့ရတာအတော်ကြာသွားပြီ၊ ကျွန်တော်တို့ ခင်ဗျား[illegible]နဲ့တွေ့လို့ မေးပါတယ်ဗျာ"

အာရုဏ်ဦးလက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုလှထွန်း[illegible]ခရီးဦးကြိုနှုတ်ဆက်သည်။

"အထက်ပိုင်းရောက်နေတယ်ဗျာ၊ မန္တလေးနဲ့မိုးကုတ် ကူးသန်းနေလို့ အောက်ဘက်ပြန်မဆင်းနိုင်ဘူး၊ ကြာဆိုသုံးနှစ်ကျော်ပြီပေါ့ဗျာ၊ ကျွန်တော်တို့ ပဲခူးကဘာတွေထူးသေးလဲ"

"ထူးဆို ရပ်ကွက်အသစ်တွေတိုးချဲ့နေပြီကွ၊ အခုနေပိုက်ဆံရှိရင်မြေကွက်လောက်တော့ ဝယ်ထားဖို့ကောင်းတယ်၊ နောင်ဆိုရင်ဈေးကောင်းလာမယ်"

"ဘယ်နေရာလောက်မှာလဲ ကိုလှထွန်း"

"ရေခဲစက်တွေနားမှာဗျ၊ မြို့ထဲမှာ အဝေးပြေးကားတွေ ဂိတ်မလုပ်တော့ဘဲ အဲဒီမြို့သစ်မှာကားဂိတ်ကြီးခန်းကြီးနဲ့ဖွင့်မယ်တဲ့၊ အဲဒီကားဂိတ်ကိုမှီပြီး ရပ်ကွက်ဟာဈေးကောင်းလာမှာသေချာတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"မြေကြ ဘယ်လောက်ကျယ်မလဲ"

"ပေရှစ်ဆယ်ပတ်လည်အနည်းဆုံးပဲ"

"စျေးကရော"

"အခု လျာထားတာကတော့ တစ်သောင်းလောက်နဲ့ပဲ နောက်ဆိုရင် သိန်းဂဏန်းတက်လာမှာ ပြေးမလွတ်ပဲဗျို့"

"ဒါဖြင့် ကိုလှထွန်း စုံစမ်းဗျာ၊ ကျွန်တော်တစ်ကွက်ဝယ်မယ်၊ ကျွန်တော့်ကလေးတွေအတွက်ပါ"

"ဒါပေမယ့် မဝယ်ဖြစ်"

မြေဝယ်သာဝယ်လိုက်ရင် သတင်းကြီးပြီး နောက်ကြောင်းပြဿနာပေါ်လာနိုင်သည်။

လူဟူသည် ကိုယ့်အကြောင်းကိုယ်အသိဆုံး။

သူများကိုသာ လိမ်လို့ရမည်။ ကိုယ့်ကိုကိုယ်လိမ်လို့မရ။

လက်သမား ဦးဆိုင်နှင့် သွားတွေ့ပြီး သူ့အိမ်သို့ခေါ်လာကာ အိမ်ကိုပြင်ရန် ညှိနှိုင်းကြသည်။

ပဲခူးမှာမောင်ရှမ်း ဆယ့်ငါးရက်ခန့်နေ၏။

မင်္ဂြိမ်းအတွက် မူလအိမ်ကလေးကို ဖျက်၍



၍နေရာမှာပင် ဆယ့်ရှစ်ပေ၊ အလျားပေလေးဆယ်၊ ခြံထောင်ပျဉ်ခင်း သွပ်မိုးအိမ်ဆောက်စေခဲ့သည်။

အိမ်ကို ပြင်ဆောက်သည်ဆိုပေမယ့် တော်ရုံကြမ်းထည်အိမ်မျိုးပြင်ဆောက်ခဲ့သည်။

ဖိုးပိန်အလစ်သုတ်လာသည့် ရတနာငါးဆင့်ချိုင့်ကြီးသတင်းနှင့် ပတ်သက်၍ အနံ့ထွက်ခြင်းမရှိသည်ကို ပဲခူးသို့ မောင်ရှမ်းခုတစ်ခေါက် လာခဲ့ရခြင်းကြောင့်သိခဲ့၍ ရင်မှာအေးသွားရသည်။

သူ့ရဲ့စခန်းတွင် သူနှင့်သိကျွမ်းသည့် ရဲတပ်ဖွဲ့ဝင်ဆောင်းများပင် သိပ်မရှိတော့။

သွားစရာ တစ်နေရာကျန်သေး၏။

ငှင်းသည်ကား ကလေကချေများစုဝေးရာနေရာဖြစ်သည့် အရက်ဘုံဆိုင်ကြီး။

ထိုနေရာမှာ ဖိုးပိန်၏ ဘူမိနက်သန် နေရာဆောင်းဖြစ်ခဲ့၏။ ဖိုးပိန်တစ်လောတုန်းက ပဲခူးသို့တစ်ထွက်သွားခဲ့ရာ ဘုံဆိုင်ကြီးမှာ အပေါင်းအသင်းဆောင်းများနှင့် ပြန်လည်တွေ့ဆုံ၍ ဒကာခံခဲ့သည့်နေရာ။

www.burmeseclassic.com



အဲသည် အရက်ဘုံဆိုင်ကြီးထဲမှာနေ၍ အပေါင်း
အသင်းများအား ဖိုးပိန်က အရက်မူးမူးနှင့် ဘယ်လိုစကား
တွေ လွန်ကျွံခဲ့သည် မသိရသေး။

ဒါကြောင့် သတင်းအစအန၊ ဖိုးပိန်၏စကားအစ
အန သိရစေရန် ဘုံဆိုင်ကြီးသို့ ညနေပိုင်းတွင်မောင်ရှမ်း
လာခဲ့ရ၏။

သုံးနှစ်ဆိုသည့် ကာလအပိုင်းအခြားအတွင်း
အခြေအနေတွေအားလုံးပြောင်းကုန်ကြပြီ။

အရက်ဆိုင်ကြီးပင်လျှင် ဆေးသစ်များသုတ်ထား
ကာ ထိုင်ခုံတွေ၊ ဖန်ခွက်တွေ၊ သောက်ရေအိုးတွေနှင့်

အရင်လို အပြင်ထွက်ရေရှာရ ပုလင်းဖင်ပြတ်နှင့်
နှမ့်ရတာတစ်မျိုး မဟုတ်တော့။

အရက်ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းတွေလည်း
လူသစ်မျက်နှာသစ်များ ဖြစ်နေကြပြီ။

မောင်ရှမ်းက ဆိုင်ထဲသို့ဝင်၍ အရက်ကောင်တာ
ရှေ့တွင် ရပ်လိုက်သည်။

"အစ်ကို အရက်ယူမလို့လား"

ဆိုင်ထဲမှာ ဝန်ထမ်းတွေက ဘာမှမမေးကြ



မယ့် ဆိုင်မှာတစ်ရစ်ဝဲဝဲလုပ်နေကြသည့် ကပ်တီးမူးလဲ
တွေက တစ်ပြုံကြီး။

'ကပ်တီးမူးလဲ'ဆိုသည်မှာ ကုလားအမည်မဟုတ်၊
ဆိုင်သို့လာသောက်သည့် ငွေတတ်နိုင်သူများအား
အရက်ဝယ်ပေးခြင်း၊ ဖန်ခွက်နှင့်ရေရှာပေးခြင်း၊ ရေခဲ၊
အမြည်းစသည်တို့ ဝယ်ပေး၍ အနားကပ်ပြီးအရက်
တောင်းသောက်ကာ မူးလဲနေတတ်ကြသူ ကလေကချေ
ကိုခေါ်ခြင်းဖြစ်၏။

"အစ်ကို . . . ကျွန်တော်အရက်ယူပေးမယ်၊
ဟိုစားပွဲမှာသာထိုင်ပါ၊ ဟာ. . . ဆရာရှမ်း"

အနားသို့လာရောက် ကပ်ပြောသူမှာ ပထမ
သော် လူစိမ်းထင်မှတ်၍ ပြောနေရာမှ မောင်ရှမ်းအား
မှတ်မိသွားပုံရလေသည်။

"ဟော့. . . မြကြီး"

ဆိုက်ကားသမားမြကြီး။

တစ်ချိန်ကတော့ ဆိုက်ကားသမားမြကြီး။

မြကြီး၏ဆိုက်ကားသည် အရက်ဆိုင်ကြီးနားမှ
ဘယ်ကိုမှမသွား။ ဘယ်ဆိုက်ကားဂိတ်မှာမှ ဂိတ်ထိုးခြင်း
ဆွဲခြင်း မပြု။

www.burmeseclassic.com

www.burmeseclassic.com



အရက်လာသောက်သူတွေကို ပို့ပေးသည်။

အမူးလွန်ပြီးလဲနေသူကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးသည်။ ပစ္စည်းမပျောက်စေရန် တာဝန်ယူသည်။

မြကြီးဟာ ရိုးသလို သစ္စာလည်းရှိ၏။

ပထမတော့ သည်အရက်ဆိုင်နားမှာ သူဂိတ်လုပ် ဆွဲနေခြင်းသည် ဝင်ငွေမဆိုး။

ဒါပေသိ ကြာလာတော့ အလုပ်လုပ်ချိန်ထက် အရက်မူးနေချိန်က များသဖြင့် ဆိုက်ကားပိုင်ရှင်အား နေ့ တွက်ပင်ပြည့်ပြည့်ဝဝမပေးနိုင်တော့။

သည်တော့ ဆိုက်ကားပြန်သိမ်းခံရသည်။

သူကလည်း ဆိုက်ကားလက်ဝယ်မရှိတော့၍ ဆိုင်နားမှာပင် တရစ်ဝဲဝဲနေတော့၏။ အိမ်သို့ပင်မပြန်တော့

သားမယားက ကျရာလုပ်စားသည်။

"ဆရာရှင်းဂ ရုပ်တစ်မျိုးပြောင်းနေလေတော့မြန် ခနဲကျွန်တော်မမှတ်မိဘူး၊ ဆရာ အခု မကွေးကလာတာ လား" မောင်ရှမ်း ဖျတ်ခနဲဖြစ်သွားရ၏။

ဘယ့်နှယ် . . . သူ မကွေးမှာဆိုတာ မကွေး ကလာတာလားဟု ဘာကြောင့်မေးမဆိုင်မြကြီးလိုကောင် က မေးတာပါလိမ့်"



မန္တလေးက လာတာပေါ့ကွာ၊ မကွေးက ဘာပြု လို့လဲ"

"ဪ . . . တစ်လောတုန်းက သူငယ်ချင်းဖိုး ပိန်လာသွားလို့ သူနဲ့ဆရာ မကွေးမှာနေကြတယ်လို့ ပြော သွားလို့ပါ"

ဟုတ်ပြီ . . . ဖိုးပိန်အာချောင်သွားသည့် အလွန် အကျွံစကားများကို မြကြီးဆီမှ ပြန်နိုက်ထုတ်ရတော့မည်။

အရက်မူး ကျွဲနိုးပေါ် စကားရှိသည်မဟုတ်ပါလား။

မောင်ရှမ်းက ဆယ်တန်အထပ်လိုက်ထဲမှ ငွေ စက္ကူတချို့ကို ထုတ်လိုက်သည်။

ငွေတွေမြင်တော့ မြကြီး သွားရည်ကျသွား၏။

သည်အချက်က မြကြီးအား မြူလိုက်ခြင်းပါ။

"ကဲကွာ . . . အရက်တစ်လုံးဝယ်၊ မင်းလဲသောက် ပေါ့၊ ငါဒီမှာ မသောက်ရတာကြာပြီ"

မြကြီး အူမြူးသွားသည်။

ဘယ့်နှယ် . . . တစ်နေ့လုံးမှာ တစ်ယောက်ကို ပို့ပေးခြင်းဖြင့် အရက်တစ်ခွက်မျှ မသကာ နှစ်ခွက်၊ ကြုံဖန် ကပ်မော့နေရသည့် အခြေမှ ယခု အရက်ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလုံး နှစ်ယောက်တည်း သောက်ရတော့မည်ဆိုတော့ ဤယနေ့တာအတွက် မြကြီးအဖို့ ဖူလုံသည်သာမကဘဲ အတိုင်းထက်အလွန်ပေါ့။

အရက်တစ်လုံးဝယ်ပြီး စားပွဲပေါ် ချ၏။

ဖန်ခွက် ရေခွက်များ ချပေးသည်။

လက်ထဲမှာ ပိုက်ဆံပြန်အမ်းကာ ပိုနေသေးသဖြင့်. . .

"ဆရာ ဘာအမြည်းစားမလဲ"

"တစ်ခုခုဝယ်ကွာ၊ ရေခဲလဲ ဝယ်ခဲ့"

ခဏမှာပင် ရေခဲနှင့် အကြော်အမည်းများ စုံညီစွာဖြင့် မောင်ရှမ်းသည် အရက်စားပွဲထိုင်ရတော့၏။

မြကြီးကား ပျော်နေသည်။ အရက် တစ်ခွက်မြန်မြန်မော့ပြီးနောက် တစ်ခွက်ကို မောင်ရှမ်းက ထည့်ပေးကာ. . .

"ဖိုးပိန် ဒီပြန်လာတုန်းက မင်းနဲ့တွေ့တယ်နော်"

မောင်ရှမ်း အလုပ်စလုပ်တော့သည်။

"တွေ့တာပေါ့ ဆရာရယ်၊ ဟောဒီ လုံချည်ဟာ သူဝယ်ပေးသွားတာပေါ့၊ ဒီကောင် ငွေရှင်လို့ အားလုံး



ကို ပြုစုသွားတာပဲ"

"သူက ဘယ်မှာနေတယ်လို့ ပြောသွားလဲကွာ"

"မကွေးမှာ ဆရာရှမ်းနဲ့နေတယ်တဲ့"

"ဘာအလုပ်လုပ်တယ်လို့ကော ပြောသွားသေးလား"

မောင်ရှမ်းက သိပ်မသောက်ဘဲ မြကြီးကိုသာခွက်စီ၍ ငှဲ့ထည့်ပေးသလို မြကြီးအား "အားမနာနဲ့ကွသောက်၊ တွေ့တုန်းတိုက်ရတာ" ဟု ဆိုသဖြင့် အရက်ငတ်နေသည့် အသောက်မြန်၍ အမူးရေချိန်တက်လာလေသည်။

"ဆရာက ဘာလုပ်တယ်တော့ သေသေချာချာမပြောဘူး၊ ဆရာရောသူပါ ငွေရေးကြေးရေး ပြေလည်နေတဲ့ အကြောင်းပြောသွားတယ်"

"နောက်ကော"

"ဆရာကကျောက်အောင်တယ်ဆိုလားပဲ ပြောသွားတယ်"

မောင်ရှမ်းက ထိတ်ခနဲဖြစ်သွားပြီး ကပျာကယာထပ်၍ မေးလိုက်မိသည်။

"ဘယ်လောက်ရတယ် ဆိုတာရော ပြောသေး

www.burmeseclassic.com

www.burmeseclassic.com



သလား"

"အဲ့ဒါတော့ မပြောဘူးဆရာ၊ ဆရာ တခြားအလုပ်လုပ် စီးပွားရှာတာ အခြေအနေကောင်းတဲ့အကြောင်းပဲပြောတယ်"

မောင်ရှမ်း နှဖူးမှချွေးပေါက်များသီးလာသည်။

"အဲ့ကောင်က စိတ်သိပ်မှန်တဲ့ကောင်မဟုတ်ဘူးကွ မြကြီးရ"

"ဟုတ်တယ်လေ၊ ဟိုတုန်းကတည်းက သူ့ကိုပေါ်တာလေအိုးလို့ပဲအားလုံးက ခေါ်ကြတာ၊ ဒီကောင်က ဝက်အူချောင်နေတာပဲ"

"အေး. . . . ငါက မိုးကုတ်နဲ့မန္တလေးကူးပြီး ကျောက်လုပ်ငန်းလုပ်နေတယ်၊ မကွေးကို မြသလွန်ဘုရားပွဲသွားတော့ ငါ့သူ့ကိုခေါ်ခဲ့တာပေါ့၊ အဲ့ဒီမှာ ဘုရားပွဲမှာသုံးဖို့ပေးထားတဲ့ ပိုက်ဆံတွေယူပြီး ဒီကို လစ်လာပြီး သုံးဖြုန်းခဲ့တာကွ၊ ဖိုးပိန်ကတော့ တကယ့်ကောင်ပဲ"

မောင်ရှမ်းက ပေါ့ပျက်ပျက်လုပ်ပစ်လိုက်ရ၏။

စိတ်ထဲမှာတော့ လေးနက်နေရပြီ။

"ဒါနဲ့ သူ အဲ့ဒါတွေ လျှောက်ပြောတော့ မင်းတစ်



ယောက်တည်းပဲလား၊ တခြား ဘယ်သူတွေက နားထောင်ကြသလဲ"

"ကျွန်တော်ရယ်၊ တခြား အရက်သောက်တဲ့လူကတော့ သုံးလေးယောက်လောက်ပဲလေ၊ စားပွဲမှာပါ၊ သူကတော့ ကျွန်တော်တစ်ယောက်တည်းကိုပဲ ပြောတာပါ၊ ဘေးက ကြားချင်ကြားမှာပေါ့လေ"

"ဒီကောင်ကွာ၊ ဖိုးပိန်ဆိုတဲ့ကောင် ငါကသူ့ကိုသနားလို့ခေါ်သွားပြီး ကျောက်တွင်းမှာ အလုပ်သွင်းပေးထားတာ"

"ဒါပေါ့ဆရာရယ်၊ သူ့ကို ဆရာပဲ ကျွေးမွေးထားတာ ပြောပါတယ်"

"ဖိုးပိန်နဲ့မင်းနဲ့သိတာ ဘယ်လောက်ကြာပြီလဲ မြကြီး"

"ငယ်ငယ်ကတည်းက ဆိုပါတော့ ဆရာရယ်"

"သူ့ မိဘတွေကရော"

"ဒီကောင်က နေချင်ရာ လျှောက်နေတာပဲဆရာရယ်၊ စိတ်ကလည်းခပ်ကြောင်ကြောင်"

"အလုပ်မှာရောသူငယ်ချင်းအပေါင်းအသင်းမှာရော သတ္တ

www.burmeseclassic.com

www.burmeseclassic.com



ရှိလား၊ နှုတ်ကော လုံရဲ့လားကွ"

"ဟာ. . . . အချင်းချင်းပေါ့ မှာတော့ သစ္စာရှိပါတယ်၊ ပစ္စည်းဘာညာ မလိမ်တတ်ပါဘူး၊ အဲဗျာ. . . ဒါပေမယ့် မူးရင်တော့ နှုတ်ဖွာတယ်"

"သူများ မသိစေချင်တာ ပေါ့ရောလား"

"ဘာရယ်တော့ မဟုတ်ဘူး၊ ပြောချင်တာပြောလိုက်တာပဲ၊ အမှတ်သညာမရှိဘူး၊ ကြောက်လဲကြောက်တတ်တယ်ဗျ။ ဒီမှာ နေတုန်းက မှောင်ရိပ်ခိုတွေ ဖမ်းဆွဲပြီး အချုပ်ထဲ ထည့်တော့ သူနဲ့အတူ ကျွန်တော်လည်းပါသွားတာပေါ့"

" ဟုတ်လား၊ ပြောပါဦးကွာ"

"အချုပ်ထဲရောက်တော့ တစ်ယောက်စီမေးတယ် စစ်တယ် ဆရာ၊ အဲဒါ မအုန်းကြည်ဆိုင်မှာ သူဝှက်ပေးထားတဲ့ အရက်စဉ်းအိုးတွေနေရာ ဖော်ပြောတာပဲ၊ ဒီကောင်က ရဲက နှစ်ခါမဟောက်ရဘူး၊ ပေါ့တာ"

မောင်ရှမ်း အလေးအနက်စဉ်းစားရလေပြီ။

သို့တစေ ဖိုးပိန်ပဲခူးတွင်အာချောင်သွားသည့် ပြောစကားများထဲမှာ သူ့အတွက်အန္တရာယ်ဖြစ်စေမည့် အကြောင်းမပါ။



မည်သို့ပင်ရှိစေ၊ တရားဥပဒေစက်ကွင်းနှင့် မလတ်မကင်းရောထွေးယှက်တင်ရှိသူများမှာ အမြဲတမ်း ထိတ်လန့်စိုးရိမ်မှုများ ရှိကြစမြဲသည်သာ။

သူတို့အတွက် တစ်နေ့ဆိုတာ ရှိသည် မဟုတ်လား။

ပဲခူးမှာ မောင်ရှမ်းက. . . .

ဇနီးနှင့် သားသမီးများအတွက် ပျဉ်ထောင်အိမ် တစ်လုံး အသစ်ဆောက်ပေးခဲ့သည်ကိုပင် အိမ်နီးနားချင်းတွေက မြန်မာ့ဓလေ့အတိုင်း ဟိုနှယ်သည်နှယ် ပြောကြဆိုကြသေးသည်။

ဇနီးမငြိမ်းအားနှစ်သိမ့်သည့်အနေဖြင့်လည်း ငွေ သုံးထောင်ပေးခဲ့၏။ မငြိမ်းက ရွှေလုပ်ဝတ်မည်ဆို၏။ သူတို့ အကြော်စျေးသည်ဘဝမှာ ရွှေဝတ်နိုင်လျှင်ပြီးတာပါ။

မောင်ရှမ်း ပဲခူးမှ ပြန်လာခဲ့လေတော့သည်။

တစ်လခန့်ကြာသွား၏။

မောင်ရှမ်း မကွေးပြန်ရောက်ပြီးနောက် ဖိုးပိန်အား ပဲခူးမှာ ဘာတွေလုပ်ခဲ့သည် ပြောခဲ့သည်ကို လုံးဝမေးမြန်းမပြု။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အကဲကိုသာ စောင့်ကြည့်ခဲ့သည်။

မူပျက်သလား၊ အနေအထိုင်အပေါင်းအသင်း ဘယ်လိုရှိသလဲ။ လူသစ်မိတ်သစ်တွေ ပေါင်းသလား စသည်ဖြင့်။

အရက်ဆိုင်ကြီးသို့ သွားသောက်သည့် အကျင့်ဟောင်းက ဖိုးပိန်မှာ ပြန်ပေါ်လာသည်။ ဘယ်လိုပဲ ကောင်းအောင် ထားပါစေ၊ ခန့်ညားစွာထားပါစေ၊ မူလအကျင့်က မပျောက်။

ရှေးက ရသေ့ကြီးတစ်ပါး၊ တောထဲမှာ မွေးမြူထားသော ခွေးမလေးကို မိန်းကလေးယောင် ဖန်ဆင်းပြီး ဘုရင့်သားတော်နှင့် ပေးစားလိုက်ရာ၊ နန်းတော်ထဲရောက်တော့ ညညမှာ ဖိနပ်ခိုးစားသည် ဟူသည့် ပုံပြင်ထဲကလို အကျင့်ဟောင်းက ပျောက်ခဲလှပါဘိခြင်း။

ဖိုးပိန်အား ဆိုင်ကြီးသို့မသွားရန် တားရပြန်၏။

သို့သော် ဖိုးပိန်ကား ခွေးမြီးကောက် ကျည်တောက်သလို ခဏသာ ဖြောင့်ပါသည်။ ပြန်သွားမြဲသွား၏။ လစ်သလိုထွက်သည်။

လူသစ်အပေါင်းအသင်းသစ်တွေနှင့် စကားလွန်



ပြီး မှားကွက်ပေါ် သွားပါလျှင်. . . .

မောင်ရှမ်းမှာ ဘာမှ တခြားပူစရာမလို။

ပဲခူးတွင် မယားကြီးမငြိမ်းကို အိမ်နှင့် မြေနှင့် ငွေကို လုံလောက်စွာထားခဲ့၍ မကွေးမှာ မချောကို ထပ်ယူပြီး အတိအလင်းပေါင်းသင်းသော်လည်း မယားကြီးထံမှလည်းကောင်း နောက်မယားဘက်မှလည်းကောင်း ဘာပြဿနာမှမပေါ်။

နှစ်အိုးနှစ်အိမ်စလုံးကို မီးသေအောင် မင်သေနှင့် တတ်သလို နေသာသလိုနေနိုင်ခဲ့သည်။

ငွေကြေးနှင့် စီးပွားရေးကတော့ လုံးဝပူစရာမရှိ။ စီးပွားက တက်ပြီးရင်းတက်နေဆဲပါ။

ဒါပေမယ့် ဖိုးပိန်အတွက်တော့ နေ့စဉ် ပူပင်ရနေ၏။

တစ်ဖက်က စီးပွားရေးအတွက်လုပ်ရာက သည်ကောင်ကို အကဲခတ်၍ မျက်ခြေမပြတ်ကြည့်ရတာက တစ်မျိုး။

ဤသို့ဖြင့်. . . .

တစ်နေ့မှာ ဖိုးပိန် လှစ်ခနဲပျောက်သွားသည်။

ရွှေစက်တော်ဘုရားပွဲတော်ကြီးကလည်း ရှိနေရာ မကွေးမှာ ဧည့်သည်ဘုရားဖူးများဖြင့် စည်စည်

www.burmeseclassic.com

www.burmeseclassic.com



ကားကားရှိနေသည့်အချိန်။

သည်ကောင် ရွှေစက်တော်လူကြုံလိုက်သွားသည်ဟု အလုပ်ရုံထဲကလူတွေက အခိုင်အမာပြောသဖြင့် ပြန်လာမည့် ရက်ကို စောင့်ရ၏။

တစ်ရက်. . .

နှစ်ရက်. . .

သုံးရက်. . .

ငါးရက်ထိ ပြန်မရောက်လာသေး။

သည်ကောင် ပဲခူးများရောက်သွားပြန်ပြီလား။

စိတ်ထဲမှာ ထင့်ခနဲထသွားသည်။

အရက်ဝိုင်းမှာ အနှောင့်မလွတ်၊ အသွားမလွတ် အဖြေအဆိုမျိုးရှိခဲ့ရင် မီးခိုးကြွက်လျှောက်ပြဿနာပေါ်လာနိုင်သည့် မဟုတ်ပါလား။

ချက်ချင်းပင် ခရီးထွက်ဖို့ စီစဉ်ရတော့သည်။ မချောအား မန္တလေးသွားမည်ဟု မှာခဲ့ကာ ကားလေးကို မောင်း၍ တစ်ယောက်တည်း ထွက်ခဲ့သည်။

သည်တစ်ခါတော့ ကားကို ထောင့်ကြန့်မှာ ထားမပစ်ခဲ့တော့ဘဲ တိုက်ရိုက်ပင်ပဲခူးအရောက်မောင်းခဲ့သည်။



ကားပါမှ ဖိုးပိန်ကိုပါ တစ်ပါတည်းတင်၍ ခေါ်လာနိုင်မည် မဟုတ်ပါလား။

ပဲခူးရောက်သည်နှင့်အိမ်မှာ ကားထားပြီး မြကြီးရှိမည့်အရက်ဆိုင်သို့ တန်းလာခဲ့ရသည်။

အရက်နာကျပြီး နေမကောင်းလို့ သူ့အိမ်မှာ ခေါ်ထားရသည့်အကြောင်းပြောတော့မှ တင်းကျပ်နေသည့်ရင် ပေါ့၍သွားရသည်။

မြကြီးကိုခေါ်ပြီး မြကြီးတို့အိမ်သို့ သွားရသည်။

ဖိုးပိန်ဗွေဖောက်လာသည်ကို စိတ်ထဲမှာမချင့်မရဲဖြစ်မိသည်။

မြကြီးအိမ်သို့ရောက်တော့ ဖိုးပိန်ကို အဆင်သင့်တွေ့ရသည်။ ရုတ်တရက်တော့ ရိုက်နှက် ကန်ကျောက်ပစ်ချင်လောက်အောင် ဒေါသကို မနည်းထိန်းရ၏။ ခုလုပ်လို့မဖြစ်၊ မကွေးကို ပြန်ခေါ်ပြီးမှ။

"ကဲ. . . ဖိုးပိန် မင်းလစ်ထွက်သွားတာ ကိစ္စမရှိဘူး၊ ငွေတွေပါသွားတာလဲ ငါဗွေမယူပါဘူးကွာ၊ သုံးပစ်လိုက်ပေါ့၊ မင်းလဲအလုပ်လုပ်တာပဲ ငွေပြန်ဝင်မှာပါ။ အရေးကြီးတာက မင်းမရှိရင် ငါ့အိမ်ကို စိတ်မချဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အခု ငါတောင်ငူသွားဖို့ရောက်တာ၊ မင်းဒီရောက်နေတယ်ဆိုလို့ လာခေါ်တာပဲ၊ ဒီတော့ တို့အခုပဲ တောင်ငူသွားကြမယ်”

ဖိုးပိန်က အင်တင်တင်လုပ်နေသည်မို့ ဟောက်ပစ်လိုက်ရသည်။

သူတို့နှစ်ယောက်ကို မြကြီး ဆိုက်ကားနှင့် အိမ်ကို လိုက်ပို့ခိုင်းရသည်။

အရက်နာကျနေသည့်ဖိုးပိန်က ရှိခိုးဦးတင်တောင်းပန်ပြီး အသာတကြည်ပင် ပြန်လိုက်ခဲ့သည်။

ဖိုးပိန်ကို တစ်ခုခုလုပ်ရတော့မည်။

ဖိုးပိန်ကို. . . .

စိတ်မချ မရတော့သည့်နည်းတူ သည်လိုထားမည့်အစား ရှင်းပစ်မှ ဖြစ်တော့မည်။

ဘယ်လိုရှင်းပစ်မလဲဆိုတာကိုတော့ မကွေး ပြန်ရောက်ပြီးမှ ဖြစ်တော့မည်။

ဘယ်လိုရှင်းမလဲဆိုတာကိုတော့ မကွေးပြန်ရောက်ပြီးမှ ။

(၈)



ရွှေစက်တော် ပွဲရက်များမှာ မကွေးတိုင်းတွင်မိုးသည်မထင်မှတ်ဘဲရွာချတတ်သည်။

ဤသို့ရွာပြီဆိုလျှင် မင်းဘူးဘက်ကမ်းသို့ကူးသောဇက်များ၊ မော်တော်များ စောင့်ရသည်။ မကွေးနှင့် ရေနံချောင်းကူးသော ဒေါင်းသချောင်းကားအလွန်နာမည်ကြီးသည်။

တောင်ကျရေဆင်းလာသည်နှင့် ချောင်းထဲဒေါင်းငှက်ပျံတက်၍မလွတ်အောင် ရေစီးမြန်၍သန်သည်ဟု အဆိုရှိ၏။

ချောင်းအထက်တောင်တွေဆီက မိုးညိုလာပြီဆိုလျှင် လုံးဝဖြတ်မကူးလေနှင့်။

ဘယ်လိုမှလွတ်မည်မထင်။

ရေက တစ်ရှိန်ထိုးစီးဆင်းလာစမြဲ။

ရေဆင်းမလာမီ ချောင်းထဲမှာရှိသည့်ရေကဒူးဆစ်မျှသာ။ အဲ. . . တောင်ရေဆင်းလာပြီဆိုလျှင်တော့ရေကငါးပေမှဆယ်ပေခန့်မြင့်တက်၍ မြန်လည်းမြန်သည်။

မကွေးဘက်ကကမ်းနှင့် ရေနံချောင်းဘက်ကမ်းမှအကျယ်အနံအားဖြင့် နှစ်ဖာလုံခန့်သာရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခံတောင်ရေဆင်းလာလျှင် မလွတ်နိုင်။

တောင်ကျရေမှာ တောရိုင်းတိရစ္ဆာန်များပင် မျောပါလာတတ်၏။ ကျွဲ၊ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်တို့ သေရသည်ဟုဆိုကြသည်။

သစ်တုံးသစ်ပင်ကြီးများလည်းမျော၍ ပါလာတတ်ကြသည်။

ချောင်း၏ နှစ်ဖက်သောကမ်းမှာ သဲသောင်မြေမှု ဖြစ်၍ တံတားထိုးလို့မရသဖြင့် ချောင်းထဲမှာ လမ်းညွှန်ထားသောလမ်းအကြောင်းအတိုင်း ကားများမောင်းနှင်ဖြတ်သွားရ၏။

ရေတိမ်ချိန်တွင်လည်း ချောင်းထဲတွင် သဲတွင်းမှ ချိုင့်ကြီးများရှိနေလေရာ အပေါ်မှရေဖုံးနေ၍ မမြင်သာချေ။

၎င်းရေထဲတွင် ချိုင့်ကြီးများထဲသို့ မော်တော်ကားကျမိပါက တဖြည်းဖြည်း သဲမျောကျွံ၍ ကားနစ်တတ်၏။ လူအားဖြင့် သဲတွေကို လမ်းကြောင်းတူးဖော်၍ ဆွဲတင်ရသည်။

ရေစီးချိန်နစ်ပြီဆိုပါက သုံးတန်လော်လီကားကြီးများပင်မျောပါသွားတတ်အောင် ရေဒဏ်အဟုန်ပြင်းလှ၏။



နှစ်ဖက်စလုံး၏ ဆိပ်ကမ်းများမှာ၊ ကားနစ်လျှင် ဆွဲတင်ရန်လယ်ထွန်စက်များအဆင်အသင့်ရှိသည်။ ဆွဲခမှာ ကြေးတော့ကြီးသည်။

ထို့ကြောင့် မောင်ရှမ်းက ဒေါင်းသေချောင်းရေဆင်းချိန်မှ ရေစီးသန်လာချိန်ကို ပြေးသတိရလိုက်သည်။

ရေနံချောင်းသို့ . . . . . ဒေါင်းသေချောင်း။

မောင်ရှမ်းပြုံး၍ စားပွဲမှာထိုင်ပြီး စာရွက်တစ်ရွက်နှင့် စာကောက်ရေးလိုက်သည်။

မကွေး

ရက်စွဲ . . . . . . . . . .။

ဦးသိန်းလွင်

နေရှယ်နယ်စတိုး

ရေနံချောင်းမြို့။

အစ်ကို . . ကျွန်တော့် ပစ္စည်းအတွက် ကျန်ငွေသုံးသောင်းကို ယခုလာသူ ညီမောင်စိန်နှင့် ပေးလိုက်စေလိုပါသည်။ ကျွန်တော်မလာအား၍ ဖြစ်ပါသည်။ ယခုလို

www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးငွေတောင်းရခြင်းကို ခွင့်လွှတ်ပါအစ်ကို။ ရွှေ့အပတ် ကျွန်တော် ရေနံချောင်းသို့ လာပါမည်။

လေးစားစွာဖြင့် . . .

မောင်မောင်စန်း

မောင်ရှမ်းစာရွက်ကိုခေါက်၍ စာအိတ်ထဲသို့ ထည့်ပြီးအပြင်မှ လိပ်စာရေးသည်။ ပြီးလျှင် အလုပ်ရုံထဲသို့ဆင်းလာခဲ့၏။

"ဖိုးပိန်ရေ"

အလုပ်ရုံထပ်ခိုးပေါ်မှ ဖိုးပိန်ပြူထွက်လာပြီး အောက်သို့ဆင်းလာခဲ့သည်။

အလုပ်သမားခေါင်းနှင့် အားလုံးရှိနေကြစဉ် ရှင်းတို့၏ ရှေ့မှာပင် မောင်ရှမ်း ဖိုးပိန်အား စာအိတ်ပေးသည်။

"မင်းအခု ကားဂိတ်သွားပြီး ရေနံချောင်း ထွက်မယ့်ရွှေနံ့သာကားနဲ့လိုက်သွားစမ်း၊ ရေနံချောင်းက နေရှင်နယ်စတိုး ဦးသိန်းလွင် သိတယ်မဟုတ်လား"

"သိပါတယ်၊ တစ်ခါရောက်ဖူးတယ်၊ ဈေးကြီး



နားက ဘုရားစေတီအလွန်မှာပါ"

"အေး. . . ဟုတ်ပြီ၊ အဲ့ဒီကိုသွား၊ ဟောဒီစာကိုပေးရင် မင်းကို ငွေသုံးသောင်းပေးလိမ့်မယ်၊ အဲ့ဒါယူပြီး ညနေထွက်တဲ့ ရွှေနံ့သာကားနဲ့ပြန်လိုက်ခဲ့၊ ကြုံရာကားနဲ့ပေါ့ကွာ၊ ရေနံချောင်း၊ မကွေးကားတွေ ဥဒဟိုပေါ်ပါတယ်၊ လမ်းမှာဆင်းပြီး အရက်မော့မနေနဲ့ဦး၊ အိမ်ကျမှကြိုက်သလိုသောက်၊ မင်းမှာ ငွေတွေပါလာမှာ သတိထားသွားပြန်"

"ဟုတ်ကဲ့ပါ အစ်ကို"

"ရော့. . . လမ်းစရိတ်"

မောင်ရှမ်းက ငွေတစ်ရာထုတ်ပေး၏။

ဖိုးပိန်က ထပ်ခိုးပေါ်ပြန်တက်ပြီး အဝတ်အစားလဲသည်။ ကချင်လုံချည်အကွက်၊ ရှပ်လက်တို အဖြူဝတ်ပြီး အိတ်ထဲသို့ ပိုက်ဆံနှင့် စာအိတ်ထည့်ကာ ထွက်သွားလေသည်။

မောင်ရှမ်းက ဖိုးပိန်အား စိုက်ကြည့်နေရာမှ အလုပ်ရုံထဲပြန်ထွက်၍ သူ့အိမ်ပေါ် ပြန်တက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုထမင်းစားမယ်ဆိုပြီး ဘယ်ထွက်သွားတာလဲ"

ဟုမယား မချောကမေး။

"အလုပ်ရုံထဲ သွားတာ၊ ဟို. . . မောင်ဖိုးပိန်ကို ရေနံချောင်း ကိုသိန်းလွင်ဆီ ပိုက်ဆံကြွေးတောင်းလွှတ်လိုက်ရတယ်"

"ဖြစ်ပါ့မလား အစ်ကို၊ သူကမူးပြီး ငွေတွေပျောက်မှဖြင့်"

"ဖြစ်ပါတယ် မိန်းမရာ၊ ဒီကောင် မမူးရင် စိတ်ချရတာ"

ထို့နောက် ထမင်းစားပြီးသည်နှင့် မောင်ရှမ်းက ယနေ့လုပ်စရာအလုပ်ကို တစ်ခုချင်း အကွက်ချသည်။

ပြီးတော့ တရေးအိပ်လိုက်၏။

သူ အိပ်ရာကနိုးတော့ နေ့လယ်တစ်နာရီ။

ဖိုးပိန်ကို ရေနံချောင်းသို့ မနက်ကိုးနာရီက လွှတ်လိုက်၏။

ရေနံချောင်းနှင့်မကွေးမှာကားဖြင့် သုံးနာရီမောင်းရသည်။



ရွှေနံ့သာ လိုင်းကားက လမ်းမှာ လူတင်လူချ၊ ကုန်တင် ကုန်ချနှင့် ကြာတတ်သည်။

ဖိုးပိန် ရေနံချောင်းမှာ ကိုသိန်းလွင်နှင့်တွေ့မည်။

ငွေပေးလိုက်လျှင် ယူပြီးပြန်လာသည်။

ပထမထွက်ချိန် သုံးနာရီဆိုတော့ ဆယ့်နှစ်နာရီမှ ဖိုးပိန်ရေနံချောင်းသို့ရောက်မည်။

ကိုသိန်းလွင်နှင့်တွေ့။

တစ်နာရီထား။

ပြန်ထွက်။ ရွှေနံ့သာလိုင်းကား ပြန်စောင့်စီး။

နောက်ထပ် သုံးနာရီနှင့်ပေါင်းသော် လေးနာရီ။

စုစုပေါင်း ငါးနာရီဆိုတော့ ငါးနာရီ မကွေးသို့ ဖိုးပိန်ပြန်ရောက်နိုင်သည်။ ထားပါတော့. . . ၊ သည့်ထက်စောလျှင် လေးနာရီ။

မောင်ရှမ်း ဘောင်းလီလဲဝတ်သည်။

စပို့ရှပ် လဲဝတ်သည်။

ပြီးလျှင် သူ့ကားကို မောင်း၍ထွက်ခဲ့၏။

အချိန်က နေ့လယ်တစ်နာရီ။

သူရေနံချောင်းသို့လိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com



အခု တစ်နာရီဆိုတော့ ဖိုးပိန်ကို သည်ဘက်ကမ်း မရောက်မီ ရေနံချောင်းဘက်ကမ်းမှာ တွေ့နိုင်သည်။

ဒါမှသာ. . . . .

သူရောက်မှာက လေးနာရီထား။

မောင်ရှမ်းကားလေးမောင်းထွက်လာရာမှ ခြံတွေကိုလွန်လျှင် ဦးသာရင်ဝပ်ရှော့အလွန်မှာ ဖောင်းခနဲ ကား ဘီးပေါက်သွား၏။

ကားပေါ်က ဆင်းသည်။

နောက်ဘီးကို ချိုက်ထောက်သည်။ သို့သော် ဘီး ဖြုတ်သည့် စပန်နာက ချောင်နေသဖြင့် ဘီးဝက်အူကို လှည့်၍မရ။

အချိန်ကိုက်ခရီးအတွက် ပူပင်ရတော့၏။

ကားကို ထားခဲ့ပြီး ပြန်လျှောက်လာကာ ဦးသာရင် ဝပ်ရှော့အတွင်း ဝင်ခဲ့သည်။

"ဟော-ဦးမောင်မောင်စန်းပါလား၊ သုတ်သီးသုတ် ပျာနဲ့"

ဦးသာရင်က သူ့ကို မောင်မောင်စန်းဟု သိ၏။

"ဟာဗျာ . . . . ဟောဟိုခြံကွေ့မှာ ကားဘီး



ပေါက်သွားလို့ ဘီးဖြုတ်တဲ့စပန့်နာက အရစ်တွေချော်ပြီး ဝက်အူကိုလှည့်လို့မရတာနဲ့ မန်းကီးဖြစ်ဖြစ် ခဏငှားပါဦးလေး"

ဦးသာရင်က ကားပစ္စည်းထဲသို့လှမ်းကြည့်၍ တစ်စုံတစ်ရာကို လှမ်းဆွဲယူ၍ မေးလိုက်သည်။

"ဟောဒါ မန်းကီးခွထက်ကောင်းတယ်၊ ပိုသေချာအောင် မြဲတယ်ဗျ၊ ပိုက်ဖြုတ်တဲ့ ပိုက်လိုင်းကြိုးပဲ၊ အဲဒါနဲ့ သာဖြုတ်၊ ဆရာ ဘယ်သွားမလို့လဲ"

"မြို့ပြင်ခဏပါဗျာ၊ ပိုက်လိုင်းကြိုးတော့ အပြန်မှ ဝင်ပေးမယ်နော်၊ အချိန်နည်းနေလို့"

"ရပါတယ်ဆရာရယ်၊ တခြားလူမှမဟုတ်တာပဲ၊ လိုက်လုပ်ပေးရဦးမလား"

"ကျွန်တော်တစ်ယောက်တည်း ရပါတယ်၊ ကဲ. . . သွားမယ်"

ဦးသာရင်ထံမှငှားလာသည့် ပိုက်လိုင်းကြိုးခွကြီးမှာ အရှည်တစ်တောင်ကျော်ရှိပြီး၊ ထိပ်မှ သံမဏိသွားများတပ်ထားသည့် ခွခေါင်းကြီးမှာ ငါးဆယ်သားခန့် လေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဝက်အူ ရစ်လိုက်လျှင် အံသွားကြိတ်သလို စေ့သွားဖြုတ်နိုင်ပေသည်။

ကားနားရောက်တော့ ဘီးနပ်လိုဖြုတ်ရ၏။

စပယ်ယာဘီးနှင့် လဲလှယ်၍တပ်ရ၏။

အားလုံး ဆယ့်ငါးမိနစ်မျှ ပြီးတော့ ပိုက်လိုင်းကြီးကားကြမ်းပြင်ပေါ် ပစ်ချပြီး ခပ်မြန်မြန်မောင်းခဲ့သည်။ ရေနံချောင်းဘက်ကမ်းမှ ဖိုးပိန်ကိုတွေ့မှသာ။

ဒေါင်းသေကို ဖြတ်သည်။

ရေစစ်နေချိန်မို့ အကြာကြီးမစောင့်ရဘဲ ခဏနှင့်ချောင်းဘက်သို့ ရောက်ခဲ့သည်။

ညနေ သုံးနာရီခွဲပြီ။

အခုအထိ လမ်းမှာ ရွှေနံ့သာလိုင်းကားတစ်စီးသာ တွေ့သည်။ ထိုကာလက လည်း ဒေါင်းသေချောင်းမှာ ခရီးသည်အားလုံးဆင်းပြီး ချောင်းကို လမ်းဖြတ်လျှောက်ကြသဖြင့် ထိုကားနှင့် ဖိုးပိန်မပါ။

မောင်ရှမ်း ဒေါင်းသေချောင်းမှကျော်၍ ဆက်မောင်းလာမည်ပြုပြီးမှ တစ်စုံတစ်ခု သတိရသလိုနှင့် ကားလမ်းပေါ်မှ ရှာဖွေရေးဂိတ်နားတွင် သစ်ပင်အောက်၌



ကားကိုရပ်၍ဆင်းရသည်။

ဘယ်ကလာသည့် ကားဖြစ်ဖြစ် ဤဂိတ်မှာ မုချရပ်ရပေမည်။ ထိုသို့ရပ်ချိန်မှာ ဖိုးပိန်ပါမပါ သိရမည်။

အချိန်က လေးနာရီ။

ရွှေနံ့သာကားတစ်စီးဝင်လာ၏။

ရှာဖွေရေးဂိတ်မှာရပ်သည်။ မောင်ရှမ်း ကားလေးထဲသို့ လှမ်း၍ကြည့်ကာ ရှာနေစဉ် ကားထဲမှဖိုးပိန်က မြင်သွား၏။

"ဟာ . . . . အစ်ကို"

" အေး . . . . ဟေ့ကောင်၊ ဆင်းခဲ့လေ၊ ငါ့ကားပါတယ်"

ဖိုးပိန် ကားပေါ်မှ ကပျာကယာ ဆင်း၏။ လက်ထဲမှ လွယ်အိတ်ကိုလွယ်၍ မဒဘက်သို့ရောက်လာသည်။

"ဟော့ . . . . ကိုယ်မလိုက်တော့ဘူး၊ အိမ်ကကားတွေ့နေလို့"

ဖိုးပိန်က အော်ပြော၏။ စပယ်ယာကလေးက ခေါင်းညိတ်ပြီး . . . .

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားနေရာအတွက်ရမယ့်ဟာ ကျွန်တော့်အတွက်နော်” ဟု ရယ်ရယ်မောမော ပြောလိုက်သေးသည်။

စပယ်ယာကလေးနေသောနေရာမှာ မောင်ရှမ်းတို့အလုပ်နှင့် သိပ်မဝေး။ သူတို့က ဆိုင်တွင် မကြာခဏဆုံလေ့ရှိသူတွေ. . .။

“အစ်ကိုက ဘယ်ကိုလာတာလဲ”

ဖိုးပိန်က အံ့အားတသင့်မေး၏။

“ကားပေါ်တက်ကွာ၊ လျှာမရှည်မနေနဲ့၊ ဒါနဲ့ ကိုသိန်းလွင်တွေ့လား”

“တွေ့ပါတယ်၊ ငွေတော့ မပေးလိုက်ဘူး၊ စာပဲပြန်ပေးလိုက်တယ်”

ဖိုးပိန်က စာအိတ်ထုတ်ပေးလိုက်၏။

မောင်ရှမ်းရေးပေးလိုက်သည့် စာရွက်၏ နောက်ကျောမှာပင် ပြန်ရေးပေးလိုက်သည်။

ဦးမောင်မောင်စန်း ခင်ဗျာ. . .

လက်ဝယ်တွင် ငွေမပြည့်သည်က တစ်ကြောင်း ဖိုးစိန်နှင့် ငွေပေးလိုက်ရမည်ကို စိတ်မချသည်က တစ်ကြောင်းကြောင့် စာကိုပြန်လွှတ်လိုက်ပါသည်။



သန်ဘက်ခါ ကျွန်တော်ကိုယ်တိုင် ဆက်ဆက်လာပေးပါမည်။

ခင်မင်စွာဖြင့်. . .

သိန်းလွင်

မောင်ရှမ်း စာရွက်ကို စာအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးလျှင် မော်တော်ကား၏ ရှေ့အံကိုဖွင့်၍ ထည့်ထားလိုက်သည်။

“မင်းအရက်သောက်ခဲ့သေးလား”

“ဟင့်အင်း. . . . အစ်ကိုက ပြန်ရောက်မှ သောက်ရမယ်ဆိုလို့ မသောက်ခဲ့ဘူး”

“ငါ့ကားထဲမှာ ပုလင်းပါတယ်၊ တို့တစ်နေရာရာမှာ ရပ်ပြီး အေးအေးဆေးဆေးသောက်ကြတာပေါ့ကွာ၊ ဟုတ်လား”

“ကောင်းပါတယ် အစ်ကို”

မောင်ရှမ်းအား လေပြည်ဖြင့် ပြော၏။

အရက်သောက်ချိန်လွန်အောင် ချုပ်တီးထားရသော ဖိုးပိန်ကား အရက်သောက်ရတော့မည်ဆိုသဖြင့် မြူးတူးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှမ်း ကားမောင်းရင်း အထက်ဘက်မှ မိုးကောင်းကင်ကို လှမ်းမော့ကြည့်သည်။

ကောင်းကင်ပြင်မှာ ကြည်လင်နေ၏။

မိုးရိပ်မိုးငွေ့ မတွေ့ရ။

သည်နေ့မှပဲ အထက်ကမိုးညို့လာပြီး ဒေါင်းသေချောင်းမှာ ရေဆင်းချိန်မီခဲ့လျှင် . . . .

မောင်ရှမ်းအကြံက ဖိုးပိန်အား ချောင်းထဲသို့ တွန်းချခဲ့ကာ မကွေးသို့ပြန်လာပြီး ဖိုးပိန် ပြန်မလာကြောင်း အလုပ်ရုံမှာ သတင်းလွှင့်မည်။

ဖိုးပိန်ကို သူ လွှတ်လိုက်တုန်းက အလုပ်ရုံထဲက အားလုံးရှေ့မှာ ငွေတွေယူခိုင်းတာ သိကြမည်။

ပြန်မလာလျှင် ငွေတွေနှင့်ထွက်၍ပြေးသလိုလို၊ သူတကာက ငွေလုပြီး သတ်ပစ်၍သေသလိုလို ထင်စရာလုပ်မည်။

တကယ့်တော့ စိတ်မချရတော့ပြီဖြစ်သော ဖိုးပိန်အား သူကအပြတ်ရှင်းရတော့မည့် စီစဉ်မှုပါ။

လူတစ်ယောက်အား မုချ သေစေရန် စီစဉ်၍ သတ်သော်လည်း သူ့ သေနေ့မစေ့ ကံမကုန်သေးပါက



မသေ။

ကံကုန်ပြီဆိုလျှင် အချိန်ပိုင်းသာ နေရပြီး မုချသေရသည်သာ ဖြစ်သည်။

ဒေါင်းသေချောင်းတွင် ချဉ်းကပ်လက်စတွင် ကားအရှိန်လျှော့၍ ဆင်းခဲ့သည်။

ချောင်းတွင်းမှာ ရေက ဒူးသာသာ။

ကားတွေ ဥဒဟိုဖြတ်ကူးနေကြ၏။

ထို့ကြောင့် ဒေါင်းသေချောင်းထဲ ရေစီးသန်ထဲသို့ ဖိုးပိန်ကို တွန်းချသတ်ဖို့ အစီအစဉ်ပျက်သွားရသည်။

တစ်မျိုးကြံဦးမှ . . .

မကွေးဘက်ကမ်းရောက်တော့ အကြော်ဆိုင်လေးရှေ့မှာ ကားရပ်ပြီး ဆင်းကြ၏။

အကြော်မှာ၍ အကြော်ပန်းကန်ဖြင့် အရက်ငှဲ့ကာ နှစ်ယောက်သား သောက်ကြ၏။ မောင်ရှမ်းက ဟန်ပြ၊ ဖိုးပိန်ကတော့ နေ့လည်ပိုင်း နာရီများစွာငတ်နေသည့် အရက်ကို အငမ်းမရမော့လေသည်။

သုံးလေးခွက် ဆင့်မော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချိန် နိုးလာသည်။

ဒါမှ နေလို့ထိုင်လို့အတော်ဖြစ်ပေမည်။

"ကဲ . . . ဖိုးပိန်၊ မင်း ပဲခူးမှာ ငါတို့ လျှို့ဝှက်တဲ့ ကိစ္စ ဘယ်တွေကိုပြောခဲ့သလ"

ရုတ်တရက် မေးလိုက်သည့် မောင်ရှမ်းကြောင့် ဖိုးပိန်မျက်လုံးပြူးသွား၏။

"ဘယ်သူ့မှ မပြောဘူးအစ်ကို"

"မင်း မညာနဲ့ ဟောကောင်၊ မြကြီးကို မင်း ပြောခဲ့တာမဟုတ်လား"

"ကျွန်တော် ဘာပြောခဲ့လို့လဲ အစ်ကို"

"မင်းက ကျောက်အောင်လို့ ငါ့ကို အပ်ပြီး နှစ်ယောက်အလုပ်လုပ်ကြတယ်လို့ ပြောတယ်လေ၊ အဲဒါ တို့လျှို့ဝှက်ချက် အစအနမဟုတ်ဘူးလား၊ ရတနာပစ္စည်း ထုပ်ပျောက်တဲ့ကိစ္စနဲ့ ဆက်စပ်လို့ရတယ်ကွ"

"ကျွန်တော်မေ့နေပြီအစ်ကို၊ ဘာပြောမိမှန်း မသိတော့ပါဘူး"

"အဲဒါ ခက်တာပေါ့၊ မင်းက အရက်မူးလာရင် နှုတ်မစောင့်ဘူး၊ သတိလက်လွတ်ပဲ၊ ကဲ . . . နောက် တစ်ခါထပ်သွားတော့ကော ဘယ်သူ့ကို ပြောခဲ့သေးလဲ"



"အဲဒီနောက်တစ်ခေါက်ကတော့ မြကြီးက သူ့အိမ် တန်းခေါ်သွားပြီး သူ့အိမ်မှာပဲသောက်တယ်၊ ဘယ်သူနဲ့မှမတွေ့ဘူး"

"မြကြီးကိုရော မင်းဘာထပ်ပြောသေးသလဲ"

"ဘာမှမပြောပါဘူး အစ်ကို"

"မင်း မကွေးကလာတာဆိုတာ ပြောတယ် မဟုတ်လား"

"အဲဒါတော့ ပြောမိတယ်"

"ငါက မန္တလေးနဲ့ခြေရာဖျောက်ထားတယ်၊ မင်းက မကွေးကို အစဖော်တယ်၊ ဘယ်လိုလုပ်မလဲ"

"ကျွန်တော့် စကားကို ဘယ်သူက ယုံမှာလဲ အစ်ကိုရယ်"

"ဟေ့ . . . မှန်တာပေါ့၊ မင်းလို အရက်ရူးတစ်ယောက်ရဲ့ စကားကို အရက်သမားချင်းဘယ်ယုံပါ့မလဲ၊ ဒါပေမယ့် ဒီကိစ္စ ထောက်လှမ်းနေတဲ့ ရဲတို့ ဆားပုလင်းဘို့ ကြားသွားရင် ဘယ်လိုလုပ်မလဲ၊ မင်းသိလား၊ တစ်ခါတည်း ထောင်ထဲတန်းရောက်သွားမယ်မှတ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးပိန်က ထောင်ဆို၍လန့်သွား၏။

"ကျွန်တော် နောင် ဘယ်တော့မှမပြောတော့ပါဘူး အစ်ကို"

"ဒီလို ကတိတွေပေးတာများလှပြီဖိုးပိန်၊ ပဲခူးကို လုံးဝမသွားပါနဲ့ဆိုတာလဲ မင်းနားမထောင်ဘူး၊ ထွက်တာမှ တစ်ခါမကဘူး၊ နှစ်ခါဆင့်သွားတယ်၊ ပဲခူးမှာ မင်းရဲ့ဆွေမျိုးမရှိဘဲ ဘာများသံယောဇဉ်ရှိလို့လဲ၊ ငါဟာ မယားမငြိမ်းတစ်ယောက်လုံး ကျန်တာမှ ဒီနေရာတောင် မသွားဘဲ ငြိမ်ကုတ်နေရတယ်။ တို့ဟာချမ်းသာပြီးရင်းချမ်းသာအောင် လုပ်နေရတုန်း ခြေလှမ်းမပျက်ချင်ဘူးကွာ"

"ကျွန်တော် မထွက်တော့ပါဘူး အစ်ကို"

"မကွေးမှာရော မင်းဘယ်သူ့ကို ဒါမျိုးပြောသေးလဲ"

ဖိုးပိန် ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။

"အဲဒါတွေကြောင့်မင်းကို စိတ်မချတာ၊ ဒီရတနာတွေဟာ အခုတို့ဆီမှာ ဘာတစ်ခုမှ မရှိတော့ဘူး၊ ဒါကိုသတိရနေလဲ အလကားပဲ၊ ဒီတော့ မင်းဘယ်သူ့ကို ဘာပြောမိတယ်ဆိုတာ ငါ့ကို သတိရသလောက် ပြန်ပြောစမ်းကွာ"

သည်တော့ ဖိုးပိန်က မျက်လုံးမှိတ်၍ စဉ်းစားသည်။

မောင်ရှမ်းက သူ့အခြေအနေကို စောင့်ကြည့်နေ၏။

အချိန်က ညနေခြောက်နာရီထိုးတော့မည် မိုးရိပ်တက်လာ၍ မှောင်သလို အမည်းရိပ်စတင်သာ၏။

"မှတ်မိလား ပြောစမ်းကွာ"

မောင်ရှမ်းက ခပ်ဆတ်ဆတ်ပြောလိုက်၏။

"ဟုတ်ပြီ ကျွန်တော်သိရပြီ"

"ဘာတုန်း"

"ကျွန်တော် တလောက ပဲခူးမသွားခင် ကျွန်တော့်ကို ဟောဒီ မကွေးက ရဲတစ်ယောက်က အရက်ဆိုင်မှာ အသိဖွဲ့ပြီး မေးတယ်"

"ဟေ . . . ရဲက ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ သူက ရဲလို့ ဘေးလူတွေ ကပြောတယ်"

"ဘာတွေလဲ မြန်မြန်ပြောစမ်းကွာ"

"ဩော်. . . . သူမေးတာက ကျွန်တော့်ကို ပဲခူးမှာမြင်ဖူးတယ်ပေါ့၊ ပဲခူးကနေ မကွေးကို ပြောင်းလာတာ လားပေါ့ မေးတယ်"

"အေး. . . . ဒီတော့ မင်းက ဘာဖြေလိုက်သလဲ"

"အစ်ကိုက အရက်ဆိုင်မသွားရဘူးဆိုလို့ ကျွန်တော်မသွားတာကြောင့် သူနဲ့ထပ်မဆုံတော့ဘူးလေ"

'သူ့နာမည်ဘယ်သူလည်း သိလား"

"ကျော်ညွန့်တဲ့၊ ရဲတပ်ကြပ်ဆိုလား"

"ဟင်း"

မောင်ရှမ်း သက်ပြင်းချသည်။

နောက်တစ်ခါဆို ဖိုးပိန်ကို ရဲက အောင့်အစ်မေးလျှင်သည်ကောင် မုချဖော်ပေတော့မည်။

ဒါဖြင့် သည်ကောင်ဖိုးပိန်ကို ကြာကြာဆက်ထားလို့ မဖြစ်တော့။

ဒါဖြင့် ဘာလုပ်မည်နည်း။



လုပ်ရတော့မည်။

ဘယ်တော့လဲ. . . . ။

အခုပေါ့။ မြန်မြန်လုပ်လေ မြန်မြန်မပေါ်လေပဲ။

မောင်ရှမ်း အကြော်ဖိုးရှင်းပေးသည်။ ထိုင်ရာကထ၏။

"ကဲ. . . . သွားကြမယ်၊ မှောင်လာပြီ၊ ထကွာ"

မောင်ရှမ်း အသံက မာလာသည်။

တစ်စုံတစ်ခုကို အပြီးပြတ်ဆုံးဖြတ်လိုက်ပုံရသည်။

ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

ညဦးပိုင်းမိုးရိပ်ကြောင့် မှောင်စပြုလာသည့်အပြင် မိုးကသည်း ခပ်ဖွဲဖွဲရွာချလိုက်သောကြောင့် ကား၏ရှေ့မီးရောင်မှာ မိုးပေါက်များ လာမှန်ဝင်ကာ ရှေ့မှန်ပင် မှုန်ဝါးဝါး ဖြစ်လာသည်။

မကွေးမြို့အဝင်လမ်းဘေးမီးတိုင်များ၏ လျှပ်စစ်မီးရောင်ပင် မိုးမှုန်များကြောင့် ခပ်ဝါးဝါးသာမြင်ရသည်။

မကွေးမြို့နယ် နိမိတ်အစသို့ ဝင်ခဲ့ပြီ။

လမ်းဘေးမှ ချုံတွေထူထပ်လာသလို မြေနီကြားလမ်းလေးများကို တွေ့ရ၏။ ချုံးတွေ့ပြီး တည့်တည့်သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင် ရန်ကင်း၊ ရန်ပယ် စသည့်မြို့သစ်အဝေးပြေး ကား ဂိတ်ဘက်သို့ ရောက်နိုင်သည်။ ရှေ့က ပဲခင်း၊ နှမ်းခင်း၊ မြေပဲခင်းခြံမြေနေရာတွေ။

လူပြတ်သည်။ ရပ်ကွက်နှင့်ဝေးသည်။

မြို့အဝင် ဦးသာရင်ဝပ်ရှော့နှင့် နှစ်ဖာလုံခန့်ဝေး၏။

မိုးက ပို၍သည်းလာသည်။

မောင်ရှမ်း ကားကို မြေနီလမ်းကြားထဲသို့ ကွေ့ချိုးကာမောင်းဝင်ခဲ့သည်။ ချုံကြီးများ၏ ကြားတွင်ကားကို ရပ်လိုက်သည်။

ကားလမ်းမကြီးပေါ်မှလှမ်းကြည့်လျှင် ဤနေရာကိုနေ့လည်မှာပင် မြင်တွေ့ရဖို့မလွယ်။

မောင်ရှမ်းက ချုံထဲသို့ကားကို ဝှက်သလိုထိုး၍ မောင်ဝင်ပြီးရပ်လိုက်သည်

စက်သပ်လိုက်ရာ တိတ်ဆိတ်သွားသည်။

မိုးပေါက်များချုံပေါ်သို့ကျသည့်အသံ တစ်ချက်တစ်ချက် ဝေါခနဲကြားရ၏။

ဤနေရာမှာ လူပြတ်သည့်အပြင် ချုံတောများ



ရှိ၍လည်းကောင်း စျေးဆိုင်များမရှိခြင်းဖြင့် မော်တော်ကား ရပ်နားလေ့မရှိသောကြောင့် ကားတစ်စီး ဖြတ်မောင်း သွားပြီးလျှင် ပြန်၍တိတ်ဆိတ်သွားတတ်၏။

“ဒီနားမှာ ဘာလုပ်မလို့လဲ အစ်ကို”

ဖိုးပိန်က ကားရပ်သွားသဖြင့် မျက်လုံးဖွင့်ကြည့်၍ မေးလိုက်သည်။

“အရက်သောက်ကြတာပေါ့ကွာ၊ မိုးကလေးအေးအေးနဲ့ လက်ကျန်ရှင်းလိုက်ရအောင်”

မောင်ရှမ်းက ကားနောက်ထိုင်ခုံမှ အံကိုဖွင့်၍ အံဝှက်ထဲမှ အရက်ပုလင်းကို ထုတ်ယူ၏။ ဖန်ခွက်နှစ်လုံး ထုတ်၍ မိုးရေဆေးကြောကာ ရှေ့ခုံက မောင်ပိန်အား လှမ်းပေး၍ အရက်ငှဲ့ထည့်သည်။

သောက်ရေပုလင်းထဲမှ ရေထပ်ရောပြီး မော့၏။

“အား. . . ရင်ထဲနွေးသွားတာပဲ”

“ရမ်. . . ရင်ထဲနွေးသွားတာပဲ”

“ရမ် အစ်ကိုရဲ့၊ အဖြူသောက်နေရတော့ ရမ်များ သောက်လိုက်ရရင် ထူးခြားသွားတာပဲ”

မောင်ပိန် သဘောတွေ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှမ်းက အံဝှက်ထဲမှ ကားပစ္စည်းဖုံးကိုဖွင့်ပြီး အထဲမှ သုံးမြောင့်အသွားထက်သည့် စကေရာဘာ သံချွန်တန်ကို အသာထုတ်ယူလိုက်၏။ ကားကြွမ်းပြင် ခြေရင်းနားမှာ ချထားပြီး ကားပစ္စည်းပုံးကို ဖွင့်လျက်ထား၏။

အကယ်၍ တစ်စုံတစ်ယောက်များ ဤနေရာမှ ဖြတ်၍လာလျှင် တွေ့မြင်သွားပါက ကားပျက်၍ကိရိယာ တွေထုတ်ပြင်နေသည်ဟု ထင်သွားစေရန်ဖြစ်၏။

သို့သော် လူကပြတ်သည်။

ဖြတ်သွားလမ်းလည်း မဟုတ်သဖြင့်လည်းကောင်း ရပ်ကွက်တွေနှင့်ဝေး၍ လူသွားလူလာ လုံးဝမရှိချေ။

"သောက်ကွာ ဖိုးပိန်၊ တို့ဘဝကငွေကြေးချမ်းသာပေမယ့် စိတ်မချမ်းသာရဘူး၊ တို့လျှို့ဝှက်တဲ့ ကိစ္စကြီး ဘယ်တော့ပေါ်မလဲဆိုတာ အမြဲပူပင်နေရတယ်။ ဒါဟာ မကောင်းဘူး။ ဒီတော့ မင်းရောငါပါ အဲဒီကိစ္စကို ရဲကို ဖွင့်ပြော ဝန်ခံပြီး ထောင်ကျခံကြရင် မကောင်းဘူးလား ထောင်ကလွတ်ရင် စိတ်ရှင်းရှင်းနဲ့နေကြရမှာ"

"ဟာ. . . . အစ်ကိုကလဲ မလုပ်ပါနဲ့၊ ထောင်ထဲမှာ အရက်ပြတ်ပြီး ဆင်းဆင်းရဲရဲသေကြရမှာဗျ"



"ဒါဖြင့် တစ်သက်လုံး မပေါ်တော့ဘူးတဲ့လား၊ အခုပဲ အခုပဲ မကွေးရဲကတောင် မေးလားစမ်းလားလုပ်နေပြီး၊ တကယ်လို့ခေါ်ပြီးစစ်ရင် မင်းကအားလုံး ဖော်ပြောမလား၊ ဘူးကွယ်မှာလားပြောစမ်းကွာ"

"မဖော်ပါဘူးအစ်ကို"

"နှိပ်စက်ပြီးမေးရင်ကော"

"အသားနာရင်တော့ ဘယ်တတ်နိုင်မလဲဗျာ"

"တောက်"

မောင်ရှမ်း တက်တစ်ချက်ခတ်လိုက်သည်။

"ဖိုးပိန် ကားအောက်ခဏဆင်းစမ်း"

တက်ခေါက်သံနှင့်အတူ ပိုက်လိုင်းကြိုးနှင့် ဘအားလွှဲရိုက်လိုက်သောကြောင့် အားခနဲ တစ်ချက်အော်ပြီး ဖိုးပိန် လဲကျသွားသည်။

နောက်တစ်ချက် ဆင့်ရိုက်လိုက်ရာ အသံလုံးဝ မထွက်တော့။

မြေကြီးပေါ်မှာ မှောက်ခုံကြီး။

ရှင်းမယ့်ရှင်း အပြတ်ရှင်းရတော့မည်လား။

ရာသက်ပန် နှုတ်ပိတ်လိုက်ရင် သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းရှင်းပြီ။

လဲကျနေသောဖိုးပိန်၏ဦးခေါင်းကို မောင်ရှမ်းက သူ၏လက်ထဲမှ ပိုက်လိုင်းကြိုးဖြင့် နောက်ထပ်နှစ်ချက်ဆင့်၍ ရိုက်လိုက်သည်။

သူ့အတွက်လည်း ရာသက်ပန် စိတ်ချသွားရပြီ။

မြေပေါ်မှာ ရွှံ့အလူးလူး၊ သွေးအလူးလူးဖြင့် ငြိမ်သက်နေသည့် ဖိုးပိန်၏အသက်ရှူသံကို မောင်ရှမ်းနားဖြင့်ကပ်၍ နားထောင်ကြည့်သည်။

လုံးဝ အသက်မရှိတော့ပြီ။

သည်အတိုင်း ပစ်ထားခဲ့လို့မဖြစ်။

သူဆင်ထားသည့်အကွက်နှင့် လိုက်အောင်လုပ်ရသည်။

သူဆင်ကွက် ကြိုတင်လုပ်ထားချက်မှာ. . .

ဖိုးပိန်ကို ရေနံချောင်းသို့ ငွေတောင်းလွှတ်လိုက်သည်။

ဖိုးပိန် ပြန်ရောက်မလာ။

ငွေပါသည်ထင်၍ ဓာတ်သိလူက ရိုက်လု၍ သတ်ဖြစ်ခဲ့သည်ထင်ရအောင် တရားခံကို မတွေ့နိုင်၊



ဖိုးပိန်သည် မကြာခဏ ပဲခူးသို့ လစ်ထွက်သွားတတ်တာ အလုပ်ရှင်က အားလုံးသိသည်။

ထို့ကြောင့် ဖိုးပိန် ဘယ်ထွက်သွားသည်ဟု မှန်းဆ၍ မရနိုင်အောင် ကလေကချေပြန်လုပ်သည်ဟု ထင်စရာဖြစ်လာအောင် ဖိုးပိန်၏အလောင်းကို အစဖျောက်မှ ဖြစ်မည်။

ဘယ်လိုအစဖျောက်မည်နည်း။

ဤလိုလူသူပြတ်၍တိတ်ဆိတ်သောချုံကွယ်တောငယ်မှာ ပင်တွင်းတူးမြှုပ်ထားခဲ့ရမည်။

တွင်းတူးစရာ လက်နက်ကပါမလာ။

နောက် နှစ်ဖာလုံခန့်မှာ ဦးသာရင်၏ဝပ်ရှော့ကို သတိရလိုက်သည်။ သူအလာတုန်းက ဘီးဖြုတ်ရန်ပိုက်လိုင်းကြိုးဝင်ယူခဲ့သေးသည် မဟုတ်လား။ ကားဘီးနစ်သည့် အကြောင်းမပြောပြီး ပေါက်ပြားငှားရမည်။

သစ်ခက်တွေချိုး၍ ဖိုးပိန်၏အလောင်းကိုအုပ်ပြီး ချုံထူထူထဲသို့ ဆွဲရွှေ့ထားကာ ဦးသာရင်ဝပ်ရှော့ဆီသို့ ခပ်သုတ်သုတ်လာခဲ့ရသည်။

မိုးကရွာထားသဖြင့် မောင်ရှမ်းကိုယ်ပေါ်မှ ရွှံ့များ

www.burmeseclassic.com

www.burmeseclassic.com



ကွာကျကုန်၏။ လက်မှ သွေးစက်များလည်း စင်ကုန်သဖြင့် သူ့ကို မသင်္ကာစရာမဖြစ်နိုင်တော့ချေ။

ဦးသာရင်၏ ဝပ်ရှော့ထဲသို့ ဝင်ခဲ့၏။

မီးရောက်မှိန်မှိန်မှာ ဦးသာရင်ရေနွေးကြမ်း ထိုင်သောက်နေရာမှ . . .

"ဟော . . . ဆရာရှမ်း၊ မိုးတွေလေတွေထဲမှာ ဘာဖြစ်လာတာလဲဗျ၊ မော်တော်ကားရော"

"ဟာဗျာ . . . ကား ဗွက်နစ်နေလို့ ဦးလေးရာ"

"ဘယ်နားမှာလဲ"

"သိပ်မဝေးပါဘူး၊ အဲဒါ ပေါက်ပြားရှိရင် ခဏငှားပါ၊ ဘီးကိုဖော်ဖို့ မြေပေါက်ရမှာ"

"ပေါက်ပြားတော့ရှိတယ်၊ လိုက်ပြီးကူလုပ်ပေးဖို့ ကောင်လေးတွေ ပြန်ကုန်ကြပြီ၊ ကျုပ်လိုက်ခဲ့ရမလား ဆရာ"

"ဟာ . . . နေပါနေပါ၊ ကျွန်တော်နိုင်ပါတယ် ဟိုနားမှာ လျှပ်စစ်ရုံးက အလုပ်သမားတွေရှိပါတယ်၊ သူတို့ခေါ်ရင် ရမှာပါ"

ဦးသာရင် ထုတ်ပေးသော ပေါက်ပြားကိုယူ၍



ကားဆီသို့ ခပ်သုတ်သုတ်ပြန်လာခဲ့လေသည်။

ချုံနားရောက်တော့မော်တော်ကားရော ဖိုးပိန်၏ အလောင်းပါ အခြေအနေမပျက်ရှိနေသည်ကို တွေ့ရ၏။

သည်နားသို့ မည်သူမျှလာပုံမရသေး။ တော်ပါသေးရဲ့။

မောင်ရှမ်းချုံထူထူအတွင်းဘက်မှာ ပေါက်ပြားဖြင့်မြေကိုစ၍ တူးတော့သည်။ ကပျာကယာ တူးရ၍ လည်းကောင်း၊ ပေါက်ပြားတူးတတ်သူ မဟုတ်၍လည်း ကောင်း၊ မြေက မိုးရွာ၍ အပေါ်တွင်မြေနီမှာ ပျော့သလို ရှိသော်လည်း အောက်တွင်မူ မာကျောသော ဂဝံကျောက်တုံးများခံနေသဖြင့်လည်းကောင်း နှစ်ပေလောက်အနက်သာ တူးနိုင်ပြီး မောလွန်းသဖြင့် မိုးရွာထဲမှာပင် ချွေးသီးချွေးပေါက်များကျလာ၏။

အချိန်ကလည်းမရှိတော့။

ထို့ကြောင့် ဖိုးပိန်၏အလောင်းကို တွင်းဝသို့ ဒရွတ်တိုက်ဆွဲယူလာကာ ကမန်းကတန်းပင် တွင်းထဲသို့ ခြေဖြင့်လှိမ့်ကန်ချလိုက်ရာ အလောင်းမှာတွင်းထဲသို့ မှောက်လျက်သားကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာတစ်ပေနီးပါးခန့်တွင် နက်ကျန်နေသည့်အထဲသို့ တူးထားသည့် မြေပွများများ ပြန်ယက်ထည့်ကာတွင်းကို ဖို့ပိတ်လိုက်သည်။

ပေါက်ပြားဖြင့် မြေသားပေါ်မှ တစ်ချက်နှစ်ချက် စောင့်ပြီးလျှင် ချုံကိုင်းများကို ပေါက်ပြားဖြင့် ခုတ်ချိုး၍ အပေါ်မှပင် ဖုံးပစ်လိုက်၏။

ပြီးလျှင် ပေါက်ပြားကိုကားပေါ်သို့ပစ်တင်လိုက်သည်။

ဖိုးပိန်၏ ခေါင်းကိုရိုက်သော ဦးသာရင်ထံမှ ငှားလာသည့် ပိုက်လိုင်းကြိုးကြီးကို ရေဖြင့် ကပျာကယာ ဆေးကြောပြီး ကားပေါ်သို့ပစ်တင်ကာ ကားပေါ်ပြန် တက်ပြီး စက်နှိုး၍ ထွက်လိုက်၏။

ခြံထဲမှ မောင်းထွက်လာသည်တွင် မှောင်နေသဖြင့်ကားမီးကြီးကိုဖွင့်လိုက်သည်။

လူရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရသလိုလို၊

တကယ်တော့ သူ၏စိတ်က ချောက်ချားနေခြင်းသာဖြစ်သည်။

လျှို့ဝှက်သည့် ရတနာအမှုပေါ်မှာစိုးသဖြင့် အဖြ အတူနေခဲ့သော ဖိုးပိန်ကိုသူသတ်ပစ်ခဲ့ရပြီ။



လုပ်သာလုပ်လိုက်ရသည်။

ဗယောက်ဗယက်ဖြစ်နေသည့်စိတ်ကိုထိန်းလို့မရ။ လက်ကျန်ပုလင်းကို ပြောင်သွားအောင်ရှင်းလိုက်၏။

ဒီတော့မှအနည်းငယ် နေသာထိုင်သာရှိသွားသည်။

သို့တစေ သွေးလန့်ပြီးတုန်လှုပ် ချောက်ချားနေသည့်စိတ်ကို တည်ငြိမ်အောင်ထိန်းဖို့မလွယ်။

မောင်ရှမ်းကားပေါ်တက်မောင်းထွက်လာခဲ့ကာ ဦးသာရင် ဝပ်ရှော့သို့ရောက်လာလေတော့သည်။

ဝပ်ရှော့ရှေ့တွင် ကားရပ်ပြီးကားပေါ်မှဆင်းကာ ပိုင်လိုင်းကြိုးကိုင်၍ ဝပ်ရှော့ထဲဝင်လာသည်။

"ဪ. . . မိုးတွေအရမ်းမိနေတာ ဆရာရှမ်း၊ ရေနွေးပူပူလေးသောက်ပါဦး"

ဦးသာရင်က ရေနွေးငှဲ့ထည့်ကာ နေရာမှထပြီး ကုလားထိုင်ထိုးပေး၏။

မောင်ရှမ်းက ကားပေါ်တစ်ခေါက် ပြန်သွားပြီးလျှင် ပေါက်ပြားကိုယူလာကာပေး၏။

"ကျေးဇူးပဲ ဦးလေးရာ၊ ပေါက်ပြားသာမရရင်အခက်"

"မိုးကြောင့် ကားဘီးချော်ပြီး ဗွက်နစ်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပြားနဲ့ထွက်လမ်းမြောင်းပေးတက်ရတာဗျ"

"မိုးက ခုမှပိုသည်းလာတယ်"

ဦးသာရင်က ပေါက်ပြားနှင့် ပိုက်လိုင်းကြိုးကို ဝပ်ရှော့၏ထောင့်မှာ သွားထောင်ထားလိုက်သည်။

မောင်ရှမ်းရေနွေးပူပူတစ်ခွက်သောက်၍ ထိုင်ကာ ခေတ္တနားရ၏။

မောင်ရှမ်းက အကြမ်းပန်းကန်ထဲသို့ ရေနွေးထပ်ထည့်ကာ ပူပူလေးမော့ချလိုက်၏။

သူ့နှာခေါင်းထဲမှာ သွေးညှီနံ့ မွှန်နေသလိုလို။

"ဆရာဘယ်ကပြန်လာတာလဲ၊ မိုးအတော်ချုပ်တော့မယ်၊ တစ်ယောက်တည်း သိပ်ဝေးဝေးသွားလို့ ကား ခုလိုဖြစ်တော့ ခက်တာပေါ့၊ မောင်ပိန်ကော"

ထိုအမေးတွင် သူ့ရင်ကို ဒိန်းခနဲ ဆောင့်သွားသည်။

"သည်ကောင်ပေါ့ ဦးလေးရာ၊ ရေနံချောင်းကို မနက်က ငွေယူဖို့လွှတ်လိုက်တာ၊ ပေါ်မလာလို့ ဒေါင်းသေမှာ သွားစုံစမ်းတာ၊ ပြီးတော့ ဒေါင်းသေက တောင်ရေကျပြီး မိုးချုပ်နေလို့ ဟိုဘက်ကမ်းမကူးရဲဘဲ ပြန်လာရတယ်"



"အချိန်မရှိတော့ဘဲကို ဆရာရဲ့ သည်ကောင်လေးကပေါချာချာနဲ့ ဘယ်တွေ့ကရာ လျှောက်သွားတယ်မသိတာ"

ဦးသာရင် သူ့အထင်ကို ပြောခြင်းဖြစ်သည်။

သူ့မျက်စိထဲမှာတော့ လွန်ခဲ့သည့် တစ်နာရီလောက်ကဖြစ်ခဲ့သည့်မြင်ကွင်း ပြန်ပေါ်နေသည်။

ဖိုးပိန်ကြောင့် သူသည်အခြေအနေသို့ ရောက်လာသည်။

ခုတော့ ကျေးဇူးရှင်ကို . . . ။

အချိန်က ညရှစ်နာရီ။

ဦးသာရင်ကို နှုတ်ဆက်၍ ပြန်ခဲ့သည်။

အိမ်ရောက်တော့ ရေမိုးချိုး သန့်စင်ကာ၊ သူဝတ်သည့်အဝတ်များချွတ်၍ လျှော်ခိုင်းလိုက်ရ၏။

တစ်ကိုယ်လုံး သန့်စင်သော်လည်း သွေးညှီနံ့က မပျောက်သလို ထင်နေမိသည်။

ဣန္ဒြေမပျက်နေမှ။

အင်း . . . ။

သက်ပြင်းရှည်ကြီး ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင့်လိုက်တတ်သည်"

စာကလေးလုံးမျှသာရှိသော်လည်း အနက်
အဓိပ္ပါယ် ကျယ်ဝန်းသည်

အတွေးစဉ်ထဲသို့ ဝင်လိုက်သည့်အခါ . . .။

(၉)

မိုးက သုံးရက်မျှပြတ်သွား၏။

အညာဒေသ၏ အပူရှိန်ကြောင့် မိုးပြတ်ပြီဆိုသည်နှင့်နောက်ခြစ်ခြစ်တောက် အောင်ပူလေသည်။

နေပူလေလေ ပျော့သောမြေမှာ ပို၍ မာလာတတ်သော်လည်း ပွသောမြေမှာမူ အောက်သို့နိမ့်၍ ကျွံကျတတ်၏။

မကွေးတိုင်းမြို့၏ ရဲစခန်းတွင်းမှာ ဖြစ်သည်။ ရဲမှူးနှင့်တကွ အမှုစစ်ရဲအုပ်၊ ဆားပုလင်းကျော်ညွန့်နှင့် အခြားအရာရှိများစုံညီသည်။

စခန်းမှူးက ရှင်းပြ၏။

"အလောင်းကတော့ နေပူတော့အနံ့ထွက်လာတယ်၊ အဲဒါကိုခွေးက ယက်တော့ တွင်းကလည်း တိမ်



တာကြောင့် အလောင်းရဲ့လက်တွေအပေါ်ကိုမြောက်လာတာမှာ မြေပဲခင်းထွန်ဖို့သွားတဲ့ယာသမားကြီး ဟော ဦးဆိုင်ကတွေ့တာကြောင့် သက်ဆိုင်ရာကို သတင်းပို့တယ်"

ယာသမားကြီး ဦးဆိုင်မှာ ထိုင်၍နေသည်။

"ကဲ . . . ဦးလေး ဘယ်လိုတွေ့တယ်ဆိုတာ ပြောပါဦး"

မြို့နယ်မှူးက မေးလိုက်၏။

"ဒီလိုပါ ကျုပ်က မနက်အာရုဏ်တက်ချိန်လောက်မှာ ယာထဲဆင်းလေ့ရှိပါတယ်။ ခုတလော နေကပြင်းပူတော့ စောစောဆင်းမှ အပူသက်သာမှာမို့ဆင်းလာပါတယ်။ ကျုပ်နေတာက လျှပ်စစ်ခြံဘက်ထောက်ကုန်းမှာ၊ ယာက ရန်ပယ်နားမှာဆိုတော့ အားလမ်းကို ဖြတ်သွားရပါတယ်။ ဒါနဲ့ အဲဒီနားရောက်တော့ အပေါ့အလေးသွားချင်လာလို့ ချုံထဲလဲဝင်လိုက်ရော ခွေးနှစ်ကောင်က မြေကိုယက်နေတာတွေ့လို့ ချုံထဲဝင်လိုက်ရော တွင်းထဲကလူသေလက်အပေါ်ထောက်နေပြီး ခွေးတွေဝိုင်းဆွဲတာ တွေ့ရတာပဲ၊ ကျုပ်လဲ ခွေးနှစ်ကောင်ကို ခြောက်လှန့်မောင်းထုတ်ပြီး သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာကြည့်တော့ လူသေဘယ်သူမှန်းမသိတာနဲ့ တော်ကြာကျုပ်အပေါ် မှုပတ်မှာစိုးလို့ အနီးဆုံးမှာရှိမယ့် လူကို လိုက်ရှာရာမှာ အနီးဆုံးကတော့ ဦးသာရင် ဝပ်ရှော့ပဲရှိတာမို့ ဦးသာရင်ကိုပြေးပြီး ပြောရပါတယ်"

"ဦးကြီးသိတာ ဒီလောက်ပဲပေါ့"

"ဟုတ်ပါတယ်"

"ထွန်းမြင့် ဝပ်ရှော့က ဦးသာရင်ကို သွားခေါ်ခဲ့"

ရဲသား ထွန်းမြင့်အား ဦးသာရင်ကိုခေါ်ဖို့ လွှတ်လိုက်၏။

မိနစ်နှစ်ဆယ်ခန့်အကြာ ဦးသာရင်ရောက်လာသည်

ဦးသာရင်ကိုတော့ မြို့နယ်မှူးက သိကျွမ်း၏ ရဲတပ်ဖွဲ့မှ ဂျစ်ကားလင်ရီဘာကားများမကြာခဏအပ်နှံ၍ ပြုပြင်ပေးရသဖြင့်လည်း ကျွမ်းဝင်နေခြင်းဖြစ်လေသည်

"သူလာပြောတာနဲ့ ကျွန်တော်အဲဒီနေရာ လိုက်ကြည့်ပါတယ်၊ ကျွန်တော့်ဝပ်ရှော့နဲ့ နှစ်ဖာလုံ လောက်ဝေးပါတယ်၊ ချုံတွေသိပ်ထူတဲ့နေရာပါ။ ဒါနဲ့ ချုံထဲရောက်လို့ ဦးဆိုင်ပြတဲ့ နေရာကြည့်လိုက်တော့ တွင်းထဲမှာ လူသေအလောင်းတွေ့ရတာပဲ၊ အလောင်းက ပုပ်ပြီ



ပွစပြုနေပါပြီ၊ ဘယ်သူဘယ်ဝါလို့ ဖြန်းကနဲမသိ ပေမယ့် မိုးဦးပန်းပရိဘောဂတိုက်က မောင်ပိန်လို့ မျက်နှာကိုကြည့်ပြီး ထင်လိုက်မိတယ်ဗျ၊ ဒါနဲ့ ကိုင်လဲမကိုင်ရဲလို့ ရပ်ကွက်ဥက္ကဋ္ဌကြီးဆီ သတင်းပို့လို့၊ ဥက္ကဋ္ဌကြီးက လူကြီးတွေခေါ်၊ ရဲသတင်းပို့ပြီး ဆားပုလင်းကိုကျော်ညွန့်တို့ ရောက်လာကြတာပါပဲ"

"ကဲ. . . ဆားပုလင်းကြီး"

"ဒီလိုပါရဲမှူးကြီးခင်ဗျာ၊ ရပ်ကွက်ဥက္ကဋ္ဌကြီးက လာသတင်းပို့လို့ ကျွန်တော်မှုခင်းဆိုင်ရာ ရဲတပ်ကြပ်ကြီးကိုထူး သွားပြောပြီးတော့ သူနဲ့အတူ အလောင်းရှိရာ သွားစစ်ဆေးကြည့်ရပါတယ်၊ အလောင်းက ပုပ်စပြုနေပါပြီ၊ သေသူကိုမြင်ဖူးသလိုရှိပြီး သူ့အကျႌအိတ်ထဲကိုရှာတော့ ဘာမှမတွေ့ဘူး။ ပိုက်ဆံနည်းနည်းတွေ့ပါတယ်။ ဘယ်သူပါလိမ့်ဆိုတော့ မှ ဝပ်ရှော့က ဟောဒီဦးလေးဦးသာရင်က မိုးဦးပန်းပရိ ဘောဂက မောင်ပိန်ဖြစ်မယ်ပြောလို့ မိုးဦးပန်းပိုင်ရှင် ဦးမောင်မောင်စန်းဆီ သွားပြောပြီး သူလိုက်ကြည့်တော့မှ ဟုတ်နေတာတွေ့ရပါတယ်၊ ဒါနဲ့ချက်ချင်းပဲ အလောင်းကို ဆေးရုံပို့ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံက မှုခင်းဆရာဝန်ကြီးက စစ်ဆေးဖို့ထားခဲ့ပါတယ်"

"မိုးဦးပန်း ဦးမောင်မောင်စိန်က ဘာပြောလဲ"

"သူ့တပည့်မောင်ပိန့်ကို လွှန်ခဲ့တဲ့ သုံးရက်က ရေနံချောင်း လွှတ်ပြီး ကြွေးတောင်းခိုင်းလိုက်တာ လူရောငွေပါ ပြန် လာလို့ စိတ်ပူနေတာတဲ့၊ ရေနံချောင်း ဖုန်းဆက်ကြည့် တော့ အဲဒီနေ့ကပဲ ပြန်သွားတယ်၊ ငွေတော့ ပါမသွား ဘူးပြောကြောင်း သူ့ပို့လဲ မသိကြဘူးတဲ့"

"လူပျောက် မတိုင်ဘူးလား"

"ဒီကောင်းက ဒီလိုပဲထွက်သွားနေကြ ဟဲ့၊ ပဲခူးကိုသွား တယ်"လို့ ထင်လို့ လူပျောက်တွေဘာတွေ မတိုင်ဘူးလို့ ပြောပါတယ် ဗိုလ်ကြီး"

ရဲသားတွေက ရဲမှူးကို ဗိုလ်ကြီးလို့ခေါ်ကြသည်။

"သူတို့က ပဲခူးကနေ ဒီမှာလာပြီး လုပ်ငန်းလုပ်ကြတာ လား"

"တစ်စွန်းတစ်စတော့အဲဒီလိုကြားဖူးပါတယ်၊ အသေအ ချာတော့ မသိပါဘူး၊ မကွေးရောက်လာပြီးမှတော့ ဘာပြဿနာမဖြစ်ဖူးသေးပါဘူး"

"ဦးသာရင်ကော သူတို့အကြောင်း တာသိသလဲ၊



သိသလောက် ပြောပြစမ်းပါဦး"

"ကျွန်တော်လဲ သေသေချာချာတော့ မသိပါဘူး၊ သူ့ကား ဝပ်ရှော့မှာ လာပြင်ရင်း သိကျွမ်းရင်းနှီးခဲ့တာပါပဲ"

"နောက်ထပ်ထူးမယ်ထင်တာလေးများရှိရင်လဲ စဉ်းစား ပြီးပြောပါဦး"

ခန်းမှူးကြီး၏ အမေးကို ဦးသာရင်က ရုတ်တရက်မဖြေ ဘဲ နေစေကာမူ ဦးသာရင်၏ ပုံသဏ္ဍာန်မှာ တစ်စုံတစ်ရာ ပြောစရာရှိသည့်ပုံစံမျိုးပေါ် နေသယောင်ပင်ရှိသည်ဟု ရဲစခန်းမှူးကြီးက အကဲခတ်လိုက်မိ၏။

ဒါကလည်း လုပ်သက်အတွေ့အကြုံအရ အကဲဖမ်းလိုက် မိခြင်းဖြစ်သည်။

သာမန်အရပ်သူအရပ်သားများသည် ရဲစခန်းသို့ ရောက် သည့်အခါ သူတို့ သိထားသမျှကို ပြောပြဖို့ ဝန်လေးတတ် ကြသည်။

အမြင်မှာ စကားပြော ကြွယ်ကြသူများသည်ပင် ရဲစခန်း ရောက်သည့်အခါ နှုတ်သွက်လျှာသွက်မရှိ၊ နှုတ်လေးနေ တတ်သည်။

ထို့ကြောင့်လည်း စခန်းမှူးကြီးက စကားလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းစဖော်ပေးရသည်။

"ဒီလိုရှိပါတယ် ဦးသာရင်၊ မှုခင်းတစ်ခုခုဖြစ်လာ ရင် အဲဒီအမှုကိုပေါ်အောင် စုံစမ်းစစ်ဆေးပြီး ဖော်ထုတ် ဖို့က ကျွန်တော်တို့ရဲတွေရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့ အကူအညီတစ်စိတ်တစ်ပိုင်း ရရင်တော့ အမှုကွင်းဆက်ဖော်ရတာ ပိုမြန်တာပေါ့ ကိုယ်သိတာနဲ့ ထင်မြင်ယူဆချက်ရှိလို့ ပြောရင် ဦးသာ ရင်အတွက် ဘာမှ ထိခိုက်စရာအကြောင်း မရှိပါဘူး ကျွန်တော်တို့အတွက် ပိုပြီးအထောက်အကူဖြစ်တာပေါ့ ရဲနဲ့ပြည်သူ လက်တွဲကြည်ဖြူရင် ရပ်ရွာအေးချမ်းရေး အထောက်အကူ ဖြစ်စေရုံတင်မကဘူး။ အမှုအခင်း လျော့နည်းရေးလဲ ဖြစ်တာပေါ့"

စခန်းမှူးကြီးက စိတ်ရှည်လက်ရှည် ပြောပြလိုက် ရသည်။

သည်တော့မှ ဦးသာရင်နှုတ်က ထပ်ဆင့်စကား ပွင့်လာသည်။

" လွန်ခဲ့တဲ့ သုံးလေးရက်နေ့လယ်ဘက်က ဦးမောင်စန်း ကျွန်တော့်ဝပ်ရှော့ပ်ကို ရောက်လာပြီး ကားဘီးပေါက်လို့ဆိုပြီး ဘီးချွတ်ဖို့ပစ္စည်းလာငှားပါတယ်



ကျွန်တော်လဲ ဘီးနပ်တွေဖြုတ်ဖို့ပိုက်လိုင်းကြိုးကိုပေးလိုက် ပါတယ်။ ရေနံချောင်းဘက် သွားမှာမို့ အပြန်ကျမှ ဝင်ပေး မယ်ပြောပြီး ယူသွားပါတယ်"

"ဝပ်ရှော့ပ်ကို သူတစ်ယောက်တည်း လာတာပေါ့"

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့. . . ဆက်ပြောပါဦး"

"ညဘက်မိုးချုပ်တော့ တစ်ခေါက်ရောက်လာ ပါတယ်"

"ကားနဲ့ပဲလား"

"မဟုတ်ပါဘူး၊ လူချည်းပါ"

"သူတစ်ယောက်တည်းပေါ့"

"ဟုတ်ပါတယ်"

နေ့လယ်က ယူသွားတဲ့ပိုက်လိုင်းကြိုးလာပေး တာလား"

"မဟုတ်ပါဘူး ပေါက်ပြာလာငှားတာပါ"

ဦးသာရင် တစ်ဆက်စပ်တည်း မပြောတတ်မှာ ကြောင့် စခန်းမှူးကြီးက မေးခွန်းလေးများဖြင့် ဝင်ထောက်

www.burmeseclassic.com

www.burmeseclassic.com



စကားဖြောင့်အောင် မေးပေးနေရသည်။

"ပေါက်ပြားလာငှားတာ မဟုတ်လား၊ ဘာလုပ်ဖို့တဲ့လဲ"

"သူကား ဗွက်နစ်နေလို့ လမ်းကြောင်းဖော်ဖို့လို့ ပြောပြီးငှားတာပါ"

"သူတစ်ယောက်တည်းပေါ့"

"ဟုတ်ပါတယ်"

"အချိန်ကရော ဘယ်အချိန်လောက်လဲ"

"အမှောင်ရိပ်သန်းစပြုနေတဲ့ အချိန်ပါ"

"ဦးသာရင်ဆီမှာကော အကူအညီတွေဘာတွေ မတောင်းဘူးလား"

"မတောင်းပါဘူး၊ ဘီးနစ်နေတဲ့အနားမှာ လူသုံးလေးယောက်ရှိတယ်လို့တော့ ပြောတာပဲ"

စခန်းမှူးကြီးသူ၏ မေးစေ့ကိုလက်နှင့်ပွတ်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးတော့မှ မေးခွန်းကို ဆက်လိုက်သည်။

"ဆိုပါဦး၊ ပေါက်ပြားလာပြန်ပေးတော့ ဘယ်အချိန်လောက်ရှိပြီလဲ"



"ည ရှစ်နာရီလောက်ရှိပါပြီ"

"ကားနဲ့ ပြန်လာတာပေါ့"

"ဟုတ်ပါတယ်၊ နေ့လယ်က ယူသွားတဲ့ ပိုက်လိုင်းကြိုးရောပေါက်ပြားရော ပြန်ပေးပါတယ်"

"ပေးပြီး ပြန်သွားတာပေါ့"

"ကျွန်တော့်ဆီမှာ နာရီဝက်လောက်ထိုင်သွားပါသေးတယ်"

"ဘာတွေများ ပြောသွားသလဲ"

"ထူးထူးထွေထွေတော့ ဘာမှ ပြောမသွားပါဘူး၊ ကားထဲက အရက်ပုလင်းယူပြီး ကျွန်တော့်ဆီက ဖန်ခွက်နဲ့ သောက်ပါတယ်၊ ကျွန်တော်က ထမင်းစားပြီးနေလို့ မသောက်ပါဘူး"

"အဲဒီအချိန်က ဦးသာရင်သူ့ကို ဘယ်လိုများ အကဲခတ်မိပါသလဲ"

"အဲဒါတော့ အကဲမခတ်မိပါဘူး"

"သူ့ဟန်ပန် အမူအရာက တည်တည်ငြိမ်ငြိမ်ပဲလား ပြောတာဆိုတာကောပေါ့"

"မောပြီး စိတ်အိုက်နေတဲ့ပုံပဲ၊ သူက လမ်းခရီး

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတာကြောင့် ပင်ပန်းတယ်ပြောပြီး ထပြန်သွားပါတယ်"

"ဦးသာရင် ခုလိုကူညီတဲ့အတွက် မြို့နယ်ရဲတပ်ဖွဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဆက်ကူညီဖို့ကတော့ ဦးမောင်မောင်စန်းကို ငှားလိုက်တဲ့ ပေါက်ပြားနဲ့ ပိုက်လိုင်းကြိုးနှစ်ခုကို ရဲစခန်းကို ခေတ္တပေးထားဖို့ပါပဲ၊ ဦးသာရင်ကိုပြန်ပို့ရင်း ကျွန်တော်တို့ လိုက်ယူပါ့မယ်"

"ဟုတ်ကဲ့ရပါတယ်၊ ပိုက်လိုင်းကြိုးက လုပ်ငန်းသုံးဖြစ်နေလို့"

"ဒါအတွက်လဲ အပိုတစ်ချောင်းရအောင် ကျွန်တော်တို့စီစဉ်ပေးပါ့မယ်"

ဝပ်ရှော့ခ်ရောက်တော့ ဦးသာရင်က ပေါက်ပြားနဲ့ပိုက်လိုင်းကြိုးကို ထုတ်ပေးသည်။

ပေါက်ပြားကို ဆေးကြောမထားရသေး။

ပေါက်ပြားတွင်ကပ်နေသည့် မြေကြီးများမှာမူ ခြောက်သွေ့နေပြီ။

ပိုက်လိုင်းကြိုးမှာ ရေဆေးပြီးကိုင်တွယ် အသုံးပြုထားသည့် အနေအထားတွင် ရှိသည်။



သို့သော် . . .

သေသေချာချာစေ့စေ့စပ်စပ်ကြည့်လိုက်သောအခါ . . .

လက်ကိုင်နှင့် ထိပ်ဖျားဂဏန်းလက်မကြားကို ခရစ်စင်ဆေးထားသော်လည်း ဂဏန်းလက်မ အတွင်းဘက် ခွေးသွားစိတ်နှင့် ဝက်အူရစ်အလျှော့အတင်းလုပ်သည့် အင်္ဂါကြားတွင်မူ သွေ့ခြောက်နေသည့်ညိုပုပ်ပုပ်အရောင်အဆင်းများကို တွေ့လိုက်ရ၏။

သွေးခြောက်ပဲလား။

အခြားသော ချေးညှော်များပဲလား။

အခန်းရောက်မှ သေသေချာချာ စစ်ဆေးရမည်။

ထိုမှ အလောင်းတွေ့ရာဆီသို့ ခရီးဆက်ရပြန်သည်။

မြေမာပေါ်မျာပေါက်ထားသည့် ပေါက်ပြားမြေပွဲ့ရာနှင့် မြေပျော့ပေါ်မှာ ပေါက်ထားသည့်မြေကြီးအချို့ကိုကားပေါ်၌ တွေ့ရသည့် ပလတ်စတစ်အိတ်ဖြင့်ထည့်ယူခဲ့သည်။

လုပ်သက်ရင့်စခန်းမှူးကြီးက အသေးအဖွဲကအစ မလစ်ဟင်းရအောင် လုပ်သင့်ရာကို ဂရုတစိုက်လုပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ပတ်ဝန်းကျင် မြေအနေအထားကို စေ့စေ့စပ်စပ် ကြည့်လိုက်ရာ မြက်ပင်များကြေမွနေသည့် စွပ်ကြောင်းရာ တစ်ခုကို တွေ့ရသည်။

လူတစ်ကိုယ်စာဆွဲထားသော စွပ်ကြောင်းရာမှာ မိုးရွာပြီးပြန်လည်ခြောက်သွေ့သွားစေကာမူ ရေးရေးပျပျ ပေါ်နေဆဲပင်။

အလောင်းကို မြေမြှုပ်သည့်နေရာနှင့် ခပ်လှမ်းလှမ်းတွင်ကားဘီးရာများ တစ်စိတ်တစ်ပိုင်းကို တွေ့ရသည်။

စခန်းမှူးကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ပိုက်လိုင်းကြိုး။

ပေါက်ပြား။

ကားဘီးများ။

ပိုက်လိုင်းကြိုးနှင့် ပေါက်ပြားရှာသူက ဦးမောင်မောင်စန်း။

မိုးဦးပန်းပရိဘောဂဆိုင်နှင့်အလုပ်ရုံ။

အမှုဖြစ်ကြောင်းနှင့် ဆက်နွယ်ပတ်သက်မှု



ရှိသည်မှာတော့ သေချာနေပြီ။

ဒါပေသိ. . .

မောင်မောင်စန်းကို တရားခံအဖြစ် စွပ်စွဲရန်မှာ မှုမဖြစ်နိုင်သေး။

ထို့ထက်ပို၍ ခိုင်လုံတိကျသော အမှုဖြစ်ကြောင်း နှင့်အထောက်အထားများကို ဖော်ထုတ်ရဦးမည်ပါ။

**********

မှုဖြစ်ကြောင်း လက်ရှိတွေ့ထားသည့် အထောက်အထားများ ဆက်နွယ်ပတ်သက်ရာ ကွင်းဆက်များကို အပြည့်အစုံအစီရင်ခံရသည်။

မြို့နယ်မှူးက မောင်ရှမ်း(ခေါ်)မောင်မောင်စန်း ကိုဖြစ်နိုင်ဖွယ်အဆင့်မှာပဲ ထားရဦးမယ်။

ဖမ်းဆီးလို့မဖြစ်သေး။

"ဒီအမှုနဲ့ပတ်သက်ပြီး ဦးညွန့်ဖေကြီးကြပ်ပြီး ကိုအေးလွင်ကို တာဝန်ပေးပါ၊ ကိုမောင်မောင်စန်းကို စစ်ဆေးပြီး သူ့ကားကိုအသေးစိတ်စစ်ဆေးပါ။ တပြိုင်တည်း

www.burmeseclassic.com

www.burmeseclassic.com



တပြိုင်တည်းလုပ်ရမှာက. သူတို့နောက်ကြောင်းရာဇဝင်ကိုသိဖို့၊ ဒီအတွက်ပဲခူးကိုသွားဖို့ သိန်းမောင်ကို လွှတ်ပါ။ ပဲခူးရဲစခန်း အကူအညီအတွက် ကျွန်တော်စာရေးပေးလိုက်မယ်"

"ဟုတ်ကဲ့. . . . မြို့နယ်မှူး၊ ကျွန်တော်အသေအချာကိုင်တွယ်ပါ့မယ်"

"သူတို့ရဲ့မကွေးအဆက်အသွယ်ကိုလည်း မေးမြန်းစုံစမ်းဖို့လိုလိမ့်မယ်၊ သူတို့ကိုတော့ စခန်းကို မခေါ်ပါနဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒါ ပထမအဆင့်လုပ်ဖို့ပဲ၊ ဒါထက်. . . . ကိုမောင်မောင်စန်းက တရားလိုအဖြစ် တိုင်ချက်ဖွင့်ထားတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . . ဖွင့်ထားပါတယ်"

"ဒါဆို. . . သူ့ဆီကစစ်ချက်ကို ယူထားရလိမ့်မယ်"

"ကျွန်တော်တော့ သူ့ကားကိုပါ စစ်ဆေးထားချင်ပါတယ်"

"လိုအပ်သလိုသာ ဆက်လုပ်ပါ၊ ဒါပေမယ့်



သူ့ကို မသက်သာစရာလို့စစ်ဆေးတဲ့သဘောမျိုး မသက်ရောက်လုပ်ရိုးလုပ်စဉ်သဘောကို အလေးပေးပြီးလုပ်ပါ။

"ဟုတ်ကဲ့"

မြို့နယ်မှူးထံမှ ညွှန်ကြားချက်များကို ရရှိပြီးနောက် ဆက်လက်လုပ်ဆောင်ရမည့် ကိစ္စများကိုလုပ်ခဲ့သည်။

ပထမ ဆားပုလင်း ကိုသိန်းမောင်၊ ပဲခူးသွားဖို့ ကိစ္စအတွက် အစီအစဉ်များလုပ်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

မောင်မောင်စန်းနှင့်သွားမတွေ့ခင် ကားဝပ်ရှော့ကဦးသာရင်နှင့် သွားတွေ့ပြီး မေးစရာရှိသည်များကို မေးမြန်းရန် ဒု-ရဲအုပ်ကိုအေးလွင်အား လွှတ်လိုက်ရသည်။

ဦးသာရင်ကိုစစ်ဆေးမေးမြန်းရန်မှာ ယခု ရက်ပိုင်းအတွင်း မောင်မောင်စန်း ဦးသာရင်ထံ လာမလာနှင့် ဘာတွေပြောသွားသည်ကို မေးမြန်းရန်ဖြစ်သည်။

မှုခင်းတစ်ရပ်ဖြစ်လာရင် မှုခင်းနှင့်ပတ်သက်သည့် တရားခံကို ဖော်ထုတ်ရမည့်တာဝန်ရှိသလို တရားရုံးသို့ အမှုစွဲတင်ရာတွင်လည်း တိကျခိုင်လုံသောအထောက်အထားများဖြင့် တရားဆွဲဆိုတင်ပို့ရမည့် တာဝန်လည်း ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံကိုတော့ ဖော်ထုတ်နိုင်ပါရဲ့။

တရားစွဲဆို၍ ရုံးတော်သို့တင်သည့်အခါ အထောက်အထားမခိုင်လုံရင် တရားခံ လွတ်သွားမည်ဖြစ်သောကြောင့် တရားဥပဒေ စိုးမိုးရေးတာဝန်ကို ပျက်ယွင်းအောင် လုပ်မိသကဲ့သို့ ရှိချေမည်။

တရားခံကို ဖော်ထုတ်ရာတွင် လွယ်သည့်အမှုရှိသလို ခက်သည့် အမှုလည်းရှိသည်။

ယခုအမှုမှာ လွယ်မယောင်နှင့်ခက်သည် တိမ်မယောင်နှင့်နက်သည်ဟု ဆိုရမည့်အမှုမျိုး။

မောင်မောင်စန်းက ငွေကြေးချမ်းသာရုံမက ပေါက် ရောက်မှုလည်း ရှိသူဖြစ်သည်။

ငွေကြေးအကုန်အကျခံပြီး လိုက်နိုင်သည့်အား ရှိသည်။

ဥပဒေရေးရာကျွမ်းကျင်သူ ငှားရမ်းနိုင်သည့် အခြေအနေရှိသည်။

လူသတ်မှု ဂရားခံဟု စွပ်စွဲနိုင်စရာအကြောင်း တွေ့ရှိသော်လည်း မျက်မြင်သက်သေမရှိ။

အပိုင်ချည်၍ကိုင်နိုင်မှ တော်ရုံကျမည့်အမှု။



သေဆုံးသူနှင့် မှုခင်းကျူးလွန်သူအဖြစ် သတ်မှတ်နိုင်သူနှစ်ဦးမှာ ဆရာတပည့်။

လူသတ်သည်အထိ ဖြစ်ရလောက်သည့် အခြေခံအကြောင်းအရင်းမြစ်ကို ဖော်ထုတ်ရမည်မှာ အဓိကအချက်ဖြစ်နေသည်။

ကွင်းဆက်အပြည့်အစုံကို ရှာဖွေရမည်။

ဦးသာရင်ထံမှပြန်လာသည့် ဒု-ရဲအုပ်ကိုအေးလွင်၏အစီရင်ခံချက်အရ မောင်မောင်စန်းအပေါ် ပို၍သက်သာကင်း ဖြစ်ဖွယ်ရာ အချက်တစ်ချက်ကို တွေ့ရှိမှတ်သားသားလိုက်ရပြန်ပါသည်။

ဦးသာရင်ကို ရဲတွေဘာတွေမေးကြောင်း၊ ဦးသာရင်က ဘာတွေပြောလိုက်ကြောင်း၊ မောင်မောင်စန်းက ဦးသာရင်ထံ လာမေးသွားကြောင်း၊ ဦးသာရင်ကပြောပြသည်။

အကယ်၍ သူကိုယ်တိုင်အမှုနှင့်မပတ်သက်လျှင် ထိုသို့မေးမြန်းစရာ အကြောင်းမရှိ။

ခု မေးမြန်းသည်မှာ အကြောင်းရှိ၍သာ။

ထိုသို့ပင် ကောက်ချက်ဆွဲချရမည်ဖြစ်သည်။

စခန်းမှူးက သူ၏ ဒိုင်ယာရီမှတ်တမ်းစာအုပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်ထားလိုက်သည်။

နောက်တစ်နေ့။

အမှုစစ် ကိုအေးလွင်နှင့်အတူ စခန်းမှူးပါ လိုက်ပါလျက် မောင်မောင်စန်းကို အဆင်သင့်တွေ့ရှိမ... မောင်မောင်စန်းက သူတို့ဝင်လာသည်နှင့် ပျာပျာသ... ပျူပျူငှာငှာဆီးကြိုခဲ့သည်။

"ဟာ. . . . စခန်းမှူးကြီးတို့ပါလား၊ ကြွပါကြွ...

မောင်မောင်စန်းက ယင်းသို့ ပျူပျူငှာငှာ ဖိတ်ခေ... ပြီး တစ်ဆက်တည်း တောင်းပန်စကားလည်းပြောခဲ့သည်...

ကျွန်တော့်ကိုတော့ခွင့်လွှတ်ပါ စခန်းမှူးကြီး... ကျွန်တော် ဟိုကောင့်အတွက် စိတ်မကောင်းတာနဲ့ နည်း... နည်းပါးပါးလုပ်ထားပါတယ်"

"ဟုတ်တာပေါ့ဗျာ၊ လက်ကတုံးတောင်ဖွေး အော... ကိုးနေတဲ့ တပည့်ကိုစွဆိုတော့လည်း ကျွန်တော်တို့နား... လည်ပါတယ်"

"ကဲ. . . ကြုံတုန်းကြိုက်တုန်း စခန်းမှူးကြီးတို့... ဧည့်ဝတ်ပြုပါရစေ၊ အားမနာပါနဲ့၊ အိမ်မှာအားလုံးအဆင်... သင့်ပါ"



"ကျေးဇူးတင်ပါတယ် ကိုမောင်မောင်စန်း၊ ကျွန်တော်တို့တာဝန်ထမ်းဆောင်ချိန်ဖြစ်နေလို့ပါ"

စခန်းမှူးဦးညွန့်ဖေက လိုက်လျောညီထွေပြော၍ ငြင်းလိုက်ရသည်။

နှုတ်ကထိုသို့ပြောလိုက်ရသော်လည်း ရင်ထဲမှာ မှတ်ချက်တစ်ရပ် ချမှတ်လိုက်သည်။

သည်အချိန် အရက်သောက်ထားပြီးဖြစ်နေသည်မှာ အရက်ကြိုက်၍သောက်ထားခြင်းမျိုး မဖြစ်နိုင်။ တစ်စံတစ်ရာသော ရင်တွင်းခံစားနေရသည့် စိတ်မတည်ငြိမ်ရင်တွင်းခံစားမှု တုန်လှုပ်ချောက်ချားခံစားနေရသည်ကို ဖြေဖျောက်ရန် ကုစားသည့် သဘောမျိုးဖြစ်သည်။

ဆိုလိုသည်မှာ ကိုယ့်အကြောင်း ကိုယ်အသိဆုံး။

ကိုယ်လုပ်ထားသည့်ကောင်းသောအမှုနှင့် မကောင်းသောအမှု၏တုန့်ပြန်မှုကို ခံရစမြဲရှိကြသည်သာ။

ထို့မှ စခန်းမှူးကြီးက လာရင်းကိစ္စကို စကားစလိုက်ရသည်။

"ဒီလိုပါ ကိုမောင်မောင်စန်း၊ ကျွန်တော်တို့ လာရင်းအကြောင်းက ဖိုးပိန်အသတ်ခံရတဲ့ မှုခင်းတရားခံကို

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်ဖို့အတွက် ကိုမောင်မောင်စန်းကို လိုအပ်တဲ့ မေးစရာမြန်းစရာများကို မေးမြန်းဖို့ပါ၊ ဒါကိုလဲ တစ်လွဲ မထင်စေချင်ပါဘူး။ လုပ်ရိုးလုပ်စဉ်သဘောပါ"

"ကျွန်တော် သဘောပေါက်ပါတယ် စခန်းမှူးကြီး ကျွန်တော်လည်း တရားခံကို အမြန်ဆုံးဖော်ထုတ်စေချင်တဲ့ ဆန္ဒရှိပါတယ်၊ ဒါမှလည်း အမှုကိစ္စရှင်းလင်းသွားမှာပါ။"

"ကိုမောင်မောင်စန်း ခုလိုသဘော...ပေါက်ထားတာကြောင့်အမှု အမြန်ဆုံး ပေါ်ပါလိမ့်မယ်၊ ကျွန်တော်တို့နဲ့အတူလက်တွဲကူညီပါ"

"ဟုတ်ကဲ့. . . ကျွန်တော်အစွမ်းကုန်ကူညီပါ့မယ်"

"ကိုမောင်မောင်စန်းက မကွေးဇာတိ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး၊ ကျွန်တော်က ပဲခူးကပါ"

"ပဲခူးဇာတိဆိုပါတော့. . ."

"ကျွန်တော့်မွေးရပ်မြေ ဇာတိက ပဲခူးတော့ မဟုတ်ပါဘူး၊ ပိန်းဇလုပ်ကပါ၊ သစ်တောအက်မှာ အမှုထမ်းတော့မှ ပဲခူးမှာပဲနေခဲ့တာပါ"

"ဖိုးပိန်နဲ့က ပဲခူးရောက်မှ သိကြတွေ့ကြတာပေါ့"



"ဟုတ်ပါတယ်"

"အဲ့ဒီကတည်းက ဖိုးပိန်က ကိုမောင်မောင်စန်း အတူနေခဲ့တာလား"

"အတူမနေပါဘူး၊ ကျွန်တော် တာဝန်ကျတဲ့ဂိတ် နေ့လယ်နေ့ခင်း လာအိပ်တတ်ပါတယ်၊ တောက်တို ယ်ရခိုင်းစရာရှိလဲ သူ့ကိုပဲခိုင်းခဲ့တာပါ"

"နို့ နေပါဦး၊ ကိုမောင်မောင်စန်းက ဒီမကွေးကို ရောက်မှပဲ အိမ်ထောင်ရက်သားကျတာပေါ့နော်"

ထိုမေးခွန်းကိုတော့ ပထမမေးခွန်းတွေဖြေစဉ်က ဒိုးခနဲဒေါက်ခနဲမဖြေနိုင်။

အဖြေတုံ့ဆိုင်းသွားသလို...တွေတွေဝေဝေ သွားမှုကို စခန်းမှူးက အကဲခတ်လိုက်မိသည်။

ငါးမိနစ်လောက်ကြာတော့မှ တုံ့ပြန်အဖြေ ပြောလာ၏။

သူဖြေလိုက်ပုံက သည့်လို. . .

"ဟုတ်ကဲ့. . . ကျွန်တော် ပဲခူးမှာ အိမ်ထောင်ကျ ပါတယ်၊ ဒါပေမယ့် အိမ်ထောင်ရေးအဆင့်မပြေလို့ တစ်ယောက်နဲ့ တစ်ယောက် ပြတ်ပြတ်စဲစဲ ပဲ ခဲ့ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဩော် . . . ကိုမောင်မောင်စန်း
ဇနီးကရော ဘာလုပ်ကိုင်စားသောက်ပါသလဲ"

"သူကဈေးရောင်းပါတယ်"

"ဦးမောင်မောင်စန်း မကွေးရောက်လာပြီး ခုလို
အောင်မြင်ဖြစ်ထွန်းတဲ့လုပ်ငန်း ဖြစ်လာပုံကလေးများ
ဝန်မလေးဘူးဆိုရင်တော့ ပြောပြစေချင်ပါတယ်
ကျွန်တော်က တရားခံစစ်စစ်နေတာ မဟုတ်ဘူးနော်
ကိုမောင်မောင်စန်း ဘက်ကအကြောင်းပေါစ်စုံတစ်ရာ
ပေါ်လာရင် ကျွန်တော်က ရပ်တည်ပေးနိုင်အောင်
မေးထားရတာပါ"

စကားအရာတွင် ပရိယာယ်ကြွယ်ရသူများ
တွင် ပွဲစားနှင့်ရှေ့နေရှေ့ရပ်များ၊ ကုန်သည် ဈေးသည်များ
သာကပ မဲ့တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြသည်
ဆိုရမည်ပါ။

လူများမျက်ခုံးမွှေးပေါ် စကြိုး လျှောက်နေသည်
မောင်မောင်စန်းကလည်း လူလည်လူလျင်ပဲဟာ၊ မေးခွန်း
အတိမ်အနက် ဘယ်သို့ရှိသည်ကို ရိပ်မိခဲ့သည်သာ။

"ကျွန်တော်အကျိုးပြုခဲ့ဖူးတဲ့သစ်ကုန်သည်



ဘစ်ယောက်က ငွေကြေးထုတ်ပေးပြီး လုပ်ငန်းလမ်း
ကြောင်းပြတာနဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းရှိတဲ့
ကွေးကို ရောက်လာပြီးလုပ်ငန်းသေးသေး စ,လုပ်ခဲ့
ရာက ကျွန်တော့်ရဲ့ ကြိုးစားမှုကြောင့် ဒီအခြေအနေ
အထိ ရောက်ခဲ့တာပါပဲ"

"ဖိုးပိန်က အဲဒီကတည်းက တစ်ပါတည်း
ပါလာတာပေါ့"

"ဟုတ်ပါတယ်"

"သံယောဇဉ်ကြောင့်လဲ ဦးမောင်မောင်စန်း
စိတ်ထိခိုက်နေရတာပေါ့လေ"

"ဟုတ်ပါတယ် စခန်းမှူးကြီးရယ်၊ ဒါကြောင့်လဲ
ကျွန်တော်ခုထိ စိတ်ခြေလို့မရတာပါ"

"နို့ . . . နေပါဦး၊ မကွေးရောက်ပြီးမှ ဖိုးပိန်က
ရန်တွေဘာတွေ ဖြစ်ဘူးသလား၊ ရန်ငြိုးရန်စရှိဖူးသလား"

"မရှိဘူးလို့ထင်ပါတယ်၊ ကျွန်တော်တော့
ကြားမိဘူး၊ ဒီကောင်က အရက်ကို မက်မက်မောမော
သောက်တတ်တယ်၊ အဲဒါကလွဲရင်တော့ အေးအေး
ဆေးဆေးနေတတ်တဲ့ကောင်ပါ၊ ကြောက်လဲကြောက်

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်”

“ဖိုးပိန်ကို ငွေရေးကြေးရေးကိစ္စတွေ ဘာတွေမှာပဲ ယုံယုံကြည်ကြည်ခိုင်းခဲ့ဖူးတာပေါ့နော်”

“ဟုတ်ကဲ့. . . ခိုင်းဖူးပါတယ်၊ စိတ်လဲချရပါတယ်”

“ဒါကြောင့် ရေနံချောင်းကို ငွေတောင်းခိုင်းလိုက်တာပေါ့နော်”

“ဟုတ်ပါတယ် ခင်ဗျာ၊ အဲဒီနေ့က ကျွန်တော်ကိုယ်တိုင်သွားဖို့ပါ။ ကျွန်တော်က လမ်းမှာလဲ ဝင်စရာရှိပါတယ်၊ ကားစီရာတိုင်နည်းနည်းစိတ်မချတာနဲ့ သူ့ကိုလွှတ်လိုကတာပါ”

“ကိုမောင်မောင်စန်း ထပ်လိုက်သွားရတာက. . .”

ကျွန်တော် သူ့ နောက် ကို လိုက် သွား တာမဟုတ်ပါဘူး၊ ဒေါင်းသေချောင်း ကြက်သွန်စိုက်ခင်းကိုသွားတာပါ၊ အပြန်မှာကားဗွက်နစ်တာနဲ့ ဦးသာရင် ဝပ်ရှော့က ပေါက်ပြားယူပြီး အဲဒီနားကလူတွေအကူအညီနဲ့ ဗွက်နစ်တာကို လုပ်နေရလို့ အိမ်ပြန်နောက်ကျသွားတာပါ”

“ကိုမောင်မောင်စန်း အိမ်ပြန်ရောက်တော့



ဖိုးပိန်ပြန်မရောက်သေးတာ သိတာပေါ့”

“ဟုတ်ပါတယ်”

“အဲဒီတော့ စိတ်ပူသွားတာပေါ့၊ စိတ်ထဲမှာဘယ်လိုထင်လိုက်သလဲ”

“ထွေထွေထူးထူးတော့ မထင်ပါဘူး။ ဦးသိန်းလွင်နဲ့မတွေ့လို့ ရေနံချောင်းမှာပဲ စောင့်နေတာဖြစ်မယ်လို့ထင်ပါတယ်၊ ကျွန်တော်ကလဲ မတွေ့ရင်စောင့်ဖို့ မှာလိုက်တာကိုး”

စခန်းမှူးကြီးက ကိုမောင်မောင်စန်းကို ယင်းသို့မေးမြန်းနေစဉ် မျက်စိကိုလည်းအလုပ်ပေးထားသည်။

လုပ်သက်အတွေ့အကြုံအရ ဒါကလုပ်ရိုးလုပ်စဉ်အလေ့အကျင့်ပါနေပြီးသား။

မေးမြန်းခံရသူ၏ မျက်နှာသွင်ပြင်အနေအထား၊ ကိုယ်နေကိုယ်ဟန် မတည်ငြိမ်မှု၊ လက်ခြေထောက်ကိုယ်သက်အင်္ဂါလှုပ်ရှားမှု အပြောင်းအလဲမည်သို့ရှိသည်ကို မျက်ခြေမပြတ်လေ့လာကြည့်ရှု အကဲခတ်ရသည်။

သည်သို့သည်ပုံ လေ့လာရသည်မှာလည်း အကြောင်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားသူများသည် သူတို့အား စစ်ဆေးမေးမြန်းသည့်အခါ သူတို့စိတ်လှုပ်ရှား နေမှုကြောင့် မျက်လုံးမျက်နှာသွင်ပြင်ပုံစံ၊ ကိုယ်လက် အင်္ဂါ အနေအထားများ ပုံမှန်မရှိဘဲ အပြောင်းအလဲ အပေါ်တည်၍ လှုပ်ရှားနေတတ်သည်။

အိုးမလုံအုံပွင့်ဟူသော မြန်မာစကားပုံရှိသည်။

အတွင်းအဇ္ဈတ္တမတည်ငြိမ်မှုမှာ အပြင်ဗဟိဒ္ဓတွင် တစ်မျိုးမဟုတ်တစ်မျိုး ပေါ်လွင်စမြဲရှိလေ့ရှိထရှိကြသည်။

ခုဓါကြည့်. . .

ကိုမောင်မောင်စန်းမှာ မျက်နှာဟန်ပုံမပျက် အောင် ထိန်းထားနိုင်သော်လည်း ကိုယ်နေဟန်ထား တည်ငြိမ်စေရန်ကိုမူ ထိန်းမထားနိုင်။

ပမာဏအားဖြင့် ကုလားထိုင်ပေါ်ထိုင်နေသည့် သူ၏ ကိုယ်ဟန်အနေအထားမှာ ဟိုဘက်ပြောင်းလိုက် သည်ဘက်ပြောင်းလိုက်နှင့် တည်ငြိမ်မှုမရှိ။

လက်သီးနှစ်ဖက်ကိုဆုပ်ပြီး လက်ဖဝါးနောင့်နှစ်ဖက် ကို မကြာခဏပွတ်နေသည်။

စီးကရက်သောက်ရာတွင် တစ်ဖက်တည်းဖြင့်



မသောက် ညာမှဘယ်သို့၊ ဘယ်မှညာသို့ပြောင်းလဲပြီး သောက်နေသည်။ စကားပြောနေစဉ် သူသောက်သည့် စီးကရက်အရေအတွက်မှာ ရှစ်လိပ်ခန့်ရှိသည်။

အထူးသဖြင့် သူ၏လက်ချောင်းများမှာ မတည် ငြိမ်၊ စားပွဲကိုကိုင်လိုက်၊ ကုလားထိုင်လက်ရမ်းကိုကိုင် လိုက်ဖြင့် ခဏခဏအပြောင်းအလဲလုပ်နေသည်။

ဤသို့သော အပြုအမူများမှာ မောင်မောင်စန်း ၏ အတွင်းစိတ် ဂနာမငြိမ်ဖြစ်နေသည်ကို ပြသသည့် သဘောပင်ဖြစ်၏။

ကိုယ့်ကိုကို အသိဆုံးမို့ ဖြစ်မှုကျူးလွန်ထားသူ မောင်မောင်စန်း၏အနေအထားကို စခန်းမှူးကြီးက ရိပ်မိ သိရှိနေသည်။

စခန်းမှူးကြီးက မေးစရာရှိသည်များ မေးပြီးနောက်. . .

"ကဲ . . . ကျွန်တော်တို့ပြန်လိုက်ဦးမယ်၊ မပြန်မီ ခင် ကိုမောင်မောင်စန်းရဲ့ကားကို ခဏကြည့်ရအောင်။ ဒါလဲ လုပ်ရိုးလုပ်စဉ်သဘောပါပဲ"

"ကြည့်ပါခင်ဗျာ၊ ကျွန်တော်လိုက်ပြပါ့မယ်"

စခန်းမှူးက ဒုရဲအုပ်ကိုအေးလွင်ကိုပါခေါ်၍

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်စန်းနှင့်အတူ ကားထားသည့်နေရာသို့ ရောက်ခဲ့ကြသည်။

ကားကိုရေဆေးသန့်စင်ထားကြောင်းတွေ့ရသည်။

စခန်းမှူးက ကားထဲဝင်ကြည့်နေရင်းမှ ကားဒက်(စ်)ဘုတ်ကို ဖွင့်လိုက်သည့်အခါ ရွှံ့များပေကျံနေသော စာအိတ်ကလေးတစ်အိတ်ကို သွားတွေ့လိုက်ရသည်။

မြန့်မြန့်ဆန့်ဆန့်တော့ မဟုတ်။

တွန့်လိမ်လုံးထွေးနေသည်။

စခန်းမှူးက ကားနောက်ဖက်တွင် ကိုမောင်မောင်စန်းနှင့် ကိုအေးလွင်တို့ စကားပြောနေကြသည်ကို နောက်ကြည့်မှန်ထဲမှ လှမ်းတွေ့လိုက်ရသောကြောင့် ရွှံ့များပေကျံနေသည့် စာအိတ်ကလေးကို ကပျာကသီယူ၍ ဘောင်းဘီအိတ်ထဲထည့်ထားလိုက်သည်။

စခန်းမှူးရဲဝန်ထမ်းလုပ်သက်၊ အနှစ်နှစ်ဆယ်ကျော်ရှိခဲ့ပြီဖြစ်သည့် အလျှောက်မှုခင်းအတွေ့အကြုံကလည်းများမှများဘိသို့ရှိသူဖြစ်သည်။

တစ်ခါတစ်ရံတွင် မှုခင်းသဲလွန်စနှင့် အခြေအမြစ်ကိုရှာဖွေရာတွင် မထင်မှတ်ဘဲ မှုခင်းခွင်တစ်ခုလုံး ပေါ်ခဲ့သည်မျိုးလည်းရှိသည်။



တစ်ခါတစ်ရံတွင်လည်း ထင်ကြေးနှင့် တစ်လွဲတစ်ချော် ကပြောင်းကပြန်ဖြစ်သွားသည်မျိုးလည်းရှိသည်။

မှုခင်းတစ်ခုပေါ်ပေါက်ရေးလမ်းကြောင်းမှာ ဖြောင့်ဖြူးလွန်းသည့်လမ်းကြောင်းနှင့် ကြုံတွေ့ရသလို၊ တစ်ခါတစ်ရံတော့လည်း ဖြောင့်ဖြူးသယောင်နှင့် အကွေ့အဆစ်အချိုးရောပွန်းနေသော လမ်းကြောင်းပေါ် လျှောက်မိပြီး လည်ထွက်သွားသည်မျိုးလည်း ရှိတတ်သည်

သို့တစေ၊ အမှုကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူများသည် မည်သို့ပင် ပိပိရိရိမြုလုပ်နိုင်စေကာမူ သဲလွန်စကတော့ ကျန်ရစ်မြဲရှိတတ်သည်။

နောက်တစ်ခုထူးခြားသည်ဟု ဆိုနိုင်သောအချက်တစ်ချက်ကိုလည်း သွားတွေ့ပြန်သည်။

ကားရှေ့ခန်း လက်ဝဲဘက်ထိုင်ခုံနောက်မှီတွင် တစ်ထွာခန့်ရှိ စုတ်ပြဲနေသောနေရာအား ပြန်ချုပ်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

ပြန်ချုပ်ထားသည့် ချုပ်ရိုးမှာ အသစ်စက်စက်။

ထိုအကြောင်းကို မောင်မောင်စန်းကိုတော့ မမေး။

မှတ်သားထားလိုက်သည်။

ချွန်ထက်သောအရာဝတ္ထုဖြင့် ထိခိုက်မိရာမှ

www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြသွားခြင်း ဖြစ်မည့်အနေအထား။

စခန်းမှူးကြီးက မေးမြန်းစရာရှိသည်ကို မေးမြန်း၍ ကားနှင့်ပတ်သက်၍ ကြည့်စရာရှိသည်ကိုကြည့်ပြီး ပြန်ခဲ့ကြသည်။

လမ်းတွင် ကိုအေးလွင်က စခန်းမှူးကြီးကို မေးသည်။

"ဆရာ သူ့ကို ကျွန်တော်တို့ ခုလို မေးလား စမ်းလားလုပ်တာ သွေးလန့်ပြီး ကိုမောင်မောင်စန်း လစ်ထွက်သွားရင် ဘယ်နှယ့်လုပ်မလဲဆရာ"

"ဒါဆိုအမှုပေါ်သွားပြီပေါ့ မောင်အေးလွင်ရ၊ သူ့ကိစ္စသူ့ဟာသူရှင်းသွားတဲ့ သဘောပေါ့"

"နောက်မှ လိုက်ဖမ်းရရင် ခက်နေမှာစိုးလို့ ကျွန်တော်တို့က လက်ဦးထားလိုက်ရင် ကောင်းမလားလို့"

"ဒါအတွက်တော့ မစိုးရိမ်ပါနဲ့ မောင်အေးလွင်ရာ၊ တရားခံခြေရာကောက်မိမှတော့ ခြေရာဖျောက်လို့ရလဲ ခဏပဲပေါ့၊ ဒါပေမယ့် လိုရမယ်ရ လုပ်ထားဖို့ကတော့ သူ့အခြေအနေနဲ့ လှုပ်ရှားမှုကို မယောင်မလည်စောင့်ကြည့်ဖို့ တစ်ယောက်တော့တာဝန်ချထားဖို့ လိုလိမ့်မယ်၊ အဲဒါတော့ မင်းပဲစီစဉ်လိုက်"



"ဟုတ်ကဲ့ ဆရာ"

ရဲစခန်းသို့ပြန်ရောက်ကြသည်။

စခန်းမှူးကြီးက ဘောင်းဘီအိတ်ထဲထိုးထည့်လာသည့် တွန့်ကြေနေသော စာအိတ်ထဲမှစာကို ထုတ်ယူဖတ်ရှုလိုက်သည်။

စခန်းမှူးကြီး၏မျက်နှာ ဝင်းထိန်သွားသည်။

စာဖတ်နေရင်းကနေ လက် ဖျောက်တီးလိုက်သည်။

အမှုအတွက် အရေးအကြီးဆုံးသော သဲလွန်စကို အမှတ်မထင် ရရှိလိုက်ခြင်း။

သို့ . . . .

ဦးမောင်မောင်စန်းခင်ဗျာ . . . .

လက်ဝယ်တွင် ငွေမပြည့်သည်ကတစ်ကြောင်း ဖိုးပိန်နှင့်ပေးလိုက်ရမည်ကို စိတ်မချသည်ကတစ်ကြောင်း ကြောင့် သူ့ကို ပြန်လွှတ်လိုက်ရပါသည်။

သန်ဘက်ခါ ကျွန်တော်ကိုယ်တိုင် ဆက်ဆက်လာ ပေးပါမည်။

ခင်မင်စွာဖြင့် . . . .

(သိန်းလွင်)

ကိုမောင်မောင်စန်းက အချင်းဖြစ်နေ့တွင် သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးပိန်ကိုလုံးဝမတွေ့ရပါဟု ထွက်ဆိုထားသည်။

ခု ဦးသိန်းလွင်က ဖိုးပိန်နှင့် ပေးလိုက်သည့်စာကို သူ၏ဂျစ်ကားထဲမှ တွေ့လိုက်ရသည်။

ဦးသိန်းလွင်ထံက ပေးလိုက်သည့်စာကို သူဖတ်ပြီး သူလက်ရောက်ပြီးမှဖိုးပိန်မြေကြီးထဲရောက်သွားသည်မှာ သေချာပြီ။

ကဲ. . . ဘယ့်နှယ့်ရှိစ။

တရားခံဘယ်သူလဲဟု စစ်ကြောစရာမလို။

အချုပ်ထဲသို့လူသစ်တစ်ယောက်သွင်းဖို့ကျန်တော့သည်။

တရားခံအားဖမ်းစီးရေးကို သူတစ်ယောက်တည်း သဘောဖြင့်လုပ်လို့မရ။

ရဲမှူး (ယခုအခေါ် မြို့နယ်မှူး) မြို့နယ်မှူးထံသို့ တင်ပြရမည်။

ရဲမှူးကအစည်းအဝေးသွားနေသည်။ စောင့်ရမည်။

ရာဇဝတ်ဘေးပြေးမလွတ် ဆိုရိုးစကားမှာ သာမာန်ဆိုရိုးစကားမဟုတ်သည်ကို ဒုစရိုက်မှုကျူးလွန်ရန် ကြံစည်သူများ၊ ကျူးလွန်နေသူများ၏ ခေါင်းထဲတွင် သံမှိုနှင့် နှက်ထားသကဲ့သို့ ထင်နေသော် ကောင်းပေစွ။



စခန်းမှူးကြီးတို့ပြန်သွားပြီးနောက် ကိုမောင်မောင်စန်း စိတ်ရောက်ကိုယ်ပါ ဆောက်တည်ရာမရအောင် လှုပ်ရှားနေ၏။

ကိုယ်လုပ်ခဲ့သည့်ကိစ္စ၊ ကိုယ့်ဘာသိသည် မဟုတ်ပါလား။

လုပ်ရိုးလုပ်စဉ်မို့ပါဟု ပြောသွားစေကာမူ သူ၏စိတ်ထဲမှာတော့ သူ့အပေါ် သင်္ကာမကင်းဖြစ်လို့သာ သူတို့ သိချင်သည်များကို လှည့်ပတ်မေးသွားတာပဲဖြစ်လိမ့်မည်ဟု တွက်လိုက်သည်။

မူးရင်မေ့၊ မေ့ရင် စိတ်သက်သာရာရကောင်းရဲ့လို့ သဘောထားပြီး အမူးမြန်အောင် အရက်တစ်ခွက်ပြီးတစ်ခွက် မနားတမ်းဆက်သောက်လိုက်ခြင်းဖြစ်၏။

ခါတိုင်းသည်အချိန်မျိုး အသောက်မဖက်သေး။

လုပ်ငန်းခွင်ထဲမှာရှိနေတုန်း ဒါမှမဟုတ် အပြင်ထွက်နေတုန်း ။

ခုတော့. . .

သောက်သည်၊ မူးသည်၊ ခဏတာမေ့သွားသည်။

အူမူးနှင့်အိပ်ပျော်သွားရာမှ ဆတ်ခနဲ လန့်နိုးသွားရာ တစ်ခေါင်းလုံး နောက်ကျိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုးထခြင်းမှာ အိပ်ရေးဝသောကြောင့် မဟုတ်။

အိပ်မက်ဆိုးက ခြောက်လှန့်နှိုးဆွလိုက်သောကြောင့်။

အိပ်မက်ဟူသည် စိတ်စွဲလမ်းရာကို အခြေခံအကြောင်းကြောင့် မက်သည်လည်းရှိသည်။

မူးမူးနှင့် အိပ်ပျော်သွားစဉ်မက်သည့်အိပ်မက်။

ထိုအိပ်မက်အတိုင်းတကယ်ဖြစ်လာတော့မည့်အချိန်ကို မဝေးတော့ပြီကိုများ သူသိခဲ့ရင် . . .

စခန်းမှူးက သူသွားရောက်မေးမြန်းစဉ် မောင်မောင်စန်း ဣန္ဒြေပျက်နေပုံနှင့် သူ၏ကားထဲမှရလာသည့်စာကို မြို့နယ်မှူးကို တင်ပြလိုက်သည်။

"ဒါဆို ကျွန်တော်တို့ ဖမ်းဖို့ကိစ္စပဲ ကျန်တော့တာပေါ့၊ သူကတော့ လွယ်လွယ်ကူကူဝန်ခံလိမ့်မယ် မထင်ဘူး၊ ကျွန်တော်တို့ ဒီလိုများလုပ်ရင် မကောင်းဘူးလား"

"မောင်အေးလွင်ကို သူ့ဆီလွှတ်ပြီး စုံစမ်းနေဆဲကာလမှာ သူ့အနေနဲ့ ဒီမြို့က ဘယ်မှမသွားဖို့နဲ့ အရေးပေါ်ကိစ္စရှိလို့ သွားရမယ်ဆိုရင် သူ့အနေနဲ့ရဲစခန်းကို



အကြောင်းကြားပြီးမှ သွားဖို့ပြောခိုင်းလိုက်ပါ။ ဒါဆို ကျွန်တော်တို့ သူ့အပေါ် သံသယရှိနေကြောင်း သူနားလည်သဘောပေါက်သွားလိမ့်မယ်၊ သူ့လှုပ်ရှားမှုအခြေအနေကို စောင့်ကြည့်လိုက်တာပေါ့၊ ဒီရက်ပိုင်းအတွင်း သူ့အိမ်မှာ စောင့်ကြည့်တစ်ယောက်ထားလိုက်ပါ"

"ဟုတ်ကဲ့၊ အဲ့ဒီအစီအစဉ်လုပ်ထားပြီးပါပြီ"

"ပဲခူးကိုလွှတ်လိုက်တဲ့ ကိုသိန်းမောင်လဲ ဒီရက်ပိုင်းအတွင်းရောက်လာမှာပါ။ သူပြန်ရောက်လာရင်တော့ ဒီမောင်နှစ်ယောက်နဲ့ နောက်ကြောင်းဇစ်မြစ်ပေါ်လာမှာပါ သေချာပါတယ်၊ ဒါဆိုပိုပြီးပိုင်တာပေါ့"

"ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာပဲ၊ ဖိုးပိန်ဟာ သူအစစအရာရာခိုင်းနေတဲ့ လူယုံတပည့်တစ်ယောက်ပါ၊ ဖိုးပိန်နဲ့ဆက်ပြီးမကျေနပ်တာ တွေ့ရင် သူ့အနေနဲ့ အော်ဟစ် ငေါက်ငမ်းဆဲဆိုကြိမ်းမောင်းရုံမကဘူး၊ ရိုက်နှက်ပြီး ဆုံးမနိုင်တဲ့ အခွင့်အရေးရှိပါရက်နဲ့ ခုလို နှုတ်ပိတ်တဲ့အထိ လုပ်လိုက်တာဟာ နောက်ကြောင်းမရှင်းတဲ့ ပြဿနာကြောင့် ဆိုတာသေချာပါတယ်"

"သေချာတာပေါ့ စခန်းမှူးကြီးရယ်၊ ပဲခူးကနေ

www.burmeseclassic.com

www.burmeseclassic.com



ဒီကို ပြောင်းရွှေ့ အခြေချလာတာကိုက အကြောင်းရှိ
ဖြစ်မှာပေါ့၊ စခန်းမှူးကြီးက ကျွန်တော်တို့ထက် အတွေ့
အကြုံပိုရင့်ကျက်တာပဲဟာ၊ လုပ်စရာရှိတဲ့ကိစ္စ ဆက်သ
လုပ်ပါ၊ ကျွန်တော်က တခြားတာဝန်တွေပါရှိတော
ကျွန်တော်ကို မစောင့်ပါနဲ့"

ရဲမှူး (မြို့နယ်မှူး) စခန်းမှူးတို့ ဆွေးနွေးနေကြ
စဉ် မောင်မောင်စန်းကလည်း သူ့မိန်းမနှင့် ပြောစရာ
စရာ တိုင်ပင်စရာရှိသည်များကို ပြောဆိုတိုင်ပင်နေသည်

ဒုရဲအုပ်ကိုအေးလွင် လာပြေ သွားကတည်းက
နောက်ဆက်တွဲ ဖြစ်လာမည့် အခြေအနေကို ရိပ်မိလိုက်
ပြီ။

မချောနှင့် ပြောဆိုသည့်ကိစ္စမှာ အမှုကိစ္စမပါ

သူရန်ကုန်သို့ လုပ်ငန်းကိစ္စနှင့်ပတ်သက်သည်
အကြောင်းနှင့် မချော ဆက်လုပ်ထားနှင့်ရမည့် လုပ်ငန်း
ကိစ္စဖြစ်သည်။

အဓိကမှာ ရစရာ ပေးစရာ ငွေရေးကြေးရေးကိစ္စ

လုပ်ငန်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေ
မှတ်တမ်းစာအုပ်ကို မချောထံပေးအပ်ခဲ့သည်။



သူသွားရမည့် ကိစ္စမှာ ကြာချင်လည်း ကြာမည်
ဖြစ်သည့်အတွက် လုပ်ငန်းလည်ပတ်မှုကို မရပ်အောင်
ဆက်လုပ်ဖို့နှင့် သူခရီးထွက်မည့်ကိစ္စနှင့်ပတ်သက်၍
ဘယ်သူကမေးမေး ရန်ကုန်သွားသည့်အကြောင်း ပြော
ဖို့မှာခဲ့သည်။

သူ ရက်ကြာလို့ ဆက်သွားစရာရှိရင် သူကဆက်
သွယ်မည့်အကြောင်းလည်းပြောခဲ့သည်။

"အစ်ကိုစန်း ဘယ်တော့ခရီးထွက်မှာလဲ"

"အဆင်ပြေရင် နက်ဖန်လောက်ထွက်မယ်၊
သန်ဘက်ခါတော့ ပိုပြီးသေချာတယ်"

မောင်မောင်စန်းက ဇနီးဖြစ်သူ မချောနှင့် ပြော
ဆိုပြီးနောက်၊ သူနှင့် အလွန်အမင်းရင်းနှီးသည့် သူတို့မြို့
က အာဏာပိုင် ပုဂ္ဂိုလ်တစ်ဦးထံ သွားခဲ့သည်။

ရန်ကုန်က ပရိဘောဂအရောင်းဆိုင်ကြီးများနှင့်
ဆက်သွယ်၍ သူ၏လုပ်ငန်းတိုးချဲ့ဖို့အတွက် ရန်ကုန်သွား
ရန် စီစဉ်နေစဉ် ရဲစခန်းမှ ခရီးထွက်လျှင် သူတို့ကို
အကြောင်းကြားပြီးမှသွားရန် လာပြောထားသောကြောင့်
စိတ်အနှောင့်အယှက်ဖြစ်ပြီး သွားမည့်အစီအစဉ်ကို ဖျက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရကြောင်း။

သူတို့က စသည်ဆက်သွယ်လာသည်မှ အလုပ်ဖြစ်ဖို့လည်းသေချာကြောင်း။ ရန်ကုန်လုပ်ငန်းအဆင်ပြေရင် ထိုပုဂ္ဂိုလ်ကြီးအတွက် ရှယ်ယာသဘော အကျိုးအမြတ်ကိုလည်း စဉ်းစားထားကြောင်း။ ပုဂ္ဂိုလ်ကြီးစိတ်ဝင်စားစေမည့်မက်လုံးသဘောပါ ထည့်ပြောလိုက်သည်။

ဆရာကြီးက ကျွန်တော့်အတွက် အများကြီးအကူအညီပေးခဲ့တဲ့ ကျေးဇူးတရားကို ကျွန်တော့်ရင်ထဲမှာ အမြဲတမ်းနှလုံးသွင်းထားပါတယ်၊ ခုလိုမစို့မပို့လေးကျေးဇူးတုန့်ပြန်နေရတာကိုလည်း အားမရပါဘူး၊ ထိုက်ထိုက်တန်တန် ကျေးဇူးတုန့်ပြန်နိုင်ဖို့ ရန်ကုန်အထိ လုပ်ငန်းချဲ့ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန် အလုပ်သာအဆင်ပြေခဲ့ရင် ဆရာကြီးရဲ့ အကူအညီလဲ အများကြီးလိုမှာပါ၊ ဆရာကြီးအတွက်လည်း ကျွန်တော် ရည်မှန်းထားတဲ့ဆန္ဒအတိုင်း ပြည့်ဝစေမှာပါ ခု ဘာမဟုတ်တဲ့ကိစ္စကြောင့်စိတ်အနှောင့်အယှက်ဖြစ်သွားတာနဲ့. . . ."

"ဒီကိစ္စအတွက် ဘာလို့ စိတ်အနှောင့်အယှက်ဖြစ်နေတာလဲ၊ သူတို့ကို အကြောင်းကြားပြီး သွားလိုက်ရုံ"



"ကျွန်တော့ကို ခုလိုလာပြောပြီးမှ ကျွန်တော်က သွားပြောပြမှာ စိတ်မသန့်ဘူး ဆရာကြီး"

"အင်း. . . . ကဲ. . . . သွားစရာရှိတာသွားမပေါ့၊ ကျုပ်ခိုင်းလို့သွားတယ်ဆိုပြီး ကျုပ်ကပဲကြည့်ပြောလိုက်မယ်၊ ဟုတ်ပလား"

"ဟုတ်ကဲ့. . . ဆရာကြီး၊ ကျွန်တော် သဘောပေါက်ပါတယ်"

မောင်မောင်စန်းက အဲဒီလိုလူမျိုး။

အထာသဘောကို နှောကြေသလို အဝင်အထွက်လည်းကျွမ်းသည်။

အညာအကိုင် ညင်သာသည်။

ဒါကြောင့်လည်း သူ၏လုပ်ငန်းအောင်မြင်နေခြင်းဖြစ်သည်။

မြို့နယ်မှူးက သူ့အကြောင်းကို သိနေသောကြောင့် အပိုင်ကိုင်နိုင်ဖို့အတွက် အချိန်ယူနေခြင်းဖြစ်သည်။

သူအခုသွားရောက်ချဉ်းကပ်လိုက်သည့် ပုဂ္ဂိုလ်ကြီးကသာ သူ့ကိစ္စအတွက်ဟုပြောလိုက်ရင် ရဲစခန်းကိစ္စအတွက် နောက်ဆံတင်းစရာမလိုတော့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေသူ သူမသိတာက. . .။

ရေနံချောင်းက ဦးသိန်းလွင်. . . ဖိုးပိန်ကို ပေးလိုက်သည့်စာက ရဲစခန်းသို့ရောက်နေသည်ကို သူမသိ။

လုပ်သက်ရင့် အတွေ့အကြုံများ၍ မှုခင်းစုံစမ်းဖော်ထုတ်ရေးအထာကျွမ်းကျင်သည့် လူဆိုးထိန်းရဲကြပ်ကြီး ကိုသိန်မောင်အား ပဲခူးသို့စေလွှတ်၍ ညောင်မြစ်တူးခိုင်းထားသည်ကို သူမသိ။

မုဆိုးကလည်း သူ့အကွက်နှင့်သူ။

သားကောင်ကလည်း သူ့အကွက်နှင့်သူ

ဘယ်သူကကွက်ကျော်စား၍ ကင်းပေါက်သွားမည်ကို. . . .။

မောင်မောင်စန်း အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်ကြီးထံသွားသည်ကိုလည်းကောင်း၊ ခရီးထွက်ရန် ကားလက်မှတ်ဝယ်ထားသည်ကိုလည်းကောင်း၊ တာဝန်ကျ ရဲသားက စခန်းသို့ သတင်းပို့ပြီးဖြစ်သည်။

နောက်တစ်နေ့ ရန်ကုန်ထွက်မည့်ကားလက်မှတ်



ဝယ်ထားသည်။

မြို့နယ်မှူးနှင့် စခန်းမှူးတို့ တိုင်ပင်ဆွေးနွေးကြပြီးနောက် မြို့နယ်မှူးက မီးစိမ်းပြလိုက်သည်။

ရဲစခန်းကား မောင်မောင်စန်းခြံထဲသို့ ဝင်လာချိန်တွင် မောင်မောင်စန်းက စိတ်ဖြေလျှော့ဆေး မှိုဲနေသည်။

"ဟာ. . . စခန်းမှူးကြီးတို့ပါလား"

အံ့အားတသင့်ပြောလိုက်သံနှင့်အတူ မျက်နှာကွက်ပျက်သွားသည်။

"ဟုတ်ကဲ့ မြို့နယ်မှူးအမိန့်ရ ကိုမောင်မောင်စန်းကို လာခေါ်တာပါ"

"ဗျာ. . . . ကျွန်တော့်ကို ဘာဖြစ်လို့များ"

"ဟုတ်ကဲ့၊ စခန်းရောက်ရင်သိပါလိမ့်မယ်"

"ဒါဖြင့် ကျွန်တော့်ကို ဖမ်းတာပေါ့"

"ဝတ္တရားအရဆိုပါတော့"

"ခဏတော့ အချိန်ပေးပါ၊ ကျွန်တော့်အမျိုးသမီးကို မှာစရာရှိတာပြောချင်လို့ပါ"။

"ရပါတယ်"

သူက ထိုင်နေရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးကြီးက လက်ပြပြီး ပြန်ထိုင်ခိုင်းလိုက်သည်။

"အားတော့နာပါတယ်ဗျာ၊ ပြောစရာရှိတာ ဒီမှာပဲပြောကြတာပေါ့"

သည်အခြေအနေရောက်မှတော့ သူ့သဘောနှင့်သူ လှုပ်ရှားခွင့်မရတော့။

မောင်မောင်စန်းမှာ ထင်းထင်းပျပျ ညှိုးငယ်သော မျက်နှာနှင့်ခေါင်းငိုက်စိုက် ကျသွားသည်။

သူ့ကိုယ်သူ တရားခံဆိုသည့် အသိက စိတ်ရော ကိုယ်ပါ နွမ်းချည့်နွဲ့သွားစေပါသည်။

ရဲစခန်းသို့ရောက်ပြီ။

စခန်းမှူးက သူ၏စားပွဲရှေ့တွင် ထိုင်ခိုင်းလိုက်သည်။

ပြီးတော့မှ စခန်းမှူးက သူ့စားပွဲကအံကိုဖွင့်၍ စာအိတ်လေးကို ထုတ်ယူပြီး ကိုမောင်မောင်စန်းကို ပေးလိုက်သည်။ ကိုမောင်မောင်စန်း၏မျက်နှာပေါ်တွင် အံ့အားသင့်၊ အံ့သြသွားသည့် မျက်နှာရိပ်မှာ မဖုံးသာ မကွယ်သာအောင် ပေါ်လွင်သွားသည်။

စာအိတ်ထဲက စာရွက်ကလေးကို ထုတ်ယူ ဖတ်ရှုလိုက်ပြီးနောက် သူက ချက်ချင်း ဣန္ဒြေပြန်ဆည်လိုက်



သည်

"ဩော်. . . ဒါလား၊ ကျွန်တော်စခန်းမှူးကြီးတို့ကို မပြောဘူး၊ မောင်ပိန်ကို မြှုပ်ထားတဲ့အနားကနေ ဒီစာအိတ်ကလေး ရလာတယ်ဆိုပြီး လူတစ်ယောက်လာပေးထားလို့ ကျွန်တော်ပဲ ကား ဒက် (ရှ်) ဘုတ်ထဲမှာပဲ ထားလိုက်တာပါ"

"ဟုတ်ကဲ့၊ ဒီလိုအဖြေရလိမ့်မယ်လို့ ကျွန်တော်တို့ကလည်း မျှော်လင့်ထားပြီးသားပါ။ ဒါပေမယ့် ဘယ်သူက ဘယ်နေ့ဘယ်ရက် ဘယ်အချိန် ဘယ်နေရာမှာ ဒီစာအိတ်ကလေး လာပေးသွားတယ် ဆိုတာကိုတော့ ခိုင်လုံတဲ့အထောက်အထားနဲ့ ပြဖို့တော့ လိုလိမ့်မယ်နော် ကိုမောင်မောင်စန်း"

'အေးအေး သက်သာ ပြောလိုက်သည့်စကားကြောင့် မောင်မောင်စန်း တွန့်ခနဲဖြစ်ပြီး တွေဝေသွားသည်။

"ကဲ. . . ကျွန်တော် မေးထားတဲ့ မေးခွန်းလေး ဖြေဖို့"

'အဲ့ဒီလူ ဘယ်သူဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာတော့ သေသေချာချာမသိဘူး ခင်ဗျ၊ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့တစ်ယောက် မြင်ဖူးတွေ့ဖူးတော့ရှိပါတယ်"

စခန်းမှူးကြီးက ပြုံးထေ့ထေ့ အပြုံးဖြင့် စကားဆက်လိုက်သည်။

"မရေမရာအဖြေမျိုးကို ကျွန်တော်တို့ လက်မခံသလို တရားရုံးကလဲ လက်ခံလိမ့်မယ်မဟုတ်ဘူးဆိုတာတော့ ကိုမောင်မောင်စန်းသဘောပေါက်ပါလိမ့်မယ်"

စခန်းမှူးကြီးက ပဲခူးကိုလွှတ်လိုက်သည့် လူဆိုးထိန်းကိုသိန်းမောင် သည်နေ့ဒါမှမဟုတ် နောက်နေ့ပြန်ရောက်လာရင် ခိုင်လုံသည့် စစ်ဆေးတွေ့ရှိချက် ရရှိလာမည့်အကြောင်းပြောပြလိုက်သည်။

"ခင်ဗျာ . . . ပဲခူးကိုလွှတ်လိုက်တယ်"

"ကိုမောင်မောင်စန်းထံမှ အာမေဋိတ်စကားလွှတ်ခနဲထွက်လာသည်"

"ဒီလိုရှိပါတယ် ကိုမောင်မောင်စန်း၊ ကျွန်တော်တို့က မှုခင်းတစ်ခုဖြစ်လာရင် အဲဒီမှုခင်းနဲ့ ကျူးလွန်တဲ့တရားခံပေါ်ဖို့အတွက် ထောင့်စုံဘက်စုံက လုပ်ရပါတယ်၊ တရားခံမဟုတ်တဲ့လူကို တရားခံအဖြစ် မစွပ်စွဲဖို့နဲ့ တရားခံဖြစ်တဲ့တရားခံအစစ်ကိုလဲ မလွတ်အောင် ဖော်ထုတ်ဖမ်းဆီးရတယ်။ ခု ဦးမောင်မောင်စန်းကို



ဥိးစားဖို့အချိန်ပေးပါ့မယ်။ တစ်ခုတော့ရှိတာပေါ့ဗျာ၊ အမှားတစ်ခုကို ကျူးလွန်မိရင် နောက်ထပ်အမှားတစ်ခု ဆ ပ် မ ဆ င့် ဖို့ ဆို တာ က တော့ ကိုယ့်အပေါ်မှာမူတည်ပါတယ်"

ကျွန်တော်က မှုခင်းတို့ဘာတို့ တစ်ခါမှ မကျူးလွန်မိတော့ စခန်းမှူးကြီးပြောတဲ့ ဆိုလိုချက်ကို ကျွန်တော် သိပ်သဘောမပေါက်လို့"

"ဟုတ်ကဲ့ ကျွန်တော်ရှင်းပြပါမယ်၊ ဆိုပါတော့ဗျာ . . . အကြောင်းတစ်ခုခုကြောင့် ကိုယ့်တပည့်ဖြစ်သူကို ဆုံးမရင်းလက်လွန်ခြေလွန်ဖြစ်သွားတယ်၊ ဒါကို ကျွန်တော်တို့က လူမှုရေး ရှုထောင့်ကကြည့်ပြီးခွင့်လွှတ်လို့မရဘူး၊ ကျွန်တော်တို့တာဝန်က ဥပဒေရှုထောင့်ကပဲကြည့်ပြီး လုပ်ရတယ်၊ ဒီတော့ ကိုမောင်မောင်စန်းက ဒီအမှားကို ကိုယ်ဟာကိုယ်ဝန်ခံပြီး ဖြောင့်ချက်ပေးရင် တရားရုံးရဲ့စီရင်ချက်အပိုင်းမှာ တရားစွဲတင်တဲ့အခါ ခိုင်လုံတဲ့အထောက်အထားတွေနဲ့ စွဲတင်ရတယ်။ ဖွတ်မိုက်ပြီး ဘူးခံရင်လဲ မလွတ်ပါဘူး၊ အမှားတစ်ခုကနေ နောက်ထပ် ထပ်ဆင့် အမှားလုပ်မိတဲ့အတွက် ကိုယ်ပဲပိုနစ်နာမှာ

www.burmeseclassic.com

www.burmeseclassic.com



. . . ကျွန်တော်တို့က အတင်းမတိုက်တွန်းပါဘူး၊ ကိုယ့် ဟာကိုယ်စဉ်းစားဖို့ပါ။ ကိုမောင်မောင်စန်း လွတ်လွတ် လပ်လပ်စဉ်းစားဖို့အတွက် ကျွန်တော်နေရာပေးပါ့မယ်။ ကောင်းတဲ့နေရာတော့ မဟုတ်ဘူးပေါ့၊ ကျွန်တော်တို့လဲ တာဝန်ဝတ္တရားအရ လုပ်ရတာပါ၊ ကဲ အချုပ်ခန်းထဲကို ကြွပါ"

"ဗျာ. . . ကျွန်တော်အချုပ်ခန်းထဲ ဝင်ရမယ်"

"ဟုတ်ပါတယ်၊ ဒါကထုံးစံပါ"

ရဲသားတစ်ယောက်က အချုပ်ခန်းထဲ လိုက်ပို့သည်။

အချုပ်ခန်းထဲမှာ လူနှစ်ဆယ်ကျော်လောက်ရှိ နေသည်။

သပ်သပ်ယပ်ယပ် ဝတ်စားထားသူလူတစ် ယောက်တစ်လေမှ မရှိမတွေ့ရ။

အချုပ်ခန်း၏အနေအထားမှာ သိပ်ကြီးညစ်ပတ် ပေရေမနေသော်လည်း နေချင်ဖွယ် သန့်ရှင်းမှုမျိုးတော့ မရှိ။

စခန်းမှူးကြီးအစီအစဉ်အရ သူ့အတွက် အပေါက် ဝဘက်ထောင့်စွန်း တစ်နေရာမှာ နေရာချထားပေးသည်။

သူ့မှာ ဘာမှမပါ။



အိတ်ထဲမှာ ပိုက်ဆံထည့်သည့် သားရေအိတ်နှင့် ဆေးလိပ်ဗူး၊ မီးခြစ်၊ ဆေးလိပ်ပင်မကျန် သိမ်းယူထားလျက် ...ကရက်တစ်ဘူးပါသည်။

မီးခြစ်ကိုတော့ အချုပ်ခန်းထဲမှာ ကိုင်ခွင့်မရှိကြောင်း ပြော၍သိမ်းယူသွားသည်။

"ဆေးလိပ်သောက်ချင်ရင်တော့ အချုပ်ခန်းစောင့် ကိုပြောပါ၊ သူလုပ်ပေးပါလိမ့်မယ်"

အချုပ်သားတစ်ယောက်၏မလွတ်လပ်သော ဘဝကို စတင်တွေ့ထိလိုက်ရခြင်း။

သူ့အတွက် ရရှိလိုက်သည့်နေရာလေးတွင် အတ်နံ့ရုံကို ကျော်မှီ၍ ထိုင်လိုက်ရသည်။

အချုပ်ခန်းထဲ ဝင်လိုက်သည်နှင့် စိတ်ရောကိုယ်ပါ နွမ်းရိနွမ်းချိသွားသည်။

မလုပ်သင့်သည့်အမှားကို လုပ်လိုက်မိပြီဆိုသည့် အသိကခေါင်းထဲသို့ ပထမဆုံး တိုးဝင်လာသည်။

ဖိုးပိန်ကို နှုတ်ပိတ်ဖို့တခြားနည်းလမ်းတွေရှိပါလျက် ဘာလို့များ စိတ်လိုက်မာန်ပါ ကိုယ်တိုင်လုပ်လိုက်မိပါလိမ့်။

မှားသွားပြီကို သိပေမယ့် သည့်အမှားကို ပြင်ဖို့ အချိန်ကတော့နောက်ကျသွားပြီ။

သည်အမှုကို ဘူးခံပြီးငြင်းရမလား။ စခန်းမှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုဖြောင့်ချက်ပေးပြီး ဝန်ခံလိုက်ရမလား။

ဒါကိုမဝေခွဲနိုင်သလို အပိုင်အနိုင်လည်း မဆုံးဖြတ်နိုင်။

သူ့မှာ ငွေကြေးအပြည့်အစုံရှိသည်။

မကွေးမြို့က နာမည်အကြီးဆုံးရှေ့နေကြီးငှားရမ်းပြီးအမှုကို ရင်ဆိုင်ရင်ကော။

ညနေမချောလာမှာ သေချာသည်။

မချောလာရင် သူအားကိုးအားထားပြုသည့် ပုဂ္ဂိုလ်ကြီးထံလွှတ်ပြီး အမှုကိစ္စအတွက် အကူအညီတောင်းမည်။

ရှေ့နေနှင့် တွေ့ပြီးမှရှေ့ဆက်ရမည့်ကိစ္စကို ဆုံးဖြတ်တာကောင်းမည်ဟု တွက်နေလိုက်သည်။

စခန်းမှူးကြီးပြောသည့် အတိုင်းဆို လျှော့လွှတ်လမ်းမရှိ သက်သာရုံပဲသက်သာမည်။

ဒါကိုတော့ ဘဝင်မကျ။

ရှိသည့်စည်းစိမ်ပြုတ်ချင် ပြုတ်ပါစေ၊ လုံး၀ လွတ်မြောက်ရေးလမ်းကိုပဲရွေးပြီး ဦးတည်မည်ဟု ဆုံးဖြတ်လိုက်သည်။

မည်သို့ပင်ရှိစေ လောလောဆယ်တော့ အတွေး



ခဉ်ပေါင်းစုံနှင့် ရစ်ထွေးပြီး သောကမွေနေရပြီ။

အချုပ်ထဲမှာကလည်း သည်သို့။

အပြင်မှာက မချောခမျာဘယ်သွား၍ ဘာလုပ်ရမှန်းမသိဘဲ တရှုံ့ရှုံ့ငိုပြီးရင်ငိုရင်း အငိုမစဲဖြစ်နေရှာသည်။

ဖိုးပိန်သတ်မှုနှင့်မောင်မောင်စန်းအား ဖမ်းဆီးသွားသည့် သတင်းမှာ သူ့တို့ရပ်ကွက်ဝန်းကျင်တွင် ပြောမဆုံးပေါင်တောသုံးတောင်ဖြစ်ကြသည်။

ဟုတ်မှာပါဟု ပြောသူများလည်းရှိသည်။

မဖြစ်နိုင်ပါဘူးဟုပြောသူများလည်း အနည်းစုပါ။

ထိုသို့ ဤသို့ ပြောကြားသည့်အထဲတွင် မချောနှင့် ဖိုးပိန်မရှင်းမရှင်းဖြစ်လို့ဆိုတာမျိုးလည်း ပါသည်။

သူတို့နောက်ကြောင်းက ဘာတွေမရှင်းမရှင်းရှိခဲ့လို့လဲဟုဆိုသူများလည်းရှိသည်။ တစ်ယောက်တစ်ပေါက်ထင်ရာပြောကြဆိုကြသည်မှာ စည်းလွတ်ဝါးလွတ်ရှိကြပါဘိ။

လူရောက်မေးမြန်းပြီး အားပေးစကားပြောသူသုံးလေးဦးစရှိသည်။

အများစုကာမူ မသိလိုက်မသိတာသာပင် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်စန်းနှင့် လုပ်ဖော်ကိုင်ဖက် ပရိဘောဂလုပ်ငန်းအတွက် စပ်ဟပ်ရောင်းဝယ်ပေးသည့် ပွဲစားကိုအောင်သိန်းဆိုသူလည်းရောက်လာသည်။

သူက ညနေရဲစခန်းသွားတွေ့ဖို့ပြောသည်။

မချောက သူတစ်ယောက်တည်း မသွားတတ် မလာတတ်ကြောင်းပြောရာ၊ ကိုအောင်သိန်းက သူပါ လိုက်ခဲ့မည်ဟုပြော၍ စီးကရက်နှင့်စားစရာသောက်စရာ များဝယ်ရန်ထွက်သွားသည်။

မချောက မဖြီးနိုင် မလိမ်းနိုင်ဘဲ အဝတ်အစားလဲပြီးစောင့်နေရသည်။

ကိုအောင်သိန်း ပြန်ရောက်လာပြီးနောက် သူတို့ ဂျစ်ကားနှင့်ပင် ရဲစခန်းသို့ထွက်ခဲ့ကြသည်။

စခန်းမှူးက ကိုမောင်မောင်စန်းကို အချုပ်ထဲမှ ထုတ်ခိုင်းပြီး ရုံးခန်းထဲတွင် လွတ်လွတ်လပ်လပ်ပင် တွေ့ဆုံခွင့်ပေးသည်။

မောင်မောင်စန်းက သူအားကိုးအားထားပြုသော ပုဂ္ဂိုလ်ကြီးထံ စခန်းမှအပြန်သွားရောက်တွေ့ဆုံပြီး သူမှာလိုက်သည်များကို ပြောခိုင်းသည်။



ကိုအောင်သိန်းကိုလည်း သည်ရက်ပိုင်းအတွင်း အမှုကိစ္စနှင့်ပတ်သက်၍ အချိန်ပေးပြီး ကူညီဖို့နှင့် သုံးစွဲရမည့် ငွေကြေးကို မချောထံမှတောင်းယူရန် မချောရှေ့မှာပင်ပြောသည်။

မချောကိုတော့ လုပ်ငန်းလည်ပတ်မှုမရပ်ဖို့ အဓိကထားမှာသည်။

ဘယ်သူကမေးမေး ထင်ကြေးနှင့်စစ်ဆေး မေးမြန်းရန်ခေါ်ယူထားကြောင်း ပြောဖို့ပါမှာလိုက်သည်။

သူ့အတွက်စားစရာများကို ထုံးစံအတိုင်းစစ်ဆေးပြီးသူ့လက်ထဲသို့ ပေးအပ်လိုက်သည်။

ဝယ်လာသည့် စီးကရက်ဘူးများအနက် တချို့ကို ကိုအောင်သိန်းက ပေးသင့်ပေးထိုက်သူများအား ကိုယ်ထိလက်ရောက်မဟုတ်ဘဲ စားပွဲပေါ်တင်၍ ပေးခဲ့သည်။

ကိုအောင်သိန်းပါးပါးနပ်နပ်လုပ်တတ်သည်။

မောင်မောင်စန်းလွှတ်လိုက်သည့် ပုဂ္ဂိုလ်ကြီးဆီသွားတော့လည်း ဝယ်သင့်သည်များ ဝယ်ခြမ်းသွားသည်။

သို့တစေ အထင်နှင့်အမြင်မတည့်။

ပုဂ္ဂိုလ်ကြီးက သူတိုက်ရိုက်ဝင်လို့မဖြစ်ကြောင်း ပြောပြီးဖြစ်နိုင်သည့် နည်းလမ်းဖြင့်ကူညီမည့်အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ထမင်းရည်ပူလျှာလွှဲစကားဖြင့် နှစ်သိမ့်လိုက်သည်။

ရှေ့နေကိစ္စအတွက်ကတော့ ဘယ်သူဘယ်ဝါ ဆီသွားဖို့ ပြောပြီးလွတ်လိုက်သည်ဟု မပြောရန် မှာလိုက်သည်။

မချောကိုလည်း လျှာဖျားစကားလေးပြော လိုက်သည်။

မပူဖို့အကြောင်း။

ဒါကတော့ လောကဝတ်စကား။

အကြီးဆုံးမှုခင်းနှင့် အချုပ်ထဲသို့ပင် ရောက်နေ ပါလျက်မပူပါနှင့်ဆိုတော့လည်း. . . .

ကိုအောင်သိန်းက အားမလိုအားမရဖြစ်စေကာ မူ မချောပို၍ စိတ်အားငယ်စရာဖြစ်မည်မို့ သူ၏ရင်ထဲ တွင်ခံစားလိုက်ရသည့်အထိ ထုတ်မပြောတော့။

မောင်မောင်စန်းနှင့်တွေ့တော့မှပဲ ပြောတော့မည်ဟု

ရှေ့နေကြီးဆီရောက်သည်။

အမှုအပ်သည်။

အမှုသွားအမှုအလာကို ပြောပြသည်။

ရှေ့နေငှားရမ်းခ(ဝါ) ဥာဏ်ပူဇော်ခ၊

မျက်လုံးပြူးသည့် ငွေကြေးပမာဏ။



ထုံးစံနှုန်းထားပါတဲ့။

မချောနှင့်တိုင်ပင်ပြီး ခေါင်းညိတ်လိုက်ရသည်။

သည်အမှုမျိုးက တော်ရုံရှေ့နေကို ရှေ့မှာရပ်ခိုင်း ၍မဖြစ်။

ရှေ့မှာရပ်သူ မှုခင်းအတွေ့အကြုံရင့်ကျက်ပြီး ဥပဒေကိုထုံးလိုချေရေလိုနှောက်နိုင်သူဖြစ်မှ နောက်လူ သက်သာသည်။

တရားခံဆိုတာက နောက်မှနေရသည့်လူ။

သူကအလှည့်ရောက်ရင် အစစ်ခံရုံမှတစ်ပါး ပြောပိုင်ခွင့်မရှိ။

ရောဂါဖြစ်လျှင် ဆရာဝန်။

မှုခင်းဖြစ်လျှင် ရှေ့နေ။

မဆက်နွယ်မပတ်သက်လို့မရ။

ရိုးရိုးဆရာဝန်ထက် အထူးကုဆရာဝန်ဉာဏ်ပူ ဇော်ခနှုန်းက ပိုသည်။

နာမည်မရှိမရသေးသည့် ရှေ့နေထက်နာမည် ရပြီးရှေ့နေက ဉာဏ်ပူဇော်ခပိုသည်။

ရှေ့နေကြီးကို နက်ဖြန်ပထမအရစ် ဉာဏ်ပူဇော် ခပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးကလည်း နက်ဖြန်ပဲ တရားခံနှင့်တွေ့မည်

မှုခင်းတစ်ခုဖြစ်လာပြီဆိုရင် ကာယကံရှင်က

အနေဆင်းရဲ အစားဆင်းရဲသည့် အချုပ်ထဲတွင်

နေရစေကာမူ ငြိမ်သက်ခြင်းနှင့် ဆုံစည်းခွင့်ရကြသည်

အပြင်တွင် ကျန်ရစ်ခဲ့သူ မိသားစုမှာမူ ပြေးဟယ်

လွှားဟယ်တစ်ဖားဖားနှင့် မောကြော လမ်းကြောင်းပေါ်

မှာ ငြိမ်သက်ခြင်းနှင့် ဆုံစည်းခွင့်မရကြပေ။

ရောဂါဘယ ဖြစ်သည်မှာ သဘာဝသဘော၊

မှုခင်းဖြစ်သည်မှာ သဘာဝသဘောမဟုတ်

ကိုယ်ကကျူးလို့ နှူးညွှတ်ရသည်သာ။

ဒုက္ခန္တဲတွင်း မနစ်စေချင်ရင် ရှောင်ပါလေမှုခင်း

(၁၁)

ဂျာမနီလူမျိုး ဒုစရိုက်ခေါင်းဆောင်ကြီး

တစ်ယောက်က ဆိုဖူးသည်အဆိုရှိသည်။

"မှုခင်းကို ကျူးလွန်ရင် တစ်ယောက်တည်း

ကျူးလွန်ပါ။ နှစ်ယောက်သုံးယောက်အတွဲလိုက်ကျူးလွန်

ရင်အမှုပေါ်ရန် ကိုးဆယ်ရာခိုင်နှုန်း သေချာပါသည်"



ဦးမောင်မောင်စန်း ကျူးလွန်သည်မှာ

တစ်ယောက်တည်းပါ။

သို့စေကာမူ သူကျူးလွန်သည့်ပြစ်မှုကို

ဖော်ထုတ်မည့်ကွင်း ဆက်များမှာမူ တစ်ခုပြီးတစ်ခု

ဆပ်ဆင့်ပေါ်လာသည်။

ဝပ်ရှော့မှ ပိုက်လိုင်းကြိုးနှင့်ပေါက်ပြားရှာသည့်

ကိစ္စ။

သူ့မှာကားရှိသည်။

ကားကိုလည်း ကိုယ်တိုင်မောင်းသည်။

ကားဘီးပေါက်၍ ကားဘီးဖြုတ်လဲရန် ပိုက်

လိုင်းကြိုးငှားရမ်းရခြင်းဟု အကြောင်းပြသည်မှာ

သဘာဝယုတ္တိ မတန်သောအကြောင်းပြချက်ဟု မဆိုသာ။

မှုခင်းဖော်ထုတ်ရေးတာဝန်ရှိသူများက မဖြစ်နိုင်

သောအကြောင်းပြချက်ဟု ငြင်းလို့မရ။

သို့တစေ၊ ခရီးဝေးမောင်းနေသည့် ကားတိုင်းမှာ

ဘီးထောက်ချိုင့်နှင့်ဘီးဖြုတ်ကိရိယာများ ပါစမြဲရှိကြသည်

ကိုအကြောင်းပြနိုင်သည်။

ထားဘိတော့. . .

www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းသို့ ငွေတောင်းလွှတ်လိုက်သည့် မောင်ပိန်မှာ ထိုနေ့ကစ၍ သူနှင့်မတွေ့ပါဟု ငြင်းဆိုသည့် ထွက်ဆိုချက်ရှိသည်။

ဒါပေမယ် ဦးသိန်းလွင်က ပြန်လည်ရေးပေးလိုက်သည့်စာကို သူ့ကားထဲက တွေ့ရသည်။

ဒါကိုတော့ သူဘယ်လိုမှငြင်းလို့မရ။

သံသယမဟုတ်တော့။ အတိအကျစွပ်စွဲနိုင်သည်။

သူကတော့ မိုးရွာသည်ကို ထန်းလက်နှင့် ကာဆိုသလို၊ မရေမရာ မတိကျသော အကြောင်းပြချက်ဖြင့် ငြင်းသည်။

တရားရုံးရောက်ရင် ထိုငြင်းချက်မှာ ဘယ်လိုမှ တရားဝင်လိမ့်မည်မဟုတ်။

နောက်တစ်ခု ထပ်ပေါ်လာပြန်သည်။

သူ့ကိုဖမ်းပြီး နောက်တစ်နေ့။

အဝေးပြေးကားဂိတ်သို့ တာဝန်အရ အမြဲတမ်းသွားနေသည့် လူဆိုးထိန်းရဲသားချစ်မြကို စိန်မောင်ခေါ် ကုလားလေးက နှစ်ယောက်ချင်းတွေ့ပြီး မှုခင်းနှင့်ပတ်သက်သည့် အကြောင်းတစ်ခုကို တိုးတိုးတိတ်တိတ်



ပြောပြသည်။

စိန်မောင်ခေါ် ကုလားလေးမှာ မြန်မာလူမျိုးဖြစ်သော်လည်း အသားမည်းပြီး ကုလားဆင်ရုပ်ပေါက်နေသောကြောင့် ကုလားလေးလို့ပင် ခေါ်ကြသည်။

ကြာတော့လည်း မိဘပေးသည့်အမည်ပျောက်ပြီး ကုလားလေးအခေါ် အဝေါ် နာမည်သာထင်ကျန်နေသည်။

ကုလားလေးက လူဆိုးထိန်းကိုချစ်မြကို သည်သို့ ပြောပြခဲ့သည်။

မောင်ပိန်နှင့်ကုလားလေးတို့ သူငယ်ချင်းများ မဟုတ်သော်လည်း ကာလူးဆိုင်တွင် ညနေဘက်များ၌ ကာလူးဆိုင်တွင် ဆုံတွေ့စမြဲရှိကြသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းမိပြီး သိကျွမ်းနေကြသည်။

တွဲဖော်မဟုတ်သော်လည်း သောက်ဖော်။

ကုလားလေးက မကွေး၊ ရေနံချောင်းပြေးသည့် သူ၏ဘကြီးပိုင် ခရီးသည်တင်ကားတွင် စပါယ်ယာလုပ်နေသူဖြစ်၏။

"မောင်ပိန်သေဆုံးသည့်နေ့က သူတို့ကားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရေနံချောင်းသို့ လိုက်ပါခဲ့ကြောင်း၊ အပြန်တွင်လည်း သူတို့ကားနှင့်ပင်ပြန်လိုက်မည်ဟု ပြော၍နေရာချန်ထားရန်ပြောခဲ့ကြောင်း၊ ရေနံချောင်းရောက်ပြီး တစ်နာရီခန့်ပင် မကြာဘဲ သူပြန်ရောက်လာပြီး ငွေတောင်းဖို့လာတာ အဆင်မပြေသည့်အကြောင်းပြောပြီး ကျွန်တော့်ကိုပါ ထမင်းစားခေါ်သဖြင့် နှစ်ယောက်အတူထမင်းစားကြကြောင်း၊ သူကအရက် တစ်ပိုင်းမှာသောက်သော်လည်း ကျွန်တော်က ဘကြီးအဆူခံထိမှာကြောက်သောကြောင့် ထမင်းပဲစားပြီး အရက်မသောက်ခဲ့ကြောင်း၊ အပြန် ကျွန်တော်တို့ကားနှင့်လိုက်လာပြီး ဒေါင်းသေချောင်း အရောက်တွင် သူ၏ဆရာ ဦးမောင်မောင်စန်း၏ ဂျစ်ကားကိုတွေ့သဖြင့် ဆက်မလိုက်တော့ဘဲ ဆင်းနေခဲ့ကြောင်း၊ ညနေကျွန်တော်နှင့်ဆိုင်တွင် ဆုံကြမည်ဟု ပြောခဲ့သော်လည်းသူ ရောက်မလာကြောင်း၊ နောက်နှစ်ရက်ကြာမှ သူသေဆုံးသည်ကို သိခဲ့ရကြောင်း"

ကုလားလေးက သူသိသမျှကို ထိုသို့ပြောလာသောကြောင့် ကိုချစ်မြက ကုလားလေးကို စခန်းခေါ်ခဲ့သည်။

စခန်းမှူးကကုလားလေးပြန်ပြောပြသည်များ ကို



နားထောင်ပြီးနောက် မေးစရာရှိသည်များကို မေးသည်။

"မောင်စိန်မင်းတို့ ကားပေါ်က ဆင်းသွားတဲ့အချိန်မှာ ကိုမောင်မောင်စန်း သူ့ဂျစ်ကားပေါ်မှာ ထိုင်နေတာကို တွေ့သလား"

"မတွေ့ပါဘူး၊ သူဆင်းသွားတဲ့အချိန်မှာ ဂျစ်ကားပေါ်မှာဘယ်သူမှမရှိပါဘူး"

"ဒါဖြင့်သူတို့ဆရာတပည့်နှစ်ယောက် ဂျစ်ကားပေါ်မှာ အတူတူရှိနေတာကို မင်းမတွေ့ဘူးပေါ့"

"နောက်တော့တွေ့ပါတယ်"

"ဟာ. . . မင်းဟာက ရှုပ်ကုန်ပြီ၊ မတွေ့ဘူးလဲ ပြောတယ်၊ တွေ့တယ်လဲ ပြောတယ်၊ ငါတို့က ဘယ်ဟာကိုအတည်ယူရမှာလဲ"

ကျွန်တော်မပြောတတ်လို့ပါ ဆရာကြီး၊ ပထမ မတွေ့ပါဘူး၊ ကျွန်တော်တို့ကားထွက်ခါနီးမှာ တွေ့တာပါ

"ကဲ. . . ဆက်ပြောစမ်းပါဦး"

"ကျွန်တော်တို့ကားထွက်ခါနီး လှမ်းကြည့်တော့ သူတို့ ဆရာတပည့်နှစ်ယောက် ကားနားမှာရပ်ပြီး စကားပြောနေပါတယ်၊ နောက်ကျွန်တော်တို့ကားထွက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖိုးပိန်ကိုကားပေါ်တက်ထိုင်နေတာတွေ့ရပါတယ် သူ့ဆရာကိုတော့မတွေ့ပါဘူး”

“မင်းတို့ကား ထွက်လာပြီးတော့ လမ်းမှာရော သူတို့ကားနောက်ကျော်တက်သွားတာ တွေ့လား”

“ကျွန်တော်တို့မကွေးရောက်တဲ့အထိ မတွေ့ပါဘူး”

“ဟုတ်ပြီ . . . မင်းအခုငါတို့ပြောတဲ့အကြောင်းတွေ ဘယ်သူ့ကိုမှ မပြောနဲ့”

“ဟုတ်ကဲ့ မပြောပါဘူး”

“အေး . . . မင်းပြန်တော့ ဘယ်သူ့ကိုမှမပြောနဲ့နော်”

ကုလားလေးပြောပြသည်များကို ကိုအေးလွင်က ရေးမှတ်ယူပြီး လက်မှတ်ထိုးခိုင်းထားလိုက်သည်။

ကုလားလေးပြန်သွားသည်။

“ကဲ . . . မောင်အေးလွင် ခုကိစ္စမှာ တို့လစ်ဟင်သွားတာကို သတိထားလိုက်မိလား”

“ဘာကိုလဲ ဆရာ”

“မောင်စိန်ရေနံချောင်းကို ဘယ်ကားနဲ့သွားတယ်၊ ဘယ်ကားနဲ့ပြန်တယ်၊ သွားတာပြန်တာ



ဘယ်သူတွေ့လိုက်တယ်ဆိုတာ စုံစမ်းရမယ့်ကိစ္စတို့ လစ်ဟင်းသွားတယ်။ ခုကုလားလေးက သူ့အသိနဲ့ပြောတာ၊ အမှုအတွက် ဘယ်လောက်အထောက်အကူရသွားသလဲ၊ နောင်မင်းတို့ သတိထားဖို့ သတိပေးရတာ၊ တို့က အနားယူဖို့ အချိန်နီးနေပြီလေ”

“ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်”

“အေး . . . ခုကိစ္စနဲ့ ပတ်သက်ပြီး ကိုမောင်မောင်ခန်းကို စစ်ဆေးမေးမြန်းဖို့ မလိုဘူး၊ မြှုပ်ကွက်အဖြစ်နဲ့ ထားရမယ်။ တို့အတွက် ဝှက်ဖဲပေါ့ပေါ့ကွာ။”

တကယ်တော့ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် လည်းလူသားများသာဖြစ်ကြ၏။ လူတစ်ယောက်အား အပြစ်ပို၍ ကြီးစေလိုသော ဆန္ဒဖြင့် သိုင်းဝိုင်းချဲ့ကားခြင်း မဟုတ်။

လူသားချင်းစာနာထောက်ထားမှုက မရှိ၍လဲ မဟုတ်။

လုပ်ငန်းသဘောအရ အမှုမှန်ပေါ်ပေါက်ရေးနှင့် ကျူးလွန်သည့် ပြစ်မှုအတိုင်းအထားကို ပိုမိုကျခိုင်လုံစေရန် တာဝန်နှင့်ဝတ္တရားအရ လုပ်ဆောင်နေခြင်းဖြစ်လေသည်။

ပြစ်ဒဏ်ဘယ်၍ ဘယ်မျှဆိုသည်ကို ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



မည်မှာ တရားရုံးသာဖြစ်သည်။

စိန်မောင်ခေါ် ကုလားလေးပြောသွားသည့်အတိုင်းဆိုပါမူသူတို့ ဆရာတပည့်နှစ်ယောက် အတူပြန်လာသည်ကို ငြင်းကွယ်ရန် မထိရောက်တော့ပေ။

မောင်မောင်စန်း၏ထွက်ဆိုချက်တွင် ထိုနေ့က ဖိုးပိန်နှင့်သူတို့နောက်ထပ်မတွေ့ပါဟု ထွက်ဆိုထားသည်။

ရှေ့နေကြီး ဦးအောင်ဖေရဲစခန်းသို့ ရောက်လာပြီး မောင်မောင်စန်းနှင့်တွေ့၍ မေးမြန်းစရာရှိသည်ကို မေးမြန်းသွားသည်။

ဦးအောင်ဖေမှာ နာမည်ကြီးလွှတ်တော်ရှေ့နေ။

သူလိုက်သည့်အမှု အနိုင်များသည်ဟု နာမည်ကြီးသောပုဂ္ဂိုလ်ကြီး။

ရှေ့နေကြီးနှင့်မောင်မောင့်စန်းမတွေ့ခင် ပဲခူးသွားသည့် လူဆိုးထိန်း ကိုသိန်းမောင်ပြန်ရောက်လာ သည်။

ပဲခူးရဲတပ်ဖွဲ့ကအကူအညီဖြင့် မောင်ရှမ်းခေါ် မောင်မောင်စန်း၏ ပထမဇနီးအား စစ်မေးခဲ့ရာ ဖိုးပိန်ခေါ် ဖိုးစိန်အလစ်သုတ်လာသည့် ချိုင့်ကြီးအကြောင်း



ထုတ်ဖော်ပြောဆိုရုံမက ချိုင့်ကြီးကိုပါ ထုတ်ပေးခဲ့သည်။

ပစ္စည်းတွေဘယ်၍ဘယ်မျှ ပါသည်ကို သူလည်း မသိကြောင်း။

သုံးလလောက်အကြာတွင် မောင်ရှမ်း အလုပ်မှ နုတ်ထွက်ပြီးကျောက်တူးသွားမည်ဟု ပြောပြီးထွက်သွားကြောင်း။

သူတို့လင်မယားမှာ သဘောချင်းမတိုက်ဆိုင်သောကြောင့် သူလုပ်သည့်အလုပ်ကိစ္စများတွင် သူမကလည်း ဝင်မစွက်ကြောင်း။

သူလခနှင့် ရှာဖွေရသည်ကို သူဟာသူ သောက်စားသုံးဖြုန်းနေသောကြောင့် သူမကအိမ်အတွက် ဈေးရောင်းပြီးရှာဖွေခဲ့ရကြောင်း။

သူတို့ထွက်သွားပြီး တစ်နှစ်လောက်ကြာမှ စာရေးဆက်သွယ်ခဲ့ကြောင်း။

သူတို့ မန္တလေးနှင့်မိုးကုတ်ကို ကူးသန်း၍ ကျောက်အရောင်းအဝယ်လုပ်နေသည်မှာ အတော်ကလေးအဆင်ပြေလာပြီဖြစ်သည့်အတွက် အိမ်အတွက် ငွေပို့ပေးမည့်အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြောင်း ဘယ်သူလာမေးမေး၊ မန္တလေး မှာနေထိုင်ပြီး ကျောက်အရောင်းအဝယ် လုပ်နေကြောင်း ပြောဖို့စာထဲတွင် ပါလာကြောင်း။

လွန်ခဲ့သည့် နှစ်လလောက်က ဖိုးပိန်ရောက် လာပြီး မကြာခင်ကိုရှမ်းလည်း ပဲခူးကိုရောက်လာပြီး အိမ်မှာ တစ်ညနေထိုင်ပြီး အိမ်ပြင်ရန်ကိုစွသုံးထောင် ပေး၍ပြန်သွားကြောင်း။

မငြိမ်းက သို့ကလိုအစစ်ခံခဲ့သည်များကို လူဆိုး ထိန်း ကိုသိန်းမောင်က စခန်းမှူးကြီးက မောင်မောင်စန်း အားမေးမြန်းစစ်ဆေးခဲ့သည်။

သူ၏အစစ်ခံချက်မှာ ဝေ့လည်ကြောင်ပတ် အပြောအဆိုများဖြင့် ဘူးကွယ်ငြင်းဆိုသွားသည်။

ချိုင့်ကို ဖိုးစန်အလစ်သုတ်လာသည်မှာ မှန်သော် လည်းချိုင့်ထဲတွင် စိန်ရွှေရတနာများ ပါလာသည်ဆိုသည် မှာ လုံးဝမဟုတ်ကြောင်း။

ဖိုးစိန်က ချိုင့်ကို သူ၏အိမ်သို့ တိုက်ရိုက်ယူလာ ခြင်းမဟုတ်ကြောင်း၊ သူအလုပ်တာဝန်ကျသည် သစ်တောဂိတ်သို့ယူလာခြင်းသာဖြစ်ကြောင်း။



ချိုင့်ကို သူဟာသူဖွင့်ပြီး ထမင်းတွေဟင်းတွေ အများကြီးပါလာကြောင်းပြော၍ အိမ်ကျမှ အားလုံး ဝိုင်းစားမည်ပြောပြီး သူ့ဟာသူယူသွားခြင်းဖြစ်ကြောင်း။

သူပဲခူးသစ်တောဂိတ်တွင် တာဝန်ကျနေစဉ် ပျဉ်းမနား-တောင်ငူမှ ဝင်လာသည့် သစ်ကားများကို နားလည်မှုယူပြီး အဆင်ပြေအောင်လုပ်ပေးတဲ့အတွက် ကားတစ်စီးကို တစ်ရာစနှစ်ရာစ ပေးသွားသည်များကို စုဆောင်းထားခဲ့ကြောင်း။

အိမ်ပြင်ဖို့အကြောင်းပြပြီး သစ်တိုသစ်စများကို တောင်းယူ၍ ရောင်းပြီးငွေစုခဲ့ကြောင်း။

ထိုစဉ် ရရှိစုဆောင်းထားသည့်ငွေကြေးကို အရင်းပြု၍ မကွေးတွင်ရှိသော သစ်တောဌာနမှ မိတ်ဆွေများအကူအညီဖြင့် လုပ်ငန်းစတင်ခဲ့ရကြောင်း။

သူ၏ကြိုးစားမှုနှင့် မချောတို့အဖေနှင့် တွဲလုပ်ခဲ့ရ သည်မှခုလို လုပ်ငန်းတိုးတက်ခဲ့ရကြောင်း။

ရွှေတွေငွေတွေ အလုံးအခဲရသောကြောင့် လုပ်ငန်းထူထောင်ခဲ့ခြင်းမဟုတ်ကြောင်း ယုတ္တိယုတ္တ အလှည့်အပတ်အပြောများဖြင့် မောင်ပိန်အလစ်သုတ်

www.burmeseclassic.com

www.burmeseclassic.com



လာသည့် ထမင်းချိုင့်ကြီးကိစ္စကို အစမထွက်အောင် အစသိမ်းထွက်ဆိုချက်ဖြင့် အစစ်ခံခဲ့သည်။

ရှိပါစေ။

ထိုကိစ္စကို ဖော်နိုင်မည့်မောင်ပိန်ခေါ် မောင်စိန် မှာ နှုတ်ပိတ်ခံလိုက်ရပြီ။

မြေကြီးထဲသို့ရောက်သွားခဲ့ပြီ။

လက်ရှိမကွေးတွင် ဖြစ်သွားသည့်လူသတ်မှုနှင့် လူသတ်မှုတရားခံဖော်ထုတ်ရေးကိုသာ အဓိက ဦးတည်ချက်ထား၍ လုပ်ရတော့မည်သာဖြစ်ပေသည်။

မောင်မောင်စန်းကို လူသတ်တရားခံအဖြစ် ရုံးတင်တရားစွဲဆိုရန် အချက်အလက်များ၊ ခိုင်လုံသော အထောက်အထားများ၊ တိကျစွာထွက်ဆို အစစ်ခံပေး လိုပြသက်သေများ ပြည့်စုံနေပြီဖြစ်သောကြောင့် ရုံးတော်ကို တရားစွဲဆို တင်ပို့ရတော့မည်ဖြစ်၏။

ထို့ကြောင့် စခန်းမှူးကြီးက ဖြောင့်ချက်ပေးလို မပေးလိုသူ၏ သဘောထားဆန္ဒကို မေးမြန်းခဲ့သည်။

သူက ဖြောင့်ချက်မပေးလိုပါဟု ပြောခဲ့သည်။

ရွှေနေကြီးနှင့်တွေ့ပြီးကတည်းက သည်အခြေ



ထွက်လာလိမ့်မည်ဟုမျှော်လင့်ပြီးသား။

"ကျွန်တော် ကိုမောင်မောင်စန်းကို နောက်ဆုံး အနေနဲ့ မိတ်ဆွေလိုသဘောထားပြီး ပြောစရာရှိတာပြော မယ်၊ အတင်းအကျပ်တိုက်တွန်းပြီး ပြောနေတာလို့တော့ မထင်စေချင်ဘူး၊ ရှင်းရှင်းပြောရရင် ခင်ဗျားကို အမှုစွဲတင် ဖို့အချက်အလက်အပြည့်အစုံရှိနေပြီ၊ လိုပြသက်သေတွေ လဲ ရှိနေပြီ၊ ခင်ဗျားမသိသေးတဲ့ အကြောင်းနဲ့ လိုပြ သက်သေလဲရှိထားပြီးပြီ၊ ဖြောင့်ချက်ပေးရန်တော့ တရားရုံးတော်က စဉ်းစားမယ်၊ သက်ညှာခွင့်ကို ခင်ဗျား ရမယ်၊ နို့မဟုတ်ရင်တော့ ခင်ဗျားအတွက်မလွယ်ဘူး၊ ထပ်ပြီး စဉ်းစားပေါ့ဗျာ"

အမှုတစ်ခု(ဝါ) မှုခင်းတစ်ရပ် ဖြစ်လာရင် ရှေ့နေ နှင့်သက်သေဟူသည် ပါရစမြဲ။

တရားလိုရှေ့နေ။

လိုပြသက်သေ။

တရားခံရှေ့နေ။

ခံပြသက်သေ။

တရားခွင်၌ သက်သေကို ချာချာလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်သူ၊ သက်သေထွက်ဆိုချက်ကို ကမောက်ကမ ဖြစ်သွားအောင်၊ လှန်ထားသည့်လက်ကို မှောက်သွားအောင် မှောက်ထားသည့်လက်ကို လှန်သွားအောင်လုပ်နိုင်သူမှာ ရှေ့နေ။

တရားခွင်မှာ သူမပါမပြီးသည့် ရှေ့နေကိုငှားရာတွင်အမှုနိုင်ချေမရှိ၍ အမှုကိုလက်မခံနိုင်ပါဟု ပြောသူ ရှေ့နေဟူ၍ ရှိအံ့မထင်။

ခက်ခက်ခဲခဲလုပ်ရမည်။ ဒါပေမယ့် ကျုပ်တစ်ယောက်လုံးရှိသည်။ သည်အမှုမျိုးတွေ လိုက်ခဲ့ပေါင်းများပြီ၊ စိတ်အေးလက်အေးနေပါဟုပြောသူ ရှေ့နေမှာ ရာနှုန်းပြည့်ရှိသည်။

မျက်မြင်သက်သေမရှိဘူး၊ ဖြောင့်ချက်မပေးနဲ့၊ ကျုပ်တစ်ယောက်လုံးရှိတယ်။ အောက်ရုံးမှ ခြေချော်လက်ချော်ဖြစ်ရင်တောင် အထက်ရုံးကျ နိုင်ကိုနိုင်ရမယ်။

ထိုသို့ ပြောလေ့ရှိကြသည်။

မောင်မောင်စန်းက ထိုအမှုကိုသူမကျူးလွန်သည့်အတွက်ဖြောင့်ချက်မပေးနိုင်ပါဟူ၍ သူ၏သဘောထားကို ထုတ်ဖော်ပြောဆိုခဲ့သည်။



အမှုတင်လိုက်ရပြီ။

တရားခွင်အခြေအနေမှာ . . .။

(၁၂)

သူ့အား ရဲအချုပ်စခန်းမှ ထောင်ထဲသို့ ပြောင်းရွှေ့ ပို့လိုက်သည်။

ရဲအချုပ်မှာ အနေဆင်းရဲပေမယ့်အစားမဆင်းရဲ။

ထောင်ထဲမှာတော့ အနေရော အစားရော ဆင်းရဲကျပ်တည်းသည်။

ရေသောက်၊ အပေါ့အလေးသွားသည်က အစ၊ အိပ်ချိန်အထိ ပုံစံနှင့်တွဲစပ်နေရသည်။

ပုံစံဆိုသည်မှာ ထောင်ဝေါဟာရ။

အမြင်ဝေါဟာရက စည်းကမ်း။

စည်းကမ်းမှာ လျော့လျော့ပေါ့ပေါ့စည်းကမ်းမဟုတ်။

တင်းတင်းကျပ်ကျပ်စည်းကမ်း။

စည်းကမ်းဖောက်လို့တော့ လူပါပျောက်သွားမည်ဆိုသည့်စည်းကမ်းမျိုး။

မောင်မောင်စန်း အကြီးအကျယ်စိတ်ဓာတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လို တစ်ခေါက်တလေ ရောက်လာသူများ၏အတွေ့အကြုံမှာ စိတ်ဓာတ်ကျစရာချည်း။

အမြဲတမ်းအဝင်အထွက်လုပ်နေရစမြဲရှိသည့်ထောင်အထာကျွန်းပြီးသား နေကျင့်ရှိပြီးသားသမားများသည်ပင် စိတ်ဓာတ်ကျမလွတ်။

ထောင်ထဲတွင် စိတ်ရောဂါသုံးမျိုးရှိသည်။

စိတ်ကျရောဂါ။

စိတ်ကြွရောဂါ။

ဆောက်တည်ရာမရအောင် ခံစားရသောစိတ်ကျရောဂါ။

စိတ်ကျရောဂါမှာ အကျဉ်း၏နေ့များ ပြီးဆုံးလွန်မြောက်ရန် ရက်ပိုင်းမျှသာလိုသူများ။

ကြိုးတိုက်ထဲရောက်သူများမှာမူ ဆောက်တည်ရာမရအောင် စိတ်ကျရောဂါခံစားရသည်။

သူတို့ကသေမင်းနှင့် လက်တစ်ကမ်းအလိုသို့ရောက်နေသူများ။

ရာကြီးအမှုအမှတ် ( . . . )

ခိုးရာပါပစ္စည်းအား လက်ခံ၍ ထုခွဲရာတွင်ပူးပေါင်းကြံစည်မှု။



လူသတ်မှု။

အလောင်းဖျောက်မှု။

စခန်းမှူး၏ ထွက်ဆိုချက်မှာ တိကျခိုင်မာ၍အထောက်အထားပြည့်စုံသည်။ ဖွဲ့စပ်သေချာသည်။

လိုပြသက်သေများ၏ ထွက်ဆိုချက်မှာအရှိအတိုင်း၊ အဖြစ်အပျက်အတိုင်း၊ အသိ၊ အမြင်၊ အတွေ့အပေါ် အခြေခံ၍ အပိုမဖက် လိုရင်းအချက်များကိုထိထိမိမိထွက်ဆိုသွားကြသည်။

သံကြိုးကွင်းဆက်ပမာသို့ တစ်ကွင်းနှင့်တစ်ကွင်းအချိတ်အဆက်မိသည်။ ခိုင်တည်သည်။

တရားခံရှေ့နေကြီးမှာ ဥပဒေရေးရာ စီရင်ထုံးများနှင့်ကျွမ်းဝင်၍ တရားရုံးအတွေ့အကြုံရင့်ကျက်မှုရှိသည့်အလျှောက်လိုပြသက်သေများအား ဘယ်ချောက်ညာလှမ်း၊ အလှည့်အပတ်အကွေ့အဝိုက်မေးခွန်းအသွယ်သွယ်ကို ပုံစံအမျိုးမျိုးပြောင်း၍ မေးမြန်းခဲ့သည်။

တွေဝေယိမ်းယိုင်သွားအောင် ဘက်ပြောင်းမေးခွန်းအမျိုးမျိုးဖြင့် နွှဲခဲ့သည်။

ယိမ်းရော် တိမ်းချော် သွားစေမည့် အဖြေတွက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားခဲ့သော်လည်း လိုချင်သည့်အကွက် ဝင်မလာခဲ့။

လိုပြသက်သေများမှာ ဖန်းတီးထားသော သင်ပေးထားသော ပုံသွင်းထားသော သက်သေများ မဟုတ်ကြ။

သူတို့အသိအမြင်တွေကို အသိအမြင် အတွေ့ အတိုင်းရိုးရိုးစင်းစင်း သက်သေခံထွက်ဆိုခဲ့ကြရာ တရားခံရှေ့နေကြီး၏ အလှည့်အပတ်၊ အကွေ့အဝိုက် မေးခွန်းများမှာ အရာမထင်ခဲ့ပါပေ။

တရားခံရှေ့နေကြီးက ဒေါကန်ပြီးသက်သေများ ကို ငေါက်လားငန်းလားလုပ်သည်အထိ ဖြစ်သွားသော ကြောင့် အစိုးရရှေ့နေကြီး ထပြီးကန့်ကွက်ရသည်။

တရားစီရင်ရေးအဖွဲ့၏ သတိပေးခြင်းကို ခံရသည်အထိဖြစ်သွားသည်။

လိုပြသက်သေများတွင် အကြံအဖန်သက်သေမပါ။

အမှန်အကန် သက်သေတွေချည်း။

တရားခံပြသက်သေများမှာ အမှန်အကန်ထက် အကြံအဖန်ထိုး သက်သေများသည်။



သူတို့၏ ထွက်ဆိုအစစ်ခံချက်များမှာ သင်ပေး ထားသည်ကိုပင် ဖြောင့်ဖြောင့်တန်းတန်း မထွက်ဆိုနိုင်ကြ။

ရှေ့နောက်မညီ အလွဲလွဲအချော်ချော်ဖြစ်ကုန် ကြသည်။

နှစ်ဖက်သက်သေထွက်ချက်၊ နှစ်ဖက်ရှေ့နေကြီး များ၏ လျှောက်လဲချက်များကို ကြားနာပြီးနောက် တရားခံမောင်ရှမ်းခေါ် မောင်မောင်စန်းအား ရာဇသတ် ကြီး ပုဒ်မ ၃၀၂(က) အရ စွဲချက်တင်လိုက်သည်။

ဆက်လက်စစ်ဆေးစရာရှိသည်များကို စစ်ဆေး၍နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်များကို ကြားနာပြီးသွားခဲ့လေပြီ။

ကျန်သည့်အပိုင်းမှာ စီရင်ချက်ချမှတ်ရန်။

××××××××××××××

(၁၃)

စီရင်ချက်ချမည့်နေ့။

မောင်မောင်စန်းမှာ အမှုအခြေအနေမဟန်တော့ ပြီကို တွက်ဆမိထားသည့်အလျှောက် တရားခွင်ကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းကညှိုးငယ်သော၊ နောင်တရိပ်ထင်သော မျက်နှာဖြင့် ခေါင်းငိုက်စိုက်ချထားသည်။

ခေါင်းငုံ့ထားသည့်ပုံစံမဟုတ်။

အရုပ်ကြိုးပြတ် ခေါင်းငိုက်စိုက်ကျနေသည့် ပုံစံ။

ရာဇသတ်ကြီး(ပြစ်မှုဆိုင်ရာ) အမှုအမှတ်( . . . )။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးရှမ်း(ခေါ်) ဦးမောင်မောင်စန်းအမှု။

**သုံးသပ်ချက်။**

* ဤအမှုတွင် တရားလိုဘက်နှင့် တရားခံဘက်များမှတင်သွင်းလာသော သက်သေများ၊ သက်သေခံပစ္စည်းများ၊ အထောက်အထားများ၊ နှစ်ဖက်သက်သေများနှင့် တရာခံအားစစ်ဆေးခြင်း၊ နှစ်ဖက်ရှေ့နေကြီးများ၏ လျှောက်လဲချက်ကို ကြားနာပြီးနောက် ချိုင့်၍ အောက်ပါအတိုင်းသုံးသပ်တွေ့ရှိရပေသည်။

* ဤအမှုဖြစ်ခြင်း အကြောင်းခံမှာ သေသူမောင်ပိန်ခေါ် မောင်စိန်က ရတနာပစ္စည်းများပါ သော ထမင်းချိုင့်ကို အလစ်သုတ်ခဲ့ရာမှ တရားခံက ပါဝင်ပတ်သက်ခဲ့ရာမှ မှုခင်းဖြစ်ရပ်အခြေခံကို



တင်ခဲ့ခြင်းဖြစ်ပေသည်။

* တရားခံ၏ ပထမဇနီးဖြစ်သူ မငြိမ်းက အလစ်သုတ်လာသည့် သက်သေခံချိုင့်ကြီးကို ထုတ်ပေး၍ အစစ်ခံချက်အရ၊ တရားခံသည် ယင်းအမှုတွင် ကိုယ်တိုင်မကျူးလွန်သော်လည်း ပါဝင်ပတ်သက်ခဲ့ကြောင်းထင်ရှားသည်။

* ထမင်းချိုင့်ထဲတွင်ပါသော ပစ္စည်းများကို တရားခံကလက်ဝယ်ရရှိပြီးနောက် မှုခင်းဖြစ်ရပ်ကို ခြေရာဖျောက်ရန်အတွက် သေသူမောင်ပိန်ခေါ် မောင်စိန်ကိုပါ ခေါ်၍မကွေးသို့ထွက်ခဲ့ပြီးနောက် လုပ်ငန်းအခြေချခဲ့သည်မှာလည်း ထင်ရှားသည်။

* ထိုအကြောင်းချင်းရာကိစ္စရပ်များကို သေဆုံးသူကပဲခူးမှာသူငယ်ချင်း ဆိုက်ကားနင်းသူမောင်မြကြီးအား သောက်စားမူးယစ်ရာပြန်လည်ပြောပြခဲ့ရာမှ လိုပြသက်သေမြကြီး၏ ထွက်ဆိုချက်အရ ပေါ်လွင်သည်ဟု လက်ခံယူဆရမည်ဖြစ်ပေသည်။

* သေဆုံးသူမှာ မူးလာလျှင်နှုတ်မထိန်းဘဲ ပါးစပ်ဗွာသူဖြစ်သည့်အလျောက် ကြာလျှင်တစ်နေ့နေ့၌ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ဇာတိဇစ်မြစ်အကြောင်းပေါ်လာမည်ကို စိုးရိမ်ကြောင့်ကြ
ဖြစ်လာသည့်အလျှောက် သေသူအား အပြီးအပိုင်နှု
ပိတ်ပစ်မှုဖြစ်တော့မည်ဟု ဆုံးဖြတ်ခဲ့သည်မှာလည်း
ဖြစ်နိုင်ဖွယ်ရာ သဘာဝယုတ္တိရှိကြောင်း သုံးသပ်ရမည်သာ
ဖြစ်ပေသည်။

* အချင်းဖြစ်သည့်နေ့က တရားခံသည် သေသူ
အား ရေနံချောင်းသို့ ငွေတောင်းလွှတ်ခဲ့ကြောင်း ငြင်း
ခြင်းမရှိပေ။ ပြစ်မှုကို ကျူးလွန်ရန် ဤသို့မှစတင်ခဲ့ခြ
ဖြစ်ပေသည်။ သေသူအား ရေနံချောင်းသို့ စေလွှတ်ရာတွ
အလုပ်ရုံရှိအလုပ်သမားများရှေ့မှောက်တွင် ပြောဆိုပြီး
စေလွှတ်ခဲ့ခြင်းမှာ အမှုအခင်းဖြစ်ပွားမှုတွင် အ
အကွယ်ယူနိုင်ရန် သက်သေထူခဲ့ခြင်းဟု ကောက်ချက်
မည်လည်းဖြစ်လေသည်။

* "တရားခံသည်ရေနံချောင်းဘက်ဆီသို့မသွား
ပါ။ သေသူနှင့်လည်း နောက်ထပ်မတွေ့ခဲ့ပါဟု ထွက်
ခဲ့သော်လည်း သက်သေ(၄)၏ မျက်မြင်ထွက်ဆိုချက်
ချေဖျက်နိုင်ခြင်းမရှိပေ"

လိုပြသက်သေ(၄) စိန်မောင်ခေါ် ကုလားလေး၏ မျက်
ထွက်ဆိုချက်အရ သေသူနှင့်တရားခံတို့ ဒေါင်းသေ



ချောင်းတွင် တွေ့ဆုံကြောင်း ထင်ရှားပေါ်လွင်သည်။

"ဒေါင်းသေချောင်းမှ သေသူနှင့်တရားခံတို့အတူပြန်လာ
ကြမည်မှာ သေချာသည်ဟု ဆိုရန်မှတစ်ပါး
အခြားမရှိပေ။ လိုပြသက်သေ(၄)၏ ထွက်ဆိုချက်မှာ
ခိုင်မာသည့်အထောက်အထားပြည့်စုံသည်ဟု ဆိုရမည်
သာ ဖြစ်ပေသည်"

"လိုပြသက်သေ(၃) ဝပ်ရှော့ဆရာ ဦးသာရင်၏
ထွက်ဆိုချက်အရ အသွားတွင် သူ့ထံသို့ဝင်၍ ပိုက်လိုင်း
ကျူးပွားခြင်း၊ အပြန်တွင်ကားဗွက်နစ်နေ၍ဟု အကြောင်း
ပြပြီး ပေါက်ပြားငှားရမ်းခြင်းတို့မှာ မသင်္ကာဖွယ်ရာ
အပြုအမူများဖြစ်၍ ဖြစ်ပွားမှုခင်းနှင့် ဆက်နွှယ်
ပတ်သက်မှုရှိကြောင်းမှာလည်း ထင်ရှားသည်။ ထိုသို့
သေမှုသေခင်းဖြစ်ပွားပြီးနောက် ရဲက ဦးသာရင်
ထံလာရောက်မေးမြန်းခြင်းရှိမရှိနှင့် ဘာတွေမေးမြန်းသွား
သလဲဟု စုံစမ်းခြင်းမှာ ပြစ်မှုကျူးလွန်သူတစ်ယောက်ရဲ့
မလုံမလဲဖြစ်ပေါ်ခြင်းဟု ကောက်ချက်ဆွဲရမည်သာ
ဖြစ်ပေသည်။

"လိုပြသက်သေ(၅) ဆရာဝန်၏ထွက်ဆိုချက်တွင်
သေဆုံးသူသည် တုံး၍ လေးလံသောပစ္စည်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို ပြင်းထန်စွာရိုက်နှက်ခံရကြောင်း ဦးခေါင်းခွံကွဲအက်ပြီး ဦးနှောက်သွေးယိုစီးမှုဒဏ်ရာ ဖြင့် သေဆုံးရသည်ဟု ထွက်ဆိုသွားခဲ့ရာ လိုပြ သက်သေ(၃) ဦးသာရင်ထံမှ ပိုက်လိုင်းကြိုးငှားရမ်း သွားခြင်းနှင့် ဆက်စပ်ကြည့်ရမည်ဖြစ်ရာ တုံး၍ လေးလံသော ပိုက်လိုင်းကြိုး နှင့် ရိုက်သတ်ခြင်းဟု ကောက်ချက်ဆွဲရမည်သာ ဖြစ်လေသည်။

* အမှုစစ်အရာရှိနှင့် စခန်းမှူးတို့မှ တင်ပြ သော ရေနံချောင်း ဦးသိန်းလွင်ထံမှ သေသူနှင့်ပေး လိုက်သော ပြန်စာကို တရားခံ၏ ဂျစ်ကားဒက်(စ်) ဘုတ်းအတွင်း တွေ့ရှိရခြင်းသည် အခင်းဖြစ်မှုခင်း ကို ကျူးလွန်ကြောင်း မည်သို့မျှ ငြင်းချက်မထုတ်နိုင် သောအထောက်အထားဖြစ်သည့် အားလျော်စွာ အခင်းဖြစ်မှုခင်းဖြစ်မှုကို ကျူးလွန်ကြောင်းထင်ရှား သဖြင့် . . . ။

xxxxxxxx

မနက်အာရုဏ်တက်ချိန်။



ဒုတိယဇနီးသည်မချောက. . . .

ဘုရားတွင် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ တပ်လှူ၍ ကြေးစည်သုံးချက်ထုပြီး အမျှပေးဝေလိုက်သည့် အသံကို ကြိုးစင်ပေါ်က သူကြားနိုင်ပါ့မလား. . . ။

xxxxx

ကြိုးတိုက်။

ကြိုးမိန့်ချမှတ်ခံရသော တရားခံများနေထိုင်ရ သည့်နေရာ။

ကြိုးသမားများမှာ ခုနစ်ပေ၊ ဆယ်ပေခန့် အခန်း လေးထဲမှာ တစ်ယောက်တည်းနေရသည်။

ကြိုးတိုက်တွင် အခန်းကများပြီး ကြိုးသမားက နည်းသောကြောင့် အခန်းချင်းကပ်လျက်၊ မျက်နှာချင်း ဆိုင် အခန်းများတွင် ထားလေ့မရှိ။

ကြိုးတိုက်သည် အလင်းရောင်အားထက် အမှောင်ရိပ်ပို၍ လွှမ်းထင်သည့်နေရာ။

ကြိုးတိုက်ထဲ ရောက်နေသူများမှာ အပြင်းထန် ဆုံးသော စိတ်ဆင်းရဲမှုနှင့် သောကဗျာပါဒပေါင်းစုံကို ခံစားရသူများဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်နွမ်း၍ ကိုယ်ပန်းနေသူများဖြစ်သည့် အလျှောက် အပြုံးရိပ်မသန်းနိုင်သလို ကြောင့်ကြစိုးရိမ်စိတ်များနှင့် တွဲစပ်နေရသူများဖြစ်၏။

နေ့ဘက်ထက်ညဘက်တွင် ချောက်ချား၊ တုန်လှုပ်၊ ကြောက်ရွံ့စိတ် ပို၍ ခံစားရစမြဲရှိကြသည်။

တစ်နေကုန် တစ်နေခန်း၊ တစ်ငူငူ တစ်ငိုင်ငိုင်၊ တစ်ပိန်ပိန် တစ်လိမ်လိမ်နှင့် အနိုင်ထက်အရှုံးဘက်သို့ ပို၍ အလေးသာသော အယူခံအမိန့်ကို စောင့်ရင်းပူဆွေးဗျာပါဒသောကလေပွေနှင့် ရစ်ထွေးနေရစမြဲရှိကြသူများ ဖြစ်၏။

ပြန်လမ်းမဝေးတော့ပြီကို သိနေခြင်းနှင့်အတူ ညအိပ်ချိန်များတွင် အိမ်မက်ဆိုးများ ခြောက်လှန့်ခြင်းကို အမြဲတစေခံစားနေရသူများ ဖြစ်၏။

ကြိုးကွင်း အရိပ်မည်းကြီး မျက်ဝန်းထဲတွင် ပေါ်လာပြီဆိုမှဖြင့် . . .

မိမိဘယ်နေ့ ဘယ်အချိန် ဘယ်သောကာလတွင် ဘယ်လို ဝေဒနာ မျိုးနှင့် သေဆုံးရမည်ကို လူသားတိုင်းမသိကြ။



အယူခံရှုံး၊ သမ္မတ အသနားခံစာ ပယ်ချခံပြီးသည့် ကြိုးသမား တစ်ယောက်မှာမူ . . . . ။

ဘယ်နေ့ဘယ်အချိန်တွင် ကြိုးစင်ပေါ်မှာ ဘယ်လိုအနေအထားမျိုး နှင့်ဇီဝိန်ချုပ်ရမည်ကို ကြိုတင်သိနေကြရာ . . .

ကြိုးစင်ပေါ်တက်ရခင် တစ်နေ့အရင် သတ်လတ် သရဏဂုံ အတင်ခံရ သည့်နောက်။

မနက်အာရုဏ်တက်ချိန်တွင် . . . .

"ဇာတိတံ၊ ပါတံ၊ ဇာနေထိ" ဟူသော အကျိုးပေးကို ခံရတော့ မည်မို့"

ဘယ်လိုခံစားမှုမျိုးကို ထိုတစ်ညတာကို ကျွန်မြောက်အောင်။

* * * * *

အသတ်ခံရသူက မိနစ်နာရီပိုင်းအတွင်း ဝေဒနာဆိုးကို ခံစားရပြီး ဇီဝိန်ချုပ်ကြသည်။

သတ်သူ၏အလှည့်တွင် . . . . .

ရက်ပေါင်းလပေါင်းများစွာ သောကဗျာဒများနှင့် ရင်ထွေးပြီး ကြိုးစင်ပေါ်မှာ ဝေဒနာဆိုးကိုခံစားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖိဝိန်ချုပ်ကြရသည်။

အသတ်ခံရသူနှင့် သတ်သူ။ ဘယ်သူ၏ခံစားမှုက ပို၍ပြင်းထန်လိမ့်မည်ကို သတိကပ်၍ ဆင်ခြင်နိုင်ကြပါစေဟု ဆန္ဒပြုလျက်. . . . .။

BURMESE CLASSIC .com

* * * * * * * *

(နားကြပါဦးစို့)

(ကျော်မြသန်း)

www.burmeseclassic.com